
www.burmeseclassic.com



www.burmeseclassic.com

ကိုငြိမ်းဦး

BURMESE CLASSIC .com

# ယောကျာ်းမစစ်

# လာမချစ်နဲ့

တော်ဝင်မြို့မစာအုပ်တိုက်
အမှတ်(၈၈)၊ ဒုထပ်(ယာ)၊ ၃၈-လမ်း၊
ဖုန်း -၂၄၅၂၈၄၊ ၃၇၉၄၈၇

www.burmeseclassic.com

www.burmeseclassic.com



## ပုံနှိပ်မှတ်တမ်း

ကိုငြိမ်းဦး၏ စာအုပ်အမှတ်စဉ် (၁၇)

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၁၁၃၀၈၀၁၂၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၁၁၁၃၀၁၁၀၉ |

| | | |
|---|---|---|
| အဖုံး ဒီဇိုင်း | - | ထူးဇော်သစ် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းနိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ၃၁လမ်း(ယာ)၊ ၃၇လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးလှိုင်ဝင်းနိုး (တော်ဝင်မြို့မပုံနှိပ်တိုက်) |
| | | (၃၀-ခ)၊ သာယာကုန်းလမ်း ပုဇွန်တောင်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၉ခုနှစ်၊ မတ်လ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |

## (၁)

အခန်းထဲမှာ ဖွင့်ထားသော လေအေးပေးစက်မှာ အေးမြလွန်းသဖြင့် ငွေစင်ဟန်သည် ကိုယ်ကလေးကို ကျုံ့ကျုံ့လေးလုပ်ထားရင်းက သူမ၏ရှေ့ကစားပွဲ၏နောက်ရှိ ဆုံလည်ကုလားထိုင်ပေါ်က လူကြီးကို အကဲခတ်လိုက်မိသည်။ ဤလူကြီးသည် သူမတို့ ကုမ္ပဏီ၏ ပိုင်ရှင်ဦးကျော်ဇေယျပင်ဖြစ်ပါသည်။ ခါတိုင်းဆိုလျှင် ဦးကျော်ဇေယျသည် ယခုကဲ့သို့ သူ၏လက်အောက်ငယ်သားဝန်ထမ်းတွေကို တိုက်ရိုက်ခေါ်ယူတွေ့ဆုံလေ့မရှိဘဲ လုပ်ဆောင်ဖွယ်လုပ်ငန်းဆောင်တာ ညွှန်ကြားချက်တို့ကို တစ်ဆင့်ခံအုပ်ချုပ်သူတို့မှ တစ်ဆင့်ထုတ်ဖော်ညွှန်ကြားလေ့ရှိသည်။

ယခုတော့ သူမကို အဘယ်ကြောင့် ယခုကဲ့သို့ သီးခြားခေါ်ယူတွေ့ဆုံရလေသနည်း။ သူမသည် ဦးနှောက်ခြောက်လာသဖြင့် မျက်မှောင်လေး မသိမသာ ကုတ်ထားလိုက်မိသည်။ သူမ၏ တာဝန်ဝတ္တရားတို့သည် များပြားလှသော်လည်း အမှားအယွင်းမရှိခဲ့ပါ၊ သည်သို့ဆိုလျှင် သူမကို ရာထူးတိုးမြှင့်ချင်၍ပင်လော။

**တော်ဝင်မြို့မ** **စာအုပ်တိုက်**

www.burmeseclassic.com



သူမ စဉ်းစားခန်းဖွင့်နေခိုက်မှာပင် ဦးကျော်ဇေယျက ပြောနေသော တယ်လီဖုန်းကိုဖြတ်လိုက်ပြီး . . .

"သမီး နာမည်က ငွေစင်ဟန်နော် . . ."

"ဟုတ်ပါတယ် ဆရာ . ."

"ဒီ ကုမ္ပဏီမှာအလုပ်ဝင်တာ တစ်နှစ်လောက်ပဲရှိသေးတယ်နော် . . ."

"ဟုတ်ကဲ့ . . ."

"ဒီမှာ အလုပ်လုပ်ရတာ အဆင်ပြေလား . . ."

သူမသည် မျက်လွှာပင့်၍ ဦးကျော်ဇေယျကို မရဲတရဲကြည့်ရင်း ဖြေလိုက်မိ၏။

"ဟုတ်ကဲ့ . . ."

"သမီးက စိတ်ပညာနဲ့ကျောင်းပြီးခဲ့တယ်လို့ ပြောတယ် . . နောက်ပြီး သမီးအဖေက တစ်ချိန်က လျှမ်းလျှမ်းတောက်နာမည်ကြီးခဲ့တဲ့ မြန်မာ့လက်ဝှေ့အကျော်အမော်ပင် ဦးမိုးကြိုးလို့ အန်ကယ် သိရတယ် . . အဲဒါ ဟုတ်သလား . . ."

ငွေစင်ဟန် အံ့သြသွားလေသည်။ သူမ၏ ပညာရေးအခြေအနေကို ဦးကျော်ဇေယျသိသည်မှာ မဆန်းသော်လည်း ဖခင်ဖြစ်သူအကြောင်းကို သိနေသည်ကတော့ အံ့သြစရာပင်ဖြစ်သည်။ ကုမ္ပဏီက သူမ၏လုပ်ဖော်ကိုင်ဖက်များရှေ့တွင် သူမ၏ဖခင်အကြောင်း တစ်စုံတစ်ရာ မပြောခဲ့ဖူးပါ။

"ဟုတ်ပါတယ် အန်ကယ် . . ."

ဦးကျော်ဇေယျသည် ခေါင်းတဆတ်ဆတ်ညိတ်ရင်းက သူမကို နွေးထွေးစွာကြည့်သည်။ အခန်းသည် ပကတိတိတ်ဆိတ်ငြိမ်သက်သွား၏။

"သမီး . . ."





"ရှင် . . ."

"အန်ကယ် . . သမီးဆီက အကူအညီယူစရာလေးတွေ နည်းနည်းရှိတယ် . . အဲဒါကြောင့် သမီးကို အခုလို သီးသန့်ခေါ်တွေ့ရတာပဲ . . ဒီလိုကွ . . ."

ဦးကျော်ဇေယျသည် ချောင်းတစ်ချက်ဟန့်၍ လည်ချောင်းရှင်းကာ စကားကိုခပ်တိုးတိုးဆက်ပြောသည်။

"ဒီလိုကွ . . အန်ကယ့်မှာ တစ်ဦးတည်းသော သားလေးတစ်ယောက်ရှိတယ် . . သူ့နာမည်က ဇော်ဇော်နိုင်လို့ခေါ်တယ် . . တစ်နှစ်က ဆယ်တန်းအောင်ပြီး အခုတော့ ဒုတိယနှစ်ရူပဗေဒဟက်နေတယ် . . ."

ငွေစင်ဟန်သည် စိတ်အိုက်လာ၏။ ဤပုဂ္ဂိုလ်ကြီးသည် သူမထံမှ အကူအညီယူစရာရှိသည် ပြောသေးသည်။ ပြီးတော့ ဘာမှမဆိုင်သည့် သူ၏ သားအကြောင်းတွေ ပြောပြနေ၏။ သူမသည် အနေခက်လာသဖြင့် မျက်နှာကို အောက်သို့မသိမသာငုံ့ထားလိုက်၏။

"သား အသက်က နှစ်ဆယ်မပြည့်သေးဘူး . . ကိုယ်လုံးကိုယ်ထည်ကလည်း ခပ်တောင့်တောင့် . . ပြီးတော့ အရပ်လည်းရှည်တယ် . . ."

မြတ်စွာဘုရား . . အဘိုးကြီးက သူ၏သားအကြောင်းကို ပြည့်ပြည့်စုံစုံ ဖွင့်ပြောပြနေခြင်းသည် ဧကန္တ သူ့သားနှင့်သူမကို သဘောတူနေ၍များလား။ ငွေစင်ဟန်သည် ခြေဖျားလက်ဖျားတွေ အေးစက်လာ၏။

"သမီး . . ."

"ရှင် . . ."

"အခု အန်ကယ်သမီးကို ဖွင့်ပြောမယ့်အကြောင်းတွေကို ဘယ်သူ့ကိုမှ ဖွင့်မပြောစေချင်ဘူး . . အဲဒီတစ်ချက်တော့ အန်ကယ်



www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုချင်တယ် . . . ”

“ဟုတ်ကဲ့ . . သမီး ကတိပေးပါတယ် . . ”

ထိုအခါမှ အဘိုးကြီးသည် စိတ်အေးသွားပုံရပြီး ခပ်တိုးတိုး ဆက်ပြောသည်။

“ဒီလိုကွယ် . . အန်ကယ့်သားဟာ ကိုးတန်းရောက်တဲ့နှစ် ယောက်ကစပြီး မိန်းမလျာပုံစံပေါက်လာတယ် . . ပထမတော့ သိပ် မသိသာပေမယ့် ဆယ်တန်းအောင်ပြီးတဲ့အချိန်မှာ ပိုသိသာလာတယ်၊ အပေါင်းအသင်းပေါင်းတော့လည်း မိန်းမလျာတွေနဲ့ပဲပေါင်းတယ်၊ အခုဆိုရင် အန်ကယ်အတော်ကလေးကို သိက္ခာကျစရာဖြစ်နေပြီ . . ကိုယ့်သားလို့တောင်မှ လူကြားထဲ ဖွင့်ပြောလို့မရဲဘူး . . . ၊ ဒီ ဆိုးဝါး လှတဲ့ကိစ္စကြီးဟာ အိပ်မက်လားလို့တောင်ထင်မိတယ် . . ၊ သူ့အမေ ကတော့ ဒီကိစ္စကို သိပ်စိတ်မပူပေမယ့် အန်ကယ်ကတော့ စိတ်အ တော်ပူတယ် သမီး . . ၊ အန်ကယ်တို့မှာ သားသမီးကလည်း ဒီတစ် ယောက်တည်း ထွန်းကားတော့ ချစ်တာကလည်း တုန်နေအောင်ကို ချစ်တယ် . . အင်း . . အဲဒါကြောင့်ပဲ ဒီလိုဖြစ်လာတာလားတော့မသိ ဘူး၊ အန်ကယ့်သဘောကတော့ အန်ကယ့်သားကို ယောကျ်ားတွေရဲ့ သဘာဝအတိုင်း ယောကျ်ားပီပီသသဖြစ်စေချင်တယ် . . ဒါမှလည်း အန်ကယ်တို့လည်း အသေဖြောင့်မှာ . . ”

“သမီး တစ်ခုဖြတ်မေးပါရစေဆရာ . . ”

“အင်း . . မေး . . ”

“ဆရာ အခုပြောပြတဲ့အကြောင်းတွေပေါ်မှာ သမီး အကူ အညီပေးနိုင်ဖို့ မဖြစ်နိုင်ပါဘူးဆရာ . . ဖြစ်သင့်တာက ဆရာအနေနဲ့ ဆရာဝန်တစ်ယောက်ယောက်နဲ့ဖြစ်ဖြစ် . . စိတ်ရောဂါကု ဆရာဝန် တစ်ယောက်နဲ့ဖြစ်ဖြစ် တိုင်ပင်ပြီး အကူအညီယူသင့်ပါတယ် . . ”

ဦးကျော်ဖေယျသည် လက်ကာပြလိုက်သဖြင့် ငွေစင်ဟန်က





သူမ၏ စကားကို ရပ်ထားလိုက်သည်။

“ပြီးခဲ့တဲ့နှစ်က အန်ကယ် စိတ်ရောဂါကု ဆရာဝန်တစ် ယောက်နဲ့ ဒီကိစ္စကို ဆွေးနွေးကြည့်ခဲ့ဖူးတယ် . . ခက်တာက မိန်းမ လျာဆိုတဲ့ကိစ္စဟာ စိတ္တဇတော့မဟုတ်ဘူး . . ဒါပေမယ့်လည်း ဒီကိစ္စ ဟာ သဘာဝမဟုတ်ပြန်ဘူး . . ၊ မိန်းမလျာစိတ်ပေါက်နေတဲ့သူကို ယောကျ်ားပီပီသသပြန်ဖြစ်အောင်လုပ်ဖို့ဆိုတဲ့ကိစ္စဟာ လွယ်မ ယောင်နဲ့ခက်တယ်သမီး . . ဒီအကြောင်းတွေကို အန်ကယ့်ထက် သမီး က ပိုနားလည်မှာပါ . . ၊ သမီးဟာ စိတ်ရောဂါကု ဆရာဝန်တစ် ယောက်မဟုတ်ပေမယ့် စိတ်ပညာနဲ့ ကျောင်းပြီးထားတာပဲမဟုတ် လား . . . ”

ငွေစင်ဟန် သက်ပြင်းတစ်ချက် ချလိုက်မိ၏။ အဘိုးကြီး ဆက်ပြောပြန်သည်။

“အဲဒီတော့ . . ဒီကိစ္စကို သမီးဆီမှာပဲ အကူအညီတောင်း ရတော့မယ် . . ”

ငွေစင်ဟန် တစ်စုံတစ်ခုပြောမည်ပြုသောအခါ အဘိုးကြီး က လက်ကာလိုက်ပြန်သဖြင့် မပြောဖြစ်။

“အန်ကယ်တောင်းမယ့်အကူအညီက . . အန်ကယ့်သားကို သမီးအဖေဆီမှာ လက်ဝှေ့သင်ခိုင်းဖို့နဲ့ သူ့ကို စိတ်ဓာတ်ပိုင်းဆိုင်ရာ ရင့်ကျက်တည်ငြိမ်လာဖို့ သမီးဟာ သူ့ရဲ့ဆရာမတစ်ယောက်အနေ နဲ့ . . . ”

“သမီးတစ်ခုပြောပါရစေဆရာ . . ဟိုဒင်း . . ဒီခေတ်ကြီးထဲ မှာ ကိုယ်ခံပညာတွေ အများကြီး ဖွံ့ဖြိုးတိုးတက်လာပါတယ်ဆရာ . . တိုက်ကွမ်ဒိုတို့ . . ဂျူဒို . . ကာရာတေး . . အများကြီးပါ . . အဲဒါတွေ သူ့ကိုသင်ခိုင်းရင် သူပိုပြီး စိတ်များပါမလားလို့ . . နောက်ပြီး သမီးက သူ့ရဲ့ဆရာမ လုပ်ဖို့ဆိုတာက . . စာသင်ဖို့ကျတော့လည်း သူတက်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ ရုပဗေဒပညာနဲ့ သမီးရဲ့ စိတ်ပညာနဲ့က ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေပါတယ် ဆရာ. .၊ သမီး သူ့ကို ဘာမှ သင်ပေးနိုင်မှာ မဟုတ်ဘူး. ."

"သမီးဟာ ဆယ်တန်းပြီးကတည်းက ကိုယ်ကာယအလှအားကစားသင်တန်းတွေ တစ်ခုပြီးတစ်ခုတက်ခဲ့တယ်၊ ဒါကြောင့် ကိုယ်ကာယအလှမယ်ဆုတွေလည်း ရခဲ့တယ်. .၊ အဲဒီတော့ ကိုယ်ကာယ ကြံ့ခိုင်မှုနဲ့ပတ်သက်လာရင် သမီးမှာ အတွေ့အကြုံရှိပါတယ်. .၊ မိတ်ဆွေတွေလည်း ရှိပါတယ်. .၊ အဲဒီကိစ္စအတွက် သမီးဟာ သူ့ကို ဆရာလုပ်ရင်ဖြစ်မှာပါ. ,"

အဘိုးကြီး၏ စကားတွေကြောင့် ငွေစင်ဟန် အံ့သြသွားသည်။ ဒီအကြောင်းတွေကို အဘိုးကြီး ဘယ်လိုများ သိထားပါလိမ့်။

"ပြီးတော့. . အန်ကယ့်အနေနဲ့ပြောရရင် ဒီခေတ်လူငယ်တွေဟာ လက်ဝှေ့ကို အတော်ကလေး စိတ်ဝင်စားတယ်လို့ထင်တယ်၊ မြန်မာ့လက်ဝှေ့ပွဲတွေဆိုရင် အမြဲလိုလို လူပြည့်တယ်၊ နောက်ပြီး လုပ်ပွဲမဟုတ်တော့ ပိုကြည့်လို့လည်းကောင်းတယ်မဟုတ်လား. .၊ အန်ကယ့်လို အဘိုးကြီးတွေတောင်မှ မြန်မာ့လက်ဝှေ့ပွဲတွေကို တရှိုက်မက်မက်အားပေးသေးတာပဲ. . ဒါကြောင့် အန်ကယ့်သားကို လက်ဝှေ့ပဲ သင်စေချင်တယ်. ."

"မောင်လေးဇော်ဇော်ရဲ့ ကိုယ်ကာယကြံ့ခိုင်မှုအတွက် သမီးရဲ့ မိတ်ဆွေတွေ အကူအညီနဲ့ လုပ်ပေးရင်ဖြစ်နိုင်ပေမယ့်. . သမီးအဖေဟာ လက်ဝှေ့လောကက အနားယူထားတာကြာပြီဆရာ. . ဖေဖေ နံရိုးကျိုးပြီးကတည်းက ဆိုပါတော့. .၊ အဲဒီတော့ ဖေဖေ့အနေနဲ့ကလည်း ဘယ်လိုမှ သင်ပေးနိုင်မယ်မထင်ဘူး. .၊ သမီး အခုလိုပြောတာ ဆရာ စိတ်တော့မရှိပါနဲ့. ."

ဦးကျော်ဇေယျသည် နူးညံ့စွာ ပြုံးလိုက်လေသည်။





"ဘာပဲဖြစ်ဖြစ်ပေါ့ သမီးရယ်. . သမီး ကြိုးစားတော့ကြည့်ပေးပါ. . သမီးအဖေပဲ. . ပြောကြည့်ရင် ရမှာပါ. . နောက်ပြီး နည်းနည်းလောက်. . အခြေခံလောက်ပဲ သင်ပေးရမှာဆိုတော့. . ဖြစ်နိုင်မှာပါ. ."

ငွေစင်ဟန်သည် ငြိမ်သက်စွာဖြင့် ဤပြဿနာကို စဉ်းစားနေ၏။

"အဲဒီတော့ အန်ကယ် ဒီလိုလုပ်မယ်စိတ်ကူးထားတယ်. . သမီးက အန်ကယ့်သားရဲ့ ကိုယ်ခန္ဓာကြံ့ခိုင်မှုအတွက် နည်းပြဆရာမအဖြစ် တာဝန်ယူ. . ဘော်ဒီအတွက် ကစားနေရင်းနဲ့ တစ်ဖက်ကလည်း သမီးအဖေဆီမှာ လက်ဝှေ့ပညာသင်ခိုင်းမယ်. . အဲဒီတော့ သမီးရဲ့ ကုမ္ပဏီအလုပ်မှာ လစ်ဟင်းတာတွေ ဖြစ်လာလိမ့်မယ်။ ဒါပေမယ့် အဲဒီကိစ္စကို သမီးမပူနဲ့. .၊ ကုမ္ပဏီပိုင်ရှင်တစ်ယောက်အနေနဲ့ အန်ကယ်က သမီးကို အလုပ်တာဝန်ပြောင်းပေးထားတယ်လို့ သတ်မှတ်လိုက်မယ်. . ဒီအတောအတွင်း သမီးရဲ့ ကုမ္ပဏီတာဝန်ကို သမီး ထမ်းဆောင်စရာမလိုဘူး. . လစာကိုလည်း အပြည့်ရမယ်၊ ဒါ့အပြင် ဒီကိစ္စပြီးမြောက်ရင် သမီးကို ဆုကြေးထပ်ပြီး ချီးမြှင့်ဦးမယ်. ."

ငွေစင်ဟန်သည် ဓာဒကတစ်ခုတက်လိုက်ပြန်သည်။

"သမီးရဲ့ လုပ်ဖော်ကိုင်ဖက်တွေကို အကြောင်းပြချက်တစ်ခုတော့ ပြရလိမ့်မယ်ထင်တယ်ဆရာ. ."

"အင်း. . ဟုတ်တယ်. . အန်ကယ်. . အဲဒီအချက်ကိုစဉ်းစားပြီးသား. . ဒီတော့ သမီးရဲ့ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုအတွက်အကြောင်းပြ. . အဲဒီအတွက် အန်ကယ်က သမီးကို ခွင့်ခြောက်လပေးထားတယ်လို့ပြော. ."

သူတို့ ယုံကြပါ့မလား။ ငွေစင်ဟန်သည် အဘိုးကြီးတို့



www.burmeseclassic.com

www.burmeseclassic.com

ခပ်ရဲရဲတစ်ချက်ပြန်ကြည့်လိုက်သည်။ အဘိုးကြီးက သူမကို မျှော်လင့်တကြီး ပြန်ကြည့်နေ၏။ သူမ ဘာတတ်နိုင်တော့မည်နည်း။ သူ့ဆန္ဒအတိုင်း စား ရဲရပေတော့မည်။ ယုံတာမယုံတာတွေကိုလည်း သူမ ထည့်မတွက်ချင်တော့။

"ကောင်းပါပြီဆရာ. . သမီး ဒီကိစ္စကို အတတ်နိုင်ဆုံး ကြိုးစားကြည့်ပါမယ်. ."

"ဝမ်းသာလိုက်တာ သမီးရယ်. ."

အဘိုးကြီး၏မျက်ဝန်းတွင် မျက်ရည်တွေ ပြည့်လာသည်။ သို့သော် အဘိုးကြီးသည် မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်ပြီး မျက်ရည်ကို ထိန်းလိုက်၏။ ပြီးတော့ သူ၏စားပွဲအံဆွဲထဲမှ ဓာတ်ပုံတစ်ပုံကို ဆွဲထုတ်လိုက်ကာ သူမကို လှမ်းပေးလိုက်သည်။

"အဲဒါ အန်ကယ့်သား ဇော်ဇော်နိုင်ပဲ သမီး. ."

ငွေစင်ဟန်သည် ဓာတ်ပုံကို အသာလှမ်းယူကြည့်လိုက်သည်။ ဓာတ်ပုံထဲမှ ချာတိတ်သည် တကယ့်ကို ငယ်ငယ်ကလေးဖြစ်သည်။ ဖြူဖြူသန့်သန့်ချောချောကလေးဖြစ်သည်။

လက်စသတ်တော့ သည်ချာတိတ်က မိန်းမလျာကိုး။ ပထမဦးဆုံးအကြိမ်အဖြစ် သူမသည် အဘိုးကြီးကို သနားသွား၏။ မိဘတစ်ယောက်ခံစားမှုကိုလည်း သူမ စာနာမိပါသည်။

ဓာတ်ပုံထဲမှ ချာတိတ်သည် ယောကျ်ားပီပီသသလေးသာ ဖြစ်လျှင် ဤရုပ်ရည်မျိုးနှင့် ချာတိတ်မလေးတွေ ဝိုင်းဝိုင်းလည်နေမှာသေချာသည်။

"ဒီကိစ္စနဲ့ပတ်သက်လို့ သမီးနဲ့အန်ကယ် ပြောစရာကိစ္စတွေရှိရင် တယ်လီဖုန်းနဲ့ပဲ ဆက်သွယ်ကြမယ်. . ဟုတ်လား. . ဒီတော့ နောက်တစ်ပတ်လောက်ကစပြီး အန်ကယ်တို့ လုပ်ငန်းစကြစို့. ."

ဘာမှဆက်ပြောစရာမရှိတော့သဖြင့် ငွေစင်ဟန်လည်း





အဘိုးကြီးကို နှုတ်ဆက်ကာ သူမ၏နေရာသို့ ပြန်လာခဲ့သည်။ ထိုအခါ သူ့ဖော်ကိုင်ဖက်တွေက အကျိုးအကြောင်းဝိုင်းမေးသဖြင့် အလုပ်ကိစ္စကိုသာ အကြောင်းပြလိုက်သည်။ ပြီးတော့ ကုမ္ပဏီအလုပ်ဆင်းချိန်တွင် အိမ်သို့သာ တန်းပြန်လာခဲ့သည်။ အိမ်တွင် ဖေဖေသည် ညနေစာအတွက် ပြင်ဆင်နေလေ၏။

"ဟော. . သမီးတောင်ပြန်လာပြီ. . ဘယ့်နှယ့်လဲ ဘတ်စ်ကားစီးရတာ အဆင်ပြေလား. ."

"ဟုတ်ကဲ့ဖေဖေ. . ကျပ်တော့ကျပ်ပေမယ့် စီးလို့တော့ရပါတယ်. ."

ငွေစင်ဟန်သည် အဝတ်အစားအရင်လဲပြီး ဖခင်ကို ဝင်ကူလေသည်။ ထိုသို့ဝင်ကူရင်းနှင့် ဖခင်ကို မသိမသာ အကဲခတ်မိသည်။ သူမ၏ဖခင်သည် တစ်ခေတ်က လက်ဝှေ့အကျော်အမော်တစ်ယောက်ဖြစ်ခဲ့သည်။

ယခုတော့ လက်ဝှေ့လည်းမကစားတော့ပြီ။ အသက်လည်းကြီးလေပြီ။ ဖေဖေ့နားသည်ဆံစတွေဖြူနေသည်ကို သူမ ငေးကြည့်နေရင်းက ကုမ္ပဏီပိုင်ရှင် ဦးကျော်ဇေယျ၏ အကူအညီတောင်းမှုကို ပြန်သတိရသည်။

အံ့တော့အံ့ဩစရာပင်ဖြစ်သည်။ သည်လိုကိစ္စမျိုးအတွက် သူမ ယခင်က မစဉ်းစားပင်မစဉ်းစားမိခဲ့ပါ။ မိန်းမလျာဖြစ်နေသောသားတော်မောင်အတွက် ပူပန်နေသောဖခင်။

ဇော်ဇော်နိုင်ဆိုသည့် ချာတိတ်သည် မည်မျှထိအောင် ခြောက်နေလေသနည်း။ သူမ တွေ့ဖူးသော မိန်းမလျာတို့သည် ပီပီသသ မိန်းမလျာများပင်ဖြစ်သည်။ဆံပင်ပုံစံကိုလည်း မိန်းမတွေကဲ့သို့ထားသည်။ ကောက်သည်။ ကွေးသည်။ ဆေးဆိုးသည်။

ပြီးတော့ ဝတ်စားဆင်ယင်မှုမှာလည်း မိန်းမတွေကဲ့သို့ အ



www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်သုံး ဝတ်ဆင်ကြသည်။ သူမကြားဖူးသောအချက်တစ်ခုမှာ မိန်းမလျာတို့သည် အပျိုပေါက်လူပျိုပေါက်အရွယ်တွင် ဆန့်ကျင်ဘက်လိင်ကို စိတ်မဝင်စားဘဲ၊ မိမိနှင့်နီးစပ်သော လိင်တူပုဂ္ဂိုလ်များကို အနေနီးစပ်မှုကြောင့် စိတ်ဝင်စားသွားခြင်းမှစသည်ဟု သိရသည်။

မိန်းမလျာတို့၏ဘဝသည် ပတ်ဝန်းကျင်၏ နှာခေါင်းရှုံ့မှုကို ခံရသောဘဝဖြစ်သည်ကတော့သေချာပါသည်။ မိန်းမလျာတို့၏ ဘဝသည် ရုပ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်ကြောင့်ဖြစ်ရသလော။ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်ကြောင့်ဖြစ်ရသလော။

"သမီး . . . ရေချိုးတော့လေ . . . ဖေဖေတို့ ညစာစားကြရအောင်. ."

ငွေစင်ဟန်လည်း ထိုအခါမှပင် ရေဝင်ချိုးပြီး သားအဖနှစ်ယောက် ညစာစား၏။

"ဪ. . သမီးကိုပြောစရာရှိတယ်. . ညနေ သမီးပြန်မလာခင်လေးတွင်က မောင်မင်းဟန်ရောက်လာတယ်ကွဲ့. ."

"ဘာတဲ့လဲဖေဖေ. . သူ ဘာကိစ္စရောက်လာတာလဲ. . သမီးနဲ့သူနဲ့ ဇာတ်လမ်းက ပြီးပြီးသားပဲဥစ္စာ. ."

"သူလာတာကတော့ သမီးကိစ္စမဟုတ်ပါဘူး. . သူ့အလုပ်ကိစ္စအတွက်လာတာ. . သူက အခု လက်ဝှေ့ပွဲစီစဉ်သူလုပ်နေတယ်၊ ဖေဖေတို့မြန်မာ့ရိုးရာလက်ဝှေ့ပွဲတွေကို ပြိုင်ပွဲလုပ်ပေးပြီး ဝင်ငွေရှာတဲ့အလုပ်ပဲ. .၊ နာမည်ကြီးလက်ဝှေ့သမားတွေကို ဆုံပေးတယ်. .၊ ပြီးတော့ အဲဒီပွဲတွေကိုလည်း ဗီဒီယိုရိုက်ပြီး ထုတ်လုပ်ဖြန့်ချိတယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့သမီးရယ်. . သူလိုလူမျိုးတွေရှိတာတော့ကောင်းပါတယ်. . လက်ဝှေ့လောကလည်း ပိုအောင်မြင်တာပေါ့. . လက်ဝှေ့သမားတွေလည်း မြိုးမြိုးမြက်မြက်လေးရတာပေါ့ကွယ်. ."

ငွေစင်ဟန်သည် ထမင်းစားနေရင်းက မျက်မှောင်တစ်ချက်





ထုတ်လိုက်၏။

"နေပါဦးဖေဖေ. . သူ အဲဒီလိုအလုပ်မျိုးလုပ်နေတော့ရော . . သမီးတို့နဲ့ ဘာပတ်သက်စရာရှိလို့လဲ. ."

"ဒီလိုသမီးရဲ့. . သူလာတာက ဖေဖေ့လို လက်ဝှေ့သမားဟောင်းကြီးတွေကို ကြိုးဝိုင်းထဲပြန်ပို့ချင်လို့တဲ့. . အဲဒါ. ."

"အို. . မဟုတ်တာ. ."

ငွေစင်ဟန်က ဖေဖေ့အတွက် စိတ်ပူသွားသည်။ ဖေဖေက အသက်ကြီးနေလေပြီ။ ကြိုးဝိုင်းထဲပြန်မဝင်သင့်တော့ပြီ။ နောက်ပြီး ဖေဖေ့ဒဏ်ရာတွေက ယခုအချိန်ထိ ဒုက္ခပေးနေတုန်းပဲရှိသေးသည်။

"ဖေဖေကလည်း ငြင်းလိုက်ပါတယ် သမီးရဲ့. . အဲဒီတော့ သူက နောက်တစ်မျိုးထပ်ပြောတယ်. . လက်ဝှေ့သမားလူငယ်တွေအတွက် ဖေဖေက နည်းပြဆရာလုပ်ပေးနိုင်မလားတဲ့. ."

"သမီးကတော့ အဲဒီ ကိုမင်းဟန်ဆိုတဲ့လူနဲ့ ဘာမှမပတ်သက်ချင်ဘူး ဖေဖေ. . အခု သူဒီကိုရောက်လာတာလဲ ဘာကြံစည်ချင်လို့လဲမသိဘူး. . သမီးကတော့ သူ့ကို စိတ်ကုန်သွားပြီ. . တကယ်ပြောတာ. . လုံးဝပဲ. ."

ငွေစင်ဟန်က မကျေမနပ်နှင့်ပြောလိုက်သဖြင့် ဖခင်ဖြစ်သူက တဟဲဟဲရယ်လေသည်။ အရယ်ရပ်လေမှ ခပ်တိုးတိုးပြောသည်။

"သမီး စိတ်မပူပါနဲ့. . ဖေဖေသူပြောတာတွေကိုမလုပ်နိုင်ပါဘူးလို့. . ငြင်းလိုက်ပြီးပြီ. ."

"ဟုတ်တယ်ဖေဖေရာ. . ပိုက်ဆံချမ်းသာတယ်ဆိုပြီး ထင်ရာစိုင်းချင်လို့ဘယ်ရမလဲ. . သူနဲ့သမီး စောစောစီးစီး ဇာတ်လမ်းရပ်ခဲ့တာကိုပဲ ကျေးဇူးတင်ရဦးမယ်. . ဪ ဖေဖေ. . စကားမစပ် ဖေဖေ့ လက်ဝှေ့ပညာကို ပြန်သင်ပေးနိုင်မလားဟင်. ."

ဦးမိုးကြိုးသည် စားလက်စ ထမင်းလုတ်ကို အဝါးရပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်သူကိုကြည့်လိုက်သည်။ သမီးဖြစ်သူ ငွေစင်ဟန်သည် လက်ဝှေ့သမားကြီးတစ်ဦး၏ သမီးအနေနှင့် နုနယ်လွန်းနေသည်။

ပြီးတော့ ချောမောလှပလွန်း၏။ သူမ၏ မိခင်ဒေါ်ခင်စု ကွယ်လွန်သွားပြီးက တည်းက သမီးကို သူပဲဖခင်၊ သူပဲမိခင်လုပ်ကာ စောင့်ရှောက်ခဲ့ရ သည်။

ယခုဆိုလျှင် သမီးဖြစ်သူသည် အသက် နှစ်ဆယ့်ခြောက်နှစ်ပင် ရှိနေလေပြီ။ ပြီးတော့ စိတ်ပညာအဓိကဖြင့် ဝိဇ္ဇာဘွဲ့ရထားသည်။

ယခင်ကတော့ ကိုယ်ခန္ဓာ ကြံ့ခိုင်သန်စွမ်းလိုသဖြင့် ကိုယ်ကာယအလှအားကစားသင်တန်းတွေ လျှောက်တက်သည်။

သမီးလေးသည် နဂိုက လှပသဖြင့် အားကစားလိုက်စားလိုက်သောအခါ ကာယအလှမယ်ပီပီသသဖြစ်လာသည်။ ထို့နောက် ပြိုင်ပွဲတချို့ဝင်ပြိုင်သော် ဆုတွေရခဲ့သည်။

သို့သော် နောက်ပိုင်းတွင် အိမ်၏ ကျဆင်းလာသော စီးပွားရေးကို ကျားကန်ရန်ဟုဆိုကာ ကုမ္ပဏီတွင် အလုပ်ဝင်လုပ်ခဲ့၏။

"လက်ဝှေ့သမားပဲ သမီးရယ်. . ကိုယ်တိုင်ကစားတတ်မှတော့. . သူများကိုလည်း သင်ပေးနိုင်တာပေါ့. . ဒါနဲ့နေပါဦး. . ဘာဖြစ်လို့ သမီးက ဒီအကြောင်းကိုမေးတာလဲ. . "

ထိုအခါမှ ငွေစင်ဟန်က အကျိုးအကြောင်းပြောပြလိုက်သည်။ ဦးမိုးကြိုးက သမီးဖြစ်သူ၏ စကားတွေကို အစအဆုံး နားထောင်နေပြီး ပြုံးလေသည်။

"အင်း. . ရယ်စရာတော့ကောင်းတယ်ကွ. . လက်ဝှေ့ပညာဆိုတာ လွယ်တာတော့မဟုတ်ဘူး. . ကျားကျားလျားလျားယောက်ျားတွေတောင်မှ ကျားကုတ်ကျားခဲ ပင်ပင်ပန်းပန်း ကြိုးစားကြရတာ. . ။ သမီးပြောတဲ့ချာတိတ်က မိန်းမလျာဆိုတော့. . ဟင်းဟင်း. . ကောင်းပါ့မလားကွယ် . . . .





တော်ကြာ ပတ်ဝန်းကျင်ကလည်း မေးငေါ့ကြလိမ့်မယ်. . "

ငွေစင်ဟန်လည်း ပြုံးလိုက်မိလေသည်။ သို့သော်လည်း ပြဿနာကိုတော့ အတတ်နိုင်ဆုံး လျစ်လျူရှုထားရပေလိမ့်မည်။

ပြီးတော့ ဖေဖေ့ကိုလည်း နားဝင်အောင်ပြောရပေလိမ့်ဦးမည်။ ဘာပဲဖြစ်ဖြစ် သည်ပြဿနာသည် ရင်မောစရာ ပြဿနာဖြစ်သည်ကတော့ သေချာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၂)

"ဟော့ကောင်ငဇော် ထစမ်း . . အချိန်လည်းကြည့်စမ်းပါဦးကွာ . . ဒီအချိန်ဟာ ယောကျ်ားတစ်ယောက်ထရမယ့်အချိန်လားလို့ သက်ကလည်းကွာ . . ဘာဖြစ်လို့ ဒီကောင့်ကို စောစောစီးစီး မနှိုးတာလဲ . . ."

"သြော် . . ကိုကိုကလည်း . . အခုမှ ရှစ်နာရီခွဲရှိသေးတာ . . အိပ်ပါစေဦး . ."

"ကောင်းကွာ . . ဒီအမေနဲ့ဒီသား . . လိုက်လည်းလိုက်ပါပေ့ . ."

ဇော်ဇော်နိုင်သည် သူ့အဖေနှင့်အမေတို့၏ ဆူဆူညံညံအသံတို့ကြောင့် နိုးသွားပြီး နာရီလှမ်းကြည့်သည်။ ပြီးတော့ အသံတွေကို မကြားရအောင် ဖက်လုံးရှည်ကို ဆွဲယူပြီး သူ့နားပေါ်တင်ကာ ပြန်အိပ်ဖို့ကြိုးစားသည်။ သို့သော် မရတော့ပဲ။ ဖခင်က ဖက်လုံးရှည်ကို အတင်းဆွဲဖယ်ပြီး သူ့တင်ပါးကို လက်ဝါးနှင့် ဖြန်းခနဲ ရိုက်လိုက်သည်။





"အောင်မလေးတော့ . . နာလိုက်တာ . ."

"ဟော့ကောင် မင်းကိုယ်မင်း ပြန်ကြည့်စမ်း . . အထီးလား . . အမလား . . အထီးဆို . . ယောကျ်ားလိုအော်ရတယ် . ."

"ဟယ် . . ဖေဖေကလည်း . . အော်သံကိုပဲ သရုပ်ခွဲနေပြန်ပါပြီ . . ဘယ်လိုပဲအော်အော်ပေါ့ . . ဇော် . . နာလို့အော်တာပဲဥစ္စာ . ."

"မရှည်နဲ့ငဇော် . . ငါမေးတာဖြေစမ်း . . မင်း ယောကျ်ားလား . . မိန်းမလား . ."

"ဖေဖေမွေးထားတာပဲ . . ဖေဖေအသိဆုံးပေါ့ . ."

"ငါမေးတာကိုသာဖြေစမ်း . . ငဇော် . ."

"ဒါဆိုလည်းဖြေမယ် . . . ဟင့်ဟင့် . . ဇော်က ယောကျ်ားလေးပေါ့ . ."

"ဖြေပုံကလည်း ယောကျ်ားမဆန်လိုက်တာကွာ . . ကဲကဲ . . ရှိစေတော့ . . ရှိစေတော့ . . . မင်း ဒီနေ့ကစပြီး . . မင်းရဲ့ဘော်ဒါ အခြောက်တွေနဲ့ လုံးဝမပေါင်းရတော့ဘူး . . ယောကျ်ားလေ ငယ် ချင်းအသစ်တွေနဲ့ပေါင်းရမယ် . . သူငယ်ချင်းအသစ်တွေရှာပါ . . ကြားလား၊ ဒုတိယအချက်က . . မနက်ဖြန်ကစပြီးတော့ မင်းကိုယ်ခန္ဓာကြံ့ခိုင်မှုအတွက် Body Building ကစားရမယ် . . တတိယအချက်က မင်း မြန်မာ့ရိုးရာ လက်ဝှေ့ပညာသင်ရမယ် . ."

"ဟယ် . . . ဖေဖေ . . ဘာတွေလျှောက်ပြောနေတာလဲ . . ကိုယ့်သားသမီးကို ရက်ရက်စက်စက် . . မဟုတ်တာတွေ လုပ်ခိုင်းနေတယ် . . အောင်မလေး . . လူကြားလို့မှမကောင်း . . Body Building လည်း ကစားရဦးမယ်တဲ့ . . လက်ဝှေ့လည်း ထိုးရဦးမယ်တဲ့ . . ဟင့် ဟင့် . . . မတော်တဆ . . . ဇော့်နံရိုးတွေနိမ့်ကုန်မှာ ဖေဖေမကြောက်ဘူးလား . ."

ဦးကျော်ဖေချေက စိတ်တိုသွားပြီး သားဖြစ်သူ၏ တင်ပါး



www.burmeseclassic.com

www.burmeseclassic.com



ကို နောက်တစ်ချက်ရိုက်မည်အပြုတွင် ဇော်ဇော်နိုင်၏ လက်ကိုင်တယ်လီဖုန်းက ခုတင်ဘေး စားပွဲပေါ်မှ အသံမြည်လာ၏။ ဇော်ဇော်က တယ်လီဖုန်းကို လှမ်းယူလိုက်သည်။

"ပြော. . အေမီလား . . . ဟင်းဟင်း. . နင်ကလည်းဟယ် စောစောစီးစီး. . ဒီမှာ အိပ်လို့ကောင်းတုန်း. . ဘာဖြစ်တယ်. . ဒီနေ့ ကျောင်းမတက်ဘဲ. . ပလာဇာသွားမလို့ဟုတ်လား. . ကောင်းတယ်. . ကောင်းတယ်. . ဇော်လိုက်ခဲ့မယ်. ."

"ဟေ့ကောင်. ."

ဇော်ဇော်က သူ့ဖခင်ကို လက်ကာပြပြီး ဆက်ပြောသည်။

"အင်း. . ဟိုကောင်မ ဆူဆန်ကိုရောခေါ်ခဲ့မယ်မဟုတ်လား ခစ်ခစ်. . မနက်စာကိုတော့ ပလာဇာရောက်မှ စားကြတာပေါ့ နော်၊ နင်အဆင်သင့်ဖြစ်ရင် ဇော့်ဆီလာခဲ့လေ. . နင့်ကားနဲ့ပဲ ဇော်လိုက်ခဲ့မယ်. ဇအေည့်. . ဒါနဲ့ အခု နင်ဘာလုပ်နေလဲ. . ခစ်ခစ်. . ဟင်းဟင်း. . ဘာ. . နင့်ဘရာစီယာပျောက်နေလို့ ဟုတ်လား. ."

ဦးကျော်ဇေယျ၏မျက်လုံးနှစ်ဖက်သည် မြင့်တက်သွားပြီး သားဖြစ်သူ၏ ခန္ဓာကိုယ်ကို တစ်ချက်အကဲခတ်လိုက်သည်။ ဒီကောင် လည်း ဘရာစီယာတွေဘာတွေဝတ်တဲ့အထိဖြစ်နေပြီလားဟုလည်း သံသယဝင်လာသည်။ သို့သော် ဇော်ဇော့်ကိုယ်မှာတော့ မည်သည့် အရာ ဘရာစီယာမှမရှိသေးပါ။ ထို့ကြောင့် ဦးကျော်ဇေယျက သက်ပြင်းတစ်ချက်ကြိတ်ချလိုက်သည်။

"စကားမစပ် ပြောရဦးမယ် အေမီရယ်. . ဇော့်ပါးမှာလေ ဝက်ခြံပေါက်နေလို့. . ဝက်ခြံပျောက်ဆေးတွေလိမ်းတာပဲ. . ဒါပေမယ့် မပျောက်ဘူး. . ခစ်ခစ်. . နင်ကတော့ ပြောမှာပေါ့. . နင်က ဝက်ခြံပေါက်ဖူးတဲ့ကောင်မမှ မဟုတ်တာ. . ဟင်းဟင်း. ."

ဦးကျော်ဇေယျက နှာခေါင်းရှုံ့၍. . .





"ကောင်းကွာ. . ဝက်ခြံများ ရေးကြီးခွင်ကျယ်လုပ်လို့. . ယောကျ်ားပဲ. . ဝက်ခြံမကလို့ သွေးစုနာပဲပေါက်ပေါက်. . ဘာဖြစ်သေးလဲ. ."

"စကပ်ကြီးတော့ ဝတ်မလာပါနဲ့ အေမီရယ်. . ၊ ဟင်းဟင်း အခုတောင် လူတွေက တို့ကိုကြည့်လှပြီ. ."

ဦးကျော်ဇေယျသည် စိတ်တိုသွားပြီး သူ့သားဇော်ဇော်၏ လက်ထဲက တယ်လီဖုန်းကို ဆိုးဆိုးဆတ်ဆတ်နှင့် ဆွဲယူလိုက်သည်။

"ဟဲ့ကောင်မ. . အဲ. . ဟုတ်ပေါင်. . ဟိုဘက်ကပြောနေတဲ့ ကောင်. . ငါ ဘယ်သူလဲသိလား. ."

"ဟင်းဟင်း. . ဇော့်သူငယ်ချင်းတစ်ယောက်ဖြစ်မှာပေါ့. . ခစ်ခစ် . . . ယူကလည်း တို့လိုပဲလားဟင် . . . တို့အုပ်စုထဲဝင်ချင်လို့ လား . . ."

"ဟိတ်ကောင်မ. . ပေါက်ကရတွေလျှောက်ပြောမနေနဲ့ ငါ . . .ငဇော့်အဖေကွ သိပြီလား. ."

"ဟယ် . . . အန်ကယ် . . . ဆောရီးနော် . . ကန်တော့. . ကန်တော့. ."

"အေး. . အခုမှတော့ ကန်တော့လုပ်မနေနဲ့. . ဒီမှာ. . ငါ ပြောမယ်. . ဒီနေ့ကစပြီးတော့ နင်တို့ ငါ့သားနဲ့မပေါင်းရတော့ဘူး၊ ငါတို့အိမ်ကိုလည်းမလာနဲ့. . ငါ့သားကိုလည်း မဆက်သွယ်နဲ့. . ကြားလား. ."

"ဟယ်. . အန်ကယ်ရယ်. . ရက်စက်လိုက်တာ. . အေမီတို့မှာ ဘာအပြစ်ရှိလို့. . အေမီတို့အုပ်စုကို အခုလိုလုပ်ရတာလဲ. ."

"ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲဆိုရင်. . နင်တို့နဲ့ငါ့သားကို မပေါင်းစေချင်လို့ဟေ့. . နင်တို့ကြောင့် ငါ့သားဒီလိုဖြစ်ရတာ. . ဒါ့ပဲ နောက်ကို နင်တို့ လုံးဝမဆက်သွယ်ရတော့ဘူး. ."



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဇေယျသည် တယ်လီဖုန်းကို ပိတ်လိုက်ပြီး စားပွဲပေါ် လှမ်းတင်လိုက်သည်။

"ဖေဖေ ဘာတွေလျှောက်လုပ်နေတာလဲ. .၊ ဇော်တော့ နားမလည်တော့ဘူး. . အေမီတို့ဟာ ဇော့်သူငယ်ချင်းကောင်းတွေပါ ဖေဖေရဲ့. . တကတည်း. . ဖေဖေလုပ်တာနဲ့ပဲ သူငယ်ချင်းတွေက ဇော့်ကို စိတ်ဆိုးတော့မှာပဲ. ."

"စိတ်ဆိုးရုံမကလို့ လဲပဲသေသေဟေ့. . ဟေ့ကောင်. . ငါ ပြောတာတွေ မှတ်မိတယ်မဟုတ်လား. ."

"ဇော့်ကို မသနားတော့ဘူးလားဖေဖေ. . ဒီ ပင်ပင်ပန်းပန်း အလုပ်တွေနဲ့. . ဇော်နဲ့မဖြစ်ပါဘူး. . မေမေ. . ဖေဖေ့ကို ကူပြောပေး ပါဦး. ."

ဒေါ်သက်သက်မွန်သည် သားဖြစ်သူ၏ပခုံးကိုဖက်ကာ ချော့မော့ပြောဆိုလေသည်။

"သားဖေဖေက သားကောင်းစေချင်လို့ စီစဉ်တာပဲသားရယ် သားဖေဖေလုပ်ခိုင်းတာတွေ လုပ်လိုက်ရင်ပြီးတာပဲ. . အဲဒီလိုသာ သားလုပ်ရင်လေ. . မေမေက သားအခုစီးနေတဲ့ကားထက် ပိုကောင်း တဲ့ကားနဲ့ လဲပေးဦးမှာ. ."

"အေး. . ဟုတ်တယ်. . ငါစီစဉ်တာကိုလိုက်နာရင်တော့ မင့်အမေပြောသလိုပဲ လုပ်ပေးမယ် . . . အေး. . . မလိုက်နာရင်တော့ အမွေပြတ်ပဲ. . ကြားလား. ."

"အောင်မလေး. . ရက်စက်လိုက်တာ. . အင်း. . မိဘမိဘ . . သံသရာဝဋ်ကြွေးရှိခဲ့လို့သာ သားသမီးလာဖြစ်နေတာလားမသိ ဘူး. . သားသမီးကိုလည်း ချစ်ပုံမရဘူး. ."

"ဟေ့ကောင် ငါ ပိတ်ရိုက်လိုက်ရ. ."

"ကဲပါကိုကိုရယ်. . သားကို သက်ကြည့်ပြောပါ့မယ်. . ကိုကို





လည်း ကုမ္ပဏီသွားရတော့မယ်မဟုတ်လား. . သွားတော့လေ. ."

ထိုအခါမှ ဦးကျော်ဇေယျက တောက်တစ်ချက်ခေါက်ပြီး ကုမ္ပဏီသို့ထွက်သွားသည်။ သားအမိနှစ်ယောက်ကတော့ အခန်းထဲ မှာပင် စကားပြောရင်းကျန်ခဲ့၏။

"ဟင့်အင်း မေမေရာ. . ဖေဖေပြောတဲ့ အဲဒီ Body Building တို့ လက်ဝှေ့သင်ဖို့ဆိုတာတို့ဟာ ဇော်နဲ့တော့ မြဒါးတစ်လမ်း. . သံ တစ်လမ်းပဲ မေမေ. . ဇော်မသင်ချင်ဘူး. . ဇော်က နုနုနယ်နယ်ဆို တော့ ဒီလို ကြမ်းတမ်းတဲ့အလုပ်တွေနဲ့ မကိုက်ပါဘူး. . နော် မေမေ ဖေဖေ့ကို ကူပြောပေးနော်. ."

"ခက်တာပဲသားရယ်. . မေမေလဲ သားတို့သားအဖကြားမှာ ဘာလုပ်ရမှန်းတောင်မသိတော့ဘူး. . အဖေလုပ်တဲ့လူကလည်း တစ် မျိုး. . သားကလည်းတစ်မျိုး"

"ဇော်ကတော့ ဖေဖေပြောတဲ့အလုပ်တွေ လုံးဝမလုပ်ဘူး. . ဒါပဲ. . ကဲပါ. . ဇော် ရေအရင်ချိုးလိုက်ဦးမယ်. . ပြီးရင် အေမီတို့နဲ့ ပလာဇာသွားလိုက်မယ်နော်. . မေမေ. . ဇော့်အတွက် ပိုက်ဆံလည်း ထပ်ပေးဦး. . နည်းနည်းပဲကျန်တော့လို့. ."

ခဏနေတော့ ဇော်ဇော့်ထံသို့ အေမီတို့အုပ်စုရောက်လာ သည်။ အမှန်တကယ်ကတော့ သည်ကောင့်အမည်က ထွန်းဝေစိုးပါ။ အဲဒါကို သည်ကောင်က သူဖာသာသူ နာမည်ပြောင်းပစ်သည်။ အေ မီလွင်။ ပြီးတော့ ဆူဆန်။ ဆူဆန့်နာမည်က တင်စိုးအောင်။ သည် ကောင်ကျတော့ ဆူဆန်အောင်ဆိုပြီး အမည်ပြောင်းပစ်သည်။

သူတို့အဖွဲ့မှာ ဇော်ဇော်တစ်ယောက်သာ အမည်ရင်းအ တိုင်းရှိနေ၏။ တစ်ခါတစ်ခါတော့လည်း ဇော်ဇော်စဉ်းစားကြည့်သည်။ သူတို့မှာ ဘာအပြစ်တွေ ကြီးကြီးမားမားရှိနေလေသနည်း။ ဇော်ဇော် ဆိုလျှင် ဆေးလိပ်မသောက်တတ်။ ဖဲမရိုက်တတ်။ အရက်မသောက်



www.burmeseclassic.com

www.burmeseclassic.com



တတ်။ ပြီးတော့ ဘိန်းဖြူတို့ဘာတို့ဆိုတာလည်း ဝေလာဝေး။ ဘာ မကောင်းမှုမှမလုပ်။ ဒါနှင့်တောင်မှ လူတွေက သူတို့အုပ်စုကို နှာခေါင်းရှုံ့ကြ၏။

အမှန်ကတော့ သူတို့သည် ခပ်ပျော့ပျော့နေတတ်သော ယောက်ျားလေးများသာဖြစ်သည်ဟု သူတို့ကိုယ်သူတို့ ယုံကြည်ကြသည်။ သို့သော် သူတို့သည် သူတို့ရှေ့က(ဝါ)သူတို့ထက်ပို၍ ခြောက်သောပုဂ္ဂိုလ်များကို အားကျကြလေသည်။ သူတို့သည် မိန်းမလျာစစ်စစ်များတော့မဟုတ်သေး။ သို့သော် ဖြစ်လုဖြစ်ခင်တော့ရောက်နေကြလေပြီ။

အေမှီကားပေါ်မှာ ဆူဆန်လည်းပါလာသည်မို့ သူတို့သည် ကားပေါ်ရောက်သည်နှင့် စကားပြောကြလေတော့သည်။

"ဘာရယ်. . ဇော့်အဖေက ဇော့်ကို Body Building လည်း ကစားခိုင်းတယ်. . မြန်မာ့လက်ဝှေ့လည်း သင်ခိုင်းတယ်. . ဟုတ်လား. . အောင်မလေးတော်. . ဒီအဘိုးကြီး. . ဘယ်ကများ ဒီလို မဟုတ်မဟတ်အကြံအစည်တွေ ရလာပါလိမ့်. . တကယ်ဆို သူသင်ခိုင်းသင့်တာက. . အလှပြင်သင်တန်းတို့. . ဒီဇိုင်နာသင်တန်းတို့. ."

"ဟင်းဟင်း. . ဒါကြောင့် အေမီလည်း အိမ်က ဖားသားကြီးကိုပြောနေရတာပေါ့. . ကျောင်းစာလည်းမသင်ချင်တော့ပါဘူးလို့. . ကိုယ့်သားသမီးကောင်းစားစေချင်ရင်. . စိတ်ချမ်းသာတာမြင်ချင်ရင် မြူတီပါလာသင်တန်းလေးသာ တက်ခိုင်းပါလားလို့. ."

"အဲဒီတော့. . အေမီ့အဘိုးကြီးက ဘာပြန်ပြောလဲ. ."

"သူက ပါးစပ်ကတော့မပြောဘူးဟဲ့. . ခြေထောက်နဲ့ဆောင့်ကန်တယ်. . ဒါနဲ့ ဇော့်ကိုမေးရဦးမယ်. . ဇော့်အဖေတက်ခိုင်းတဲ့ အဲဒီသင်တန်းတွေကို ဇော် တက်မှာလား. ."

ဇော်ဇော်သည် တစ်ချက် ငိုင်ကျသွားသည်။ အမှန်တော့





သူ ဖေဖေ့ကို မေမေ့ထက်ကြောက်ပါသည်။ မေမေက ဘာမှပြဿနာမရှိ။ တစ်ချက်လောက်ချွဲလိုက်တာနှင့်ပင် ပျော့ကျသွားလေ့ရှိသည်။ ဖေဖေကျတော့ အဲဒီလိုမဟုတ်။ ချွဲဖို့ဝေးစွ။ သူ့ကို သိပ်ကြည့်လို့မရသဖြင့် တစ်ချက်ကလေးမှ မျက်နှာသာမပေး။

ယခုလည်း ဘာမှအရေးမကြီးသည့် သင်တန်းတွေကို သူ့ကို တက်ခိုင်းနေသည်။ သည်သင်တန်းတွေတက်တော့ရော ဘာထူးမှာမို့လဲ။ မေမေ့ကိုတော့ သူ စစ်ကူတောင်းထားသည်။ ဖေဖေက မေမေကိုကျတော့ချစ်သဖြင့် မေမေ့စကားတွေ နားထောင်မည်ထင်ပါသည်။

"မတက်ဘူး . . ဘာလို့တက်ရမှာလဲ . . ဘာမှအဓိပ္ပါယ်မရှိတဲ့သင်တန်းတွေ . . နောက်ပြီး လူကြားလို့မှမကောင်းဟာယ်. . ငါသာ အဲဒီ့သင်တန်းတွေ သွားတက်နေရင် ဟိုကောင်မအုပ်စုက ဘယ်လောက်ဟားလိုက်ကြမလဲ . . ဟင်း ဟင်း . . ."

"ခစ် . . ခစ် . . ."

သူတို့သည် စိတ်လွတ်လက်လွတ် ရယ်မောလိုက်ကြသည်။ ပလာဇာရှေ့ရောက်၍ သူတို့အုပ်စု ကားပေါ်မှဆင်းလိုက်သည်နှင့် လူတွေက သိသိသာသာတစ်မျိုး၊ မသိမသာတစ်မျိုး၊ ကွက်ကြည့်ကွက်ကြည့် ကြည့်ကြ၏။ ပြီးတော့ ပြုံးကြသည်။ တချို့က နှာခေါင်းရှုံ့ကြသည်။

"အခြောက်တွေကွ . ."

"ရုပ်ကလေးတွေက သနားကမားလေးဇတွေနဲ့ . . ဒင်းတို့မို့ အရှက်မရှိ . . ."

"ဟိုနောက်ကတစ်ယောက်ကလည်း ကြည့်ပါဦး . . ရိုးကြီး ဂေါင်ဂင်ပုံစံကြီးနဲ့ ဂါဝန်ကြီးဝတ်ထားတယ် . . ထွီ . . ရွံစရာကြီး. ."

ကောင်မလေးတွေကတော့ ခပ်တိုးတိုးမှတ်ချက်ပြုကြလေသည်။

"ဒီအခြောက်အုပ်စုက ချောတယ်နော် . . . . သူတို့ဘာ



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားပီပီသသဆိုရင် ငါတို့တောင် ကြိုက်မိမလားပဲ . . ."

"အေးဟဲ့ . . ပိုက်ဆံချမ်းသာပုံလည်း ရတယ် . . အပျံစားတွေပဲ . . ."

ဇော်ဇော်တို့အုပ်စုကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်။ သူတို့ချင်း အားရပါးရ စကားတွေပြောရင်း ပလာဇာထဲ ဝင်သည်။ ထိုအခိုက်မှာပင် ပလာဇာအဝင်မှာရှိသည့် ထီးရောင်းသည့်ဆိုင်ရှေ့မှာ ပြဿနာတက်လေတော့သည်။

အသက်ခြောက်ဆယ်လောက်ရှိမည့် အဘိုးကြီးတစ်ယောက်က ချာလီထီးလာဝယ်ရင်း သူ့ထီးကောက်ကြီးက ဆူဆန်၏ ဂါဝန်ကို ချိတ်မိသွားသည်။ ဒါကို ဆူဆန်က မသိဘဲ ရှေ့ဆက်လျှောက်သည်။ ထိုအခါ ဂါဝန်ကြီးသည် အပေါ်သို့ လန်တက်သွားပြီး . . . .

"ဟယ် . . ဟိုမှာ မိန်းမလျှာတစ်ယောက် တင်ပေါ်နေပြီ"

"ဟာ . : ဟုတ်ပါရဲ့ . . . အို . . ဒီကောင် ဘယ်လိုလိမ်လိမ် မရပါဘူး . . ယောကျ်ားက ယောကျ်ားပါပဲ . . ထင်းနေ၊ ရှင်းနေတဲ့ဟာကို လိမ်ချင်နေသေးတယ် . . ."

"ဟယ် . . G String ဝတ်ထားတယ်တော့ . . ခေတ်မီတယ်နော် . . ဟင်း ဟင်း . . ."

"ဟိတ် . . ဆူဆန် . . နင် တင်ပေါ်နေပြီ . . ဂါဝန်ကို မြန်မြန် ပြန်ဆွဲချစမ်း . . ."

ဇော်ဇော်က အဖြစ်အပျက်ကိုတွေ့သွားပြီး ဆူဆန့်ကို သတိပေးလိုက်သည့်အခါ ဆူဆန်က ရှက်ကိုးရှက်ကန်းနှင့် ဂါဝန်ကို ပြန်ဆွဲချသည်။ သို့သော် မရ။ အဘိုးကြီးကလည်း သူ့ထီးကောက်ကြီးလွှတ်သွားမည်စိုးသဖြင့် အတင်းဆွဲသည်။ ဆူဆန်ကလည်း အတင်းဆောင့်ရုန်းသည်။

"အဘိုးကြီး ဘယ်လိုလဲ . . မရှက်ဘူးလား . . ဒီအရွယ်



ရောက်နေပြီ . . ကိုယ့်သမီးအရွယ်လေးတွေကို ဒီလိုပဲ လုပ်ရသလား"

"ဟေ . . ကိုယ့်သမီးအရွယ်တွေ ဟုတ်လား . ."

အဘိုးကြီးသည် သူတို့အဖွဲ့၏ အသုံးအနှုန်းကြောင့် မျက်လုံးပြူးသွားသည်။ ဝရုန်းသုန်းကား အဖြစ်အပျက်ကြောင့် သူတို့ပတ်ဝန်းကျင်သို့ လူတွေ ချက်ချင်းဝိုင်းလာ၏။ ဆူဆန်လည်း ရှက်ရှက်နှင့် ဂါဝန်ကို အတင်းဆွဲမှ ထီးကောက်နှင့်ငြိနေသော ဂါဝန်စသည် ထီးနှင့်လွတ်သွားသည်။ ပြီးတော့ တဗျစ်တောက်တောက်ပြောရင်း၊ ရန်တွေ့ရင်း ရှေ့မှ ခပ်သွက်သွက်သွားသဖြင့် ဇော်ဇော်တို့လည်း သူ့နောက်က လိုက်ရလေတော့သည်။

"ဒါ တမင်သက်သက်လုပ်တာ . . ဆူဆန်တို့ကို ဒီလို အချိုးနဲ့လို့ မရဘူးမှတ် . . အဘိုးကြီးဖြစ်နေလို့ပေါ့ . . ရွယ်တူချင်းသာဆိုရင် ပါးဆွဲရိုက်လိုက်ပြီ . . ."

"ဟင်း ဟင်း . . ."

အေမီနှင့်ဇော်ဇော်ကတော့ ဘာမှပြန်မပြောဘဲ ရယ်၍သာနေသည်။ သူတို့အုပ်စုသည် စားသောက်ဆိုင်တွေရှိရာ အထပ်သို့သွား၍ နံနက်စာအရင်စားကြသည်။ ဆူဆန်၏ မကျေမနပ်ဖြစ်နေသောစိတ်သည် ပျောက်သွားလေပြီ။ သူတို့သည် တဟီးဟီး တဟားဟားမြန်ဖြစ်လာကြသည်။

"အမှန်က နင် ဒီဂါဝန်ကြီးဝတ်လာခဲ့ဖို့ မကောင်းဘူး ဆူဆန် . . တို့လို ဘောင်းဘီပဲဝတ်လာရင် အခုလိုဖြစ်မှာမဟုတ်ဘူး . . ."

"မဟုတ်ဘူးဟဲ့ . . ငါလည်း ပထမတော့ နင်တို့လို ဂျင်းပင်ပဲဝတ်လာဦးမလို့ပဲ . . ဒါပေမယ့် ငါ့အစ်မ ခုတင်ပေါ်မှာ ဒီဂါဝန်လှလှလေးတာတွေ့တာနဲ့ ကောက်ဝတ်လာတာ . . ဟင်း ဟင်း . . သူ့ဂါဝန်က နိုင်ငံခြားဖြစ်ဟဲ့ . . ငါလည်း ရှိုးလုပ်ချင်ဇောနဲ့ ကောက်ဝတ်လာတာ"

"ဟင် . . မိန်းမဂါဝန်ကြီးဟာယ် . . . နင့် အစ်မဝတ်ထားပြီး



www.burmeseclassic.com

www.burmeseclassic.com



သားကြီးမဟုတ်လား.. ဘုန်းတွေဘာတွေ နိမ့်ကုန်တော့မှာပဲ.."

"ဘုန်းနိမ့်မယ် ဟုတ်လား.. ဟင်းဟင်း.."

"ကောင်းတော့ကောင်းပါတယ်ဆူဆန်ရယ်.. ကြော်ငြာပြီးသားဖြစ်သွားတာပေါ့.."

"ဘာလဲ.. ဂါဝန်ကောင်းကြောင်းကိုလား.."

"ဟင့်အင်း.. နင့်ကို.."

"ကောင်မတွေ.. အတော်ထ.."

သူတို့ တဟီးဟီးတဟားဟားရယ်သဖြင့် ဘေးဝိုင်းကလူတွေက မျက်မှောင်ကုတ်၍ကြည့်ကြသည်။ စားသောက်ဆိုင်မှာ စားသောက်ပြီး ထွက်လာခဲ့သောအခါ ဆူဆန်နှင့်အစ်မ အီရူပါမျိုးတို့သူငယ်ချင်းတစ်အုပ်နှင့် ရင်ဆိုင်တိုးလေတော့သည်။

"ဟယ် . . . မမရူပါတို့ပါလား . . . ရှော့ပင်ထွက်လာတာလား.. ဟင်းဟင်း.."

ဆူဆန်က မျက်စိမျက်နှာပျက်သွားပြီး သူ့အစ်မကို မျက်နှာချိုသွေးလိုက်သည်။ သူ့အစ်မက ဆူဆန့်ကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်ရင်းက ဆူဆန်ဝတ်ထားသည့် သူမ၏ ဂါဝန်ကိုတွေ့သွားသည်။

"သြော်.. ငါကတော့ ပလာဇာသွားဖို့အဆင်သင့်ရွေးထားတဲ့ ဂါဝန်ဘယ်ရောက်သွားပါလိမ့်ဆိုပြီး လိုက်တောင်ရှာနေသေး.. လက်စသတ်တော့.. နင်ယူဝတ်သွားတာကိုး.."

"တိုးတိုးပြောပါ မမရယ်.. ဟင်းဟင်း.. ရှက်စရာကြီး"

"အောင်မာ.. နင်လိုကောင်ကများ ရှက်နေရသေးတယ်.. ချွတ်.. အခုချွတ်.. ငါ့ဂါဝန် အခုချွတ်.."

"ဟာ.. ဆူဆန်တော့ ဒုက္ခပဲဟေ့.."

ဇော်ဇော်နှင့်အေမီက ခပ်တိုးတိုးပြောရင်း ဆူဆန်တို့မောင်နှမနားမှ မသိမသာ ခွာလေသည်။





"မလုပ်ပါနဲ့ မမရယ်.. လူတွေကြားမှာ ရှက်စရာကြီး.. နောက်ပြီး ဆူဆန်တို့မှာ ပြေးကြည့်လိုက်မှ ညီအစ်မနှစ်ယောက်ထဲရှိတာ.. ညီအစ်မချင်းပဲဟာ.."

,အီရူပါမျိုး၏သူငယ်ချင်းတွေက ရယ်ကြသည်။

"ဘာညီအစ်မချင်းလဲ.. ဘဲကဘဲပဲ.. ကြက်ကကြက်ပဲ .. ဘယ်ဟုတ်ပေါင်.. ငါဘာတွေလျှောက်ပြောမိနေပါလိမ့်.. ယောကျ်ားဟယောကျ်ားပဲ.. နင် ဘယ်လိုပဲ မိန်းမစိတ်ပေါက်နေပေါက်နေ.. နင့်မှာ ယောကျ်ားသဘာဝကို ဖျောက်လို့မရတဲ့ သဘာဝနေရာတွေရှိတယ်.."

"သဘာဝနေရာတွေ ဟုတ်လားမမ.."

"ဟဲ့.. ငါက နင့်ခြေသလုံးမွေးတွေကိုပြောမလို့.."

မိန်းကလေးတစ်သိုက်က ရယ်ကြပြန်သည်။

"နင် မရှက်ဘူးလား.. တင်စိုးအောင်.."

"ဆူဆန်အောင်ပါ မမရဲ့.."

"လူကြည့်တော့ဖြင့် ဖြူဖြူသန့်သန့်ချောချောလေး.. စိတ်ကျတော့ မိန်းမစိတ်.. ဟိုတစ်နေ့ကလည်း ငါ့အသစ်ချပ်ချွတ် စိန်မိုက်ကယ်ထဘီပျောက်လို့ လိုက်ရှာတော့ နင်ဝတ်သွားမှန်းသိရတယ်၊ နောက်ကို ငါ့အဝတ်အစားတွေ ယူဝတ်ရဲယူဝတ်ကြည့်.. ဓားနဲ့ကိုဖြတ်ပစ်မယ်.."

"အောင်မလေး.. မလုပ်လိုက်ပါနဲ့မမရယ်.. ဆူဆန့်မှာဒါလေးပဲ ချမ်းသာတာ.. ဟင့်ဟင့်.. ဆူဆန်ငိုလိုက်မှာနော်.. ဒီကမမတို့ရယ် ဆူဆန့်မမကို ပြောပေးကြပါဦးဗျာ.. အဲ.. တော်.."

ဆူဆန်က အယောင်ယောင်အမှားမှားဖြစ်နေ၍ အီရူပါမျိုးသူငယ်ချင်းတွေက အီရူပါမျိုးကိုဖျောင်းဖျ၍ ခေါ်သွားလေမှ ဆူဆန်လည်း သက်ပြင်းချလိုက်နိုင်သည်။ သူသည် သူ့အစ်မအဝေးကိုရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားလေမှ မကျေမနပ်နှင့် ခပ်ကျယ်ကျယ်လေးပြောလိုက်လေသည်။

"အို. . လောက . . . လောက. . ခြောက်ချင်တာတောင် လွတ်လွတ်လပ်လပ် မခြောက်ရပါလားနော်. . "



(၃)

သူတို့နှစ်ယောက်အား ဦးကျော်ဇေယျက မိတ်ဆက်ပေးလိုက်သည်နှင့် သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် အကဲခတ်ကြလေတော့သည်။ ဇော်ဇော်နိုင်၏စိတ်ထဲတွင် ပထမဆုံးကောက်ချက်ချမိသည့်အချက်မှာ ဤမမသည် အလွန်ဝင်း ကြည့်ကောင်းသည့်မိန်းမဖြစ်သည်ဆိုသည့်အချက်ဖြစ်သလို ငွေစင်ဟန်ကတော့ ချာတိတ်ကိုကြည့်ပြီး စိတ်ပျက်သွားမိသည်။

သူမအနေနှင့် သည်ကိစ္စကို သဘောတူမိတာ မှားများမှားပြီလားဟု သံသယဝင်လာသည်။ ချာတိတ်သည် ဓာတ်ပုံထဲမှာကထက် အပြင်မှာ ပို၍ကြည့်ကောင်းသည်ဟုလည်း ထင်လိုက်သည်။ ထိုအခိုက်မှာပင် ချာတိတ်က သူမကို လက်ကမ်းပေးသဖြင့် သူမကလည်း လက်ပြန်ကမ်းလိုက်သည်။ လက်ဖဝါးနှစ်ခုသည် ညင်ညင်သာသာဆုပ်မိ၏။ ဇော်ဇော်၏လက်ကလေးသည် ယောကျ်ားတစ်ယောက်၏ လက်ဖြစ်သော်လည်း နူးညံ့နေသည်။ ပြီးတော့ လက်တို

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ယမ်းမှုမှာလည်း အားမပါ။

"တွေ့ရတာ ဝမ်းသာပါတယ်မမ. . ဇော့်နာမည် ဇော်ဇော် နိုင်ပါ. ."

"အင်း. . မမနာမည်ကတော့ ငွေစင်ဟန်. ."

"မမကို အားကျလိုက်တာမမရယ်. . ဇော်လေ မမလိုဖြစ်ရင် ကောင်းမှာပဲ. ."

"ဟော့ကောင်. . မင်း ဘယ်လိုဖြစ်နေတာလဲ. ."

ဦးကျော်ဇေယျက ဒေါကန်ကန်နှင့် ဝင်ပြောသည်။

"မမ. . ဖေဖေ့ကို ဖျောင်းဖျပေးပါဦးနော်. . ဇော်လေ သူ ပြောတဲ့သင်တန်းတွေ မတက်ချင်ဘူး. ."

"ဟော့ကောင် မတတ်ချင်လို့မရဘူးကွ. .၊ တက်ကိုတက်ရ မယ်. .၊ ငါစီစဉ်တာကို မင်းလိုက်ကိုလိုက်နာရမယ်. ."

"ကဲကြည့်. . ဖေဖေဟာ ဘယ်လောက် တစ်ယူသန်ဆန် သလဲ ဆိုတာ. ."

"ဇော်ဇော်. . ကိုယ့်အဖေကို ဒီလိုမပြောရဘူးလေ. . ဆရာ . . သမီး ဇော်ဇော့်ကို တဖြည်းဖြည်းနားချပေးပါ့မယ်. ."

ဦးကျော်ဇေယျသည် သားဖြစ်သူကို မျက်စောင်းထိုးကြည့် ရင်း နာရီကိုကြည့်သည်။

"ကဲ သမီး. . အန်ကယ်လည်း ကုမ္ပဏီသွားတော့မယ်. . လိုအပ်တာတွေရှိရင်လည်း သမီးအန်တီကိုပြော. . ဟုတ်ပြီလား. ."

"ဟုတ်ကဲ့ ဆရာ. ."

ငွေစင်ဟန်သည် ညတုန်းက စာအုပ်တစ်အုပ်ဖတ်မိသည်။ ထိုစာအုပ်မှာ လူတို့၏ သဘာဝတရားအမည်ရှိသော စာအုပ်ဖြစ်ပြီး ထိုစာအုပ်ထဲ၌ ဟိုမုန်းများအကြောင်းလည်းပါသည်။ သူမ ဖတ်မိ သော စာမျက်နှာတွေထဲမှ စိတ်ဝင်စားဖွယ်တစ်ခုကို မှတ်မှတ်ရရ





သတိထားမိသည်မှာ လူတို့၏ သန္ဓေသားဘဝတွင် လိင်မျိုးရိုးအင်္ဂါ မည်ကဲ့သို့ရှိနေပါစေ၊ မိခင်၏ သွေးထဲမှ ကျားဟိုမုန်း၏ အာနိသင် ဓာတ်မရရှိလျှင် သန္ဓေသားတိုင်းသည် မိန်းကလေးဖြစ်သွားနိုင်သည် ဟု ဆိုပါသည်။

သန္ဓေသားကြီးထွားနေချိန်တွင် ဦးနှောက်၏ လိင်ပိုင်းဆိုင် ရာနေရာ၌ ကျားဟိုမုန်းဖြင့် ထိတွေ့မှုမရရှိလျှင် ယောက်ျားကလေး မွေးဖွားလာသော်လည်း ကြီးလာသောအခါ မိန်းကလေးအပြုအမူ များ ပြုလုပ်တတ်သည်ဟု ဆိုပါသည်။

ဤသို့ဆိုလျှင် မိန်းမလျာများ၏ကိစ္စသည် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်တစ်ခုတည်းဟု ပြောရမည့်အစား ရုပ်ပိုင်းဆိုင်ရာ ချို့ ယွင်းချက်ကြောင့်လည်း ဖြစ်နိုင်သည်ဟု ကောက်ချက်ချရမလိုဖြစ် သည်။ သို့သော် ဤကိစ္စကို ကျွမ်းကျင်သူများကသာ ကောက်ချက်ချ နိုင်ပါလိမ့်မည်။

ထို့အပြင် ငယ်ရွယ်စဉ်ဘဝ၌ အပေါင်းအသင်းများနှင့် ဆက်ဆံခွင့်မရခြင်း၊ လူကြီးမိဘတို့၏ ယုယမှုကို မခံရခြင်းတို့ကြောင့် အထွေထွေကိုယ်ရည်ကိုယ်သွေး ချို့ယွင်းတတ်ကြောင်းဆိုပါသည်။ သာမန်ထက်ပို၍ ယုယအလိုလိုက်မှုကြောင့်လည်း ကိုယ်ရည်ကိုယ် သွေးချို့ယွင်းသည်ဟု ဆိုပါသည်။

ထိုအချက်တွေအပြင် စာအုပ်တစ်နေရာ၌ လိင်တူစွဲ ရောဂါ ကိုဖြစ်စေသည့် အကြောင်းလေးမျိုးကိုတွေ့ရသည်။

၎င်းတို့ကို ငွေစင်ဟန် စိတ်ဝင်တစားဖတ်ကြည့်သည့်အခါ အောက်ပါအတိုင်းတွေ့ရလေသည်။ ပထမအချက်မှာ. . .

မိခင်ကို မုန်းသည့်စိတ် အရင်းခံဖြစ်ခြင်းပင်ဖြစ်သည်။

ဤစိတ်ကြောင့် မိန်းမများကို စိတ်ဝင်စားမှုမရှိတော့ဘဲ လိင် တူများကိုသာ စွဲမက်လေတော့သည်။ ဒုတိယအချက်မှာ. . .



www.burmeseclassic.com

www.burmeseclassic.com



မိခင်စွဲစိတ်လွန်ကဲခြင်းအရင်းခံဖြစ်ခြင်းကြောင့်ဖြစ်၏။

မိခင်စွဲစိတ်လွန်ကဲလျှင် လူ၏အတွင်းစိတ်သဏ္ဌာန်၌ မိခင်စိတ်(ဝါ)မိန်းမစိတ် ဖြစ်၍နေပေသည်။ ထို့ကြောင့် လိင်တူစွဲစိတ်ဖြစ်ပေါ်လာသည်ဟု ဆိုပါသည်။ တတိယအချက်မှာ. . .

ဖခင်အပေါ် ရန်လိုစိတ်ပြင်းထန်ခြင်းသည်လည်း လိင်တူစွဲစိတ်ဖြစ်ရခြင်းအကြောင်းတစ်ရပ်ဟု ယူဆခြင်းပင်ဖြစ်သည်။ စတုတ္ထအချက်မှာ. . .

ယောကျ်ားမဆန်သော ဖခင်ကို အလွန်အမင်းတွယ်တာစိတ်သည်လည်း လိင်တူစွဲစိတ်ကို ဖြစ်ပေါ်စေသည်ဟုဆိုပါသည်။

သူမသည် ဇော်ဇော်အဝတ်အစားသွားလဲနေခိုက်တွင် ဇော်ဇော့်အကြောင်းမှ ဆက်စပ်တွေးတောနေမိခြင်းဖြစ်သည်။ ခဏနေတော့ ဇော်ဇော်က ဖြီးလိမ်းပြင်ဆင်ပြီး သူမထံ ပြန်ရောက်လာသည်။ ဧည့်ခန်းထဲမှာ သူမနှင့်ဇော်ဇော်မှလွဲ၍ မည်သူမျှမရှိ။

"ဇော်ဇော်. . အဝတ်အစားလဲတာ အတော်ကြာတယ်နော်ကဲ. . မမတို့ Body Fitness Centre သွားကြတော့မလား. ."

"ဟာ မမကလည်း အဲဒီကိုသွားမလို့ ဇော်အဝတ်အစားသွားလဲတာမဟုတ်ဘူး. . မမကို ဇော့်အပေါင်းအသင်းတွေဆီခေါ်သွားမလို့. ."

ငွေစင်ဟန်သည် ဇော်ဇော်မသိအောင် သက်ပြင်းတစ်ချက်ခိုးချလိုက်မိ၏။

"ဇော်ဇော်. . ထိုင်ပါဦးကွာ. . မမတို့နှစ်ယောက် စကားခဏပြောကြရအောင်. ."

ထိုအခါမှ ဇော်ဇော်က သူမရှေ့မှာဝင်ထိုင်သည်။

"ဇော်ဇော့်မှာ သူငယ်ချင်း ဘယ်နှယောက်လောက်ရှိသလဲ"

"ဟာ မမကလည်း သူငယ်ချင်းတွေကတော့ အများကြီးပဲ





ရေတောင်မရေနိုင်ဘူး. . အင်း. . တကယ်ခင်တဲ့သူငယ်ချင်းကျတော့ နှစ်ယောက်ထဲ. . အေမိနဲ့ဆူဆန်လေ. . အခု မမကို ဇော်ခေါ်သွားမယ်ဆိုတာ သူတို့ဆီကိုပေါ့. ."

"လူတွေဟာ ကိုယ့်ကိုယ်ကိုယ်နာမ်စားသုံးပြီးပြောတဲ့အခါ သုံးပုံသုံးနည်းတွေအများကြီးရှိပေမယ့်. . အများအားဖြင့် စံပြုသုံးနှုန်းကြတာတော့ ယောကျ်ားဆိုရင် ကျွန်တော်၊ မိန်းကလေးဆိုရင် ကျွန်မ အဲဒီလိုပဲသုံးနှုန်းကြတယ်. . အခုဇော်ဇော်သုံးတဲ့ ဇော်ဆိုတဲ့ အသုံးအနှုန်းဟာ ယောကျ်ားတစ်ယောက်အနေနဲ့ ပျော့လွန်းမနေဘူးလားဟင်. ."

ဇော်ဇော်၏ စိတ်ထဲတွင် ပထမဦးဆုံးအကြိမ်အဖြစ် မခံချင်စိတ်ဖြစ်သွားမိသည်။ ထို့ကြောင့် သူသည် သူမကို စိုက်ကြည့်လိုက်သည်။ မျက်လုံးအကြည့်နှစ်ခုဆုံမိပြီး အကြည့်ကိုမရှုပ်မိကြ။ ငွေစင်ဟန်၏ လှပသော မျက်ဝန်းသည် နူးညံ့နေလေသည်။ ဇော်ဇော်၏ နှလုံးသားထဲ၌ ထိုအကြည့်ကြောင့် လှိုက်ခနဲဖြစ်သွားမိသည်။

"ပျော့တယ် ဟုတ်လား မမ. . ဒီအသုံးအနှုန်းဟာ ဇော်ငယ်ငယ်ကတည်းက သုံးနှုန်းခဲ့တဲ့ အသုံးအနှုန်းပဲ. .၊ နောက်ပြီး အဲဒီလို သုံးနှုန်းလို့လည်း ဘယ်သူ့ကိုမှ ထိခိုက်မသွားပါဘူး. ."

ငွေစင်ဟန်က သိမ်မွေ့စွာပြုံးလိုက်၏။ ချာတိတ်သည် မိန်းမလျှာစစ်စစ်ကြီးတော့ ဖြစ်သွားပုံမရသေး။ သူမစိတ်ထင် ပြောရလျှင် ငယ်ငယ်ကတည်းက ခပ်ပျော့ပျော့နေလာခဲ့သည့်လူငယ်လေးအသွင်သူ အပေါင်းအသင်းတွေနှင့် ပေါင်းသင်းနေရုံသာရှိသေးသည်။

"ထိခိုက်တာပေါ့ကွာ. . မင်းအခုလို သုံးနှုန်းလိုက်ခြင်းဖြင့် မင့်ကိုယ်မင်းထိခိုက်တယ်. .၊ ဒီမှာဇော်ဇော်. . မမတို့လူသားတွေဟာ သဘာဝတရားအတိုင်းပဲ နေထိုင်ကြရတယ်။ အဖိုနဲ့အမ အပြန်အလှန် စိတ်ဝင်စားကြတာ သဘာဝပေမယ့်. . ယောကျ်ားချင်း စိတ်



www.burmeseclassic.com

www.burmeseclassic.com



ဝင်စားကြတာကျတော့ သဘာဝကို ဆန့်ကျင်တာပဲ . . ."

"ဘာရယ် မမ . . ယောကျ်ားချင်း စိတ်ဝင်စားတယ် ဟုတ်လား . . ဇော်ဟာ ခပ်ပျော့ပျော့နေတတ်ပေမယ့် . . မိန်းမဘာဝကို အားကျပေမယ့် ယောကျ်ားချင်း စိတ်ဝင်စားတဲ့ကောင်တော့ မဟုတ်သေးဘူး. ."

"အဲဒါဟာ မမတို့အတွက် မျှော်လင့်ချက်ပဲဇော်ဇော်. . မမတို့ ဒီနေ့ကစပြီး ကြိုးစားကြရအောင်. . ဇော်ဇော်ဟာ ရုပ်ချောတယ်၊ ပြီးတော့ ပိုက်ဆံချမ်းသာတယ်. .၊ ယောကျ်ားပီပီသသ ဘဝမျိုးကို မင်းရအောင်လုပ်မယ်ဆိုရင် ဇော်ဇော့်မိဘနှစ်ပါး ဘယ်လောက် စိတ်ချမ်းသာမယ်ထင်သလဲ. . ကဲ. . ထ. . မမတို့ Body Fitness Centre သွားကြရအောင်. ."

"ဟင့်အင်း မမရယ်. . ဇော်. . အဲဒီလို ပင်ပင်ပန်းပန်းလုပ်ရမယ့်အလုပ်တွေမလုပ်ချင်ဘူး. . နောက်ပြီး. . ဇော့်ကိုယ်ကို မမကြည့်. . ဇော်ဟာ ပိန်လည်းမနေဘူး. . ဝလည်းမနေဘူး. . ဇော့်အရပ်အမောင်းနဲ့ ကိုယ်အလေးချိန်ဟာ အတော်ပဲ. .၊ ဒါဆို ဇော် ကျန်းမာနေတာပေါ့၊ ဘာဖြစ်လို့ အပိုအလုပ်တွေလုပ်နေဦးမှာလဲ. .၊ ကြွက်သားအဖုအထစ်ကြီးတွေနဲ့ ယောကျ်ားတွေကိုလည်း ဇော် ကြည့်မရဘူး. ."

"မင်းကိုလည်း မမက. . အဲဒီလို ကြွက်သားအဖုအထစ်တွေဖြစ်လာတဲ့အထိ မကစားခိုင်းပါဘူး. . ခန္ဓာကိုယ်ကြံ့ခိုင်လာအောင်သာ ကစားခိုင်းမှာပါ. . နောက်ပြီး အဲဒီလိုကစားတော့ မင်းပိုပြီးကျန်းမာတာပေါ့ကွာ. ."

"ဟင့်အင်း. . ဇော်. . လုံးဝမကစားနိုင်ဘူး. . မမ. ."

ငွေစင်ဟန်သည် စိတ်ပျက်လက်ပျက်ဖြစ်သွားမိသည်။ ဤချာတိတ်သည် ပြောရဆိုရအတော်ပင် လက်ဝင်သည့်ချာတိတ်ဖြစ်ပုံ





ရ၏။ ထိုအခိုက်မှာပင် ဇော်ဇော်၏ လက်ကိုင်ဖုန်းက အသံမြည်လာလေ၏။

"ဇော်လား. . အေမီပါဟဲ့. ."

"အေ. . ပြော အေမီ. . ဇော်တောင်မှ အခုပဲ အေမီ့ဆီလာတော့မလို့. ."

"ဒီလိုဟဲ့. . အေမီ့အဘိုးကြီးက အခုလေးတင် ရာဇသံချလိုက်လို့. . အေမီတော့ ဒုက္ခပဲ. ."

"ပြောမှာသာပြောစမ်းပါဟယ်. . စကားက ပလ္လင်ခံရသေးတယ်. ."

"အေမီ့အဘိုးကြီးက အေမီ့ကို Body Building ကစားရမယ်လို့ အမိန့်ချလိုက်တယ်. . မကစားရင် အိမ်ပေါ်ကဆင်းတဲ့. . ဟင့်ဟင့်. . အီး. . ရှွတ်. ."

"ဟဲ့ကောင်မရယ်. . အရေးထဲ ငိုမနေစမ်းနဲ့. . ဇော်လည်း အဲဒါကိုပဲ စိတ်ညစ်နေတာပေါ့. . ဒါနဲ့ ဆက်ပြောစမ်းပါဦး. ."

"အဲဒါနဲ့ အေမီလည်း ငြင်းတာပေါ့. . အဲဒီတော့ အဘိုးကြီးက အေမီ့တင်ကို ဆောင့်ကန်တယ်. .၊ ဟီးအီး. . ရှွတ်. . တင်တစ်ခုလုံးကို သူကန်ထားတာ ရစရာကိုမရှိတော့ဘူး. . ရှွတ်. . အဘိုးကြီးက ဆက်ပြောတယ်. . သူနဲ့ဇော့်အဖေနဲ့ ဒီကိစ္စကို ဆွေးနွေးပြီးပြီတဲ့ အဲဒါ ဇော့်ဆီမှာ ဆရာမတစ်ယောက် ရောက်နေလိမ့်မယ်တဲ့. . အဲဒီဆရာမနဲ့ အေမီတို့သုံးယောက်စလုံး Body Building ကစားရမယ်တဲ့ ဟီးအီး. . ရှွတ်. ."

"ဟင်. . ဒါဆို ဆူဆန့်ကိုလည်း သူ့အဖေက ကစားခိုင်းမှာပေါ့. . ဟုတ်လား. . ဒုက္ခပဲ. . ဇော်တို့သုံးယောက်စလုံး ဒုက္ခလှလှကြီးရောက်ပြီ. ."

"ဟုတ်တယ်. . ဆူဆန့်ဆီကလည်း အခုလေးတင် တယ်လီ



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းရတယ်. . သူလည်း မကြိတ်တတ်မစည်တတ်နဲ့ ငိုနေရှာတယ်. . ”

“ဟယ်. . ငိုနေရုံနဲ့ ပြဿနာကပြီးမလား. . ဘယ်လိုလုပ်ကြမလဲ. . ”

“ဟင့်. . ဘယ်လိုမှ လုပ်မနေနဲ့တော့ဇော်. . အဘိုးကြီးတွေ နိုင်းသလိုပဲ. . အေမိတို့ အဲဒီသင်တန်းတွေတက်လိုက်ကြရအောင်. . ဟီးအီးရှုတ်. . လူတစ်ကိုယ်လုံး ကြွက်သားအဖုအထစ်ကြီးတွေနဲ့ ဘယ်လောက်တောင်. . အကြည့်ရဆိုးလိုက်မလဲလို့. . အောင်မလေး ရှုတ်. . ”

အေမိကတော့ ချုံးပွဲချ ငိုကြွေးနေလေပြီ။

“ဟဲ့ကောင်မ. . တို့ ဘာဆက်လုပ်ကြမလဲ. . ”

“ဘာမှလုပ်မနေနဲ့ဇော်. . အေမိနဲ့ဆူဆန် နောက်နာရီဝက်လောက်ကျ ဇော့်ဆီလာခဲ့မယ်. . တို့တွေ သင်တန်းသွားတက်ကြစို့ ဟီးအီး. . ”

ဇော်ဇော်သည် ကြိုးရာမရဖြစ်သွားပြီး တယ်လီဖုန်းကို ပိတ်ပစ်လိုက်သည်။ ပြီးတော့ ခေါင်းကဆံပင်ရှည်တွေကို လက်နှင့်ထိုးဖွပစ်နေ၏။ ငွေစင်ဟန်ကတော့ ဇော်ဇော်နှင့် သူ့သူငယ်ချင်း စကားပြောသည်ကို လုံးစေ့ပတ်စေ့ နားမလည်သော်လည်း ဇော်ဇော်တို့ သူငယ်ချင်းတွေ Body Building ကစားကြတော့မည်ဟု သိလိုက်ပြီး ကျေနပ်စွာဖြင့် ပြုံးလိုက်မိလေသည်။

ခဏနေတော့ အေမိနှင့်ဆူဆန်တို့ရောက်လာသဖြင့် ဇော်ဇော်က သူ့သူငယ်ချင်းတွေကို ငွေစင်ဟန်နှင့်မိတ်ဆက်ပေးသည်။

“သူက အေမိ. . သူက ဆူဆန်. . ”

“မင်းတို့ကျောင်းနာမည်တွေကိုလည်း ပြောပါဦးကွ. . ”

“အေမိက ထွန်းဝေစိုး၊ ဆူဆန်က တင်စိုးအောင်. . ”

“ဟုတ်လား. . ဒါနဲ့ထွန်းဝေစိုးနဲ့ တင်စိုးအောင်က ဘယ်မှာ





နေကြတာလဲကွ. . ”

“ဟာ. . မမ. . ကျွန်တော်တို့ကို အေမိနဲ့ဆူဆန်လို့ပဲခေါ်ပါနော်. . ”

“မခေါ်နိုင်ဘူး. . မမ. . မင်းတို့ကို ထွန်းဝေစိုးနဲ့ တင်စိုးအောင်လို့ပဲခေါ်မယ်. . ဘာဖြစ်လို့လဲဆိုတော့ ဒီနာမည်တွေဟာ မင်းတို့ရဲ့ယောကျ်ားသဘာဝကို ဖော်ပြတဲ့နာမည်တွေဖြစ်လို့ပဲ. . . ”

အေမိနှင့်ဆူဆန်သည် ငွေစင်ဟန့်ကို သိပ်မကြည်။ သို့သော် ငွေစင်ဟန်က သူတို့ကို ဂရုမစိုက်။ မနေ့ကညနေက ဦးကျော်ဇေယျာ သူမကိုခေါ်ပြောသည်။

“အန်ကယ် ဒီလိုစီစဉ်ထားတယ်. .၊ အန်ကယ့်သားတစ်ယောက်တည်းကို အဲဒီ Body Building သင်တန်းတက်ခိုင်းနေရင်. . ဒီကောင်လည်း ပျင်းနေမှာ. . အခုတောင် မတက်ချင်ဘူးလို့ ငြင်းနေတာ. . ဒါကြောင့် အန်ကယ် သူ့သူငယ်ချင်းတွေရဲ့ အဖေတွေနဲ့ တွေ့ပြီးပြီ. . ဒီကောင်တွေပါ သင်တန်းလိုက်တက်ဖို့ပြောတော့ သူတို့ သဘောတူတယ်. .၊ အဲဒီတော့ မနက်ဖြန်မနက်ကျရင် အန်ကယ့်အိမ်ကို သမီးလာခဲ့. . ဟိုကောင်တွေလည်း လိုက်လိမ့်မယ်. . ”

ငွေစင်ဟန်သည် မသိမသာ ပြုံးလိုက်ရင်း . . .

“ကဲ. . အချိန်လည်း သိပ်မရှိတော့ဘူး. . တို့တွေ သွားကြရအောင်. . . ”

“ဇော်တို့ ဘယ်လိုမှ ငြင်းလို့မရတော့ဘူးလား မမ. . ”

ငွေစင်ဟန်က ပြန်မဖြေဘဲ ပခုံးကိုသာ တွန့်ပြလိုက်မိသည်။

“အေးလေ. . တို့လည်း မလွန်ဆန်နိုင်ဝံ့တဲ့အတူ သင်တန်းကို သွားသာတက်လိုက်ကြရအောင်. . ဒါပဲနော်မမ. . ဟိုကျရင် ဆူဆန်တို့ သိပ်ပင်ပန်းတာတွေတော့ မကာစားဘူး. . ”

“အေးပါကွယ်. . ”



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ငွေစင်ဟန်၏ သူငယ်ချင်း နှင်းပွင့်လှိုင် ဦးစီး ဖွင့်လှစ်ထားသည့် ဗီးနပ်စ် Body Fitness Centre သို့ သူတို့ကို ခေါ်သွားလိုက်၏။ သူတို့အုပ်စုသည် တစ်လမ်းလုံး နှုတ်ဆိတ်နေကြ ၏။ Body Fitness Centre သို့ ရောက်သောအခါ နှင်းပွင့်လှိုင်နှင့် ကြိုတင် စီစဉ်ထားသည့်အတိုင်း သူတို့ကို အားကစားလုပ်ရမည့် အစီအစဉ်ကို ပြောပြရသည်။

"ဟောဒါက မမတို့သင်တန်းမှာ လာကစားနေတဲ့ယောက်ျား လေးတွေ ကစားနေတဲ့ဓာတ်ပုံတွေ ကြည့်စမ်း ဘယ်လောက်အားကျ ဖို့ကောင်းသလဲ. . တချို့တွေဆို ခြောက်လလောက်ပဲရှိသေးတယ်. . ဒါပေမယ့် ဘော်ဒီက အရမ်းကြံ့ခိုင်လာတယ်. ."

"အောင်မလေး. . သူတို့ဘော်ဒီကြီးတွေက ကြောက်စရာ ကြီး. . ကြွက်သီးတောင်ထလာပြီ. . ဟင်းဟင်း. ."

"ဟဲ့ကောင်မ. . အေမီ. . သိပ်ထမနေနဲ့. ."

"ဆရာမ. . ဆရာမ. . ဆူဆန်တို့ ဒီမှာကစားရင် သူတို့လို ဘော်ဒီမျိုး ဖြစ်လာမှာလားဟင်. ."

"အေးပေါ့ကွယ်. . မင်းတို့ ဒီမှာ အကြာကြီးကစားရင် သူတို့ လို ယောက်ျားပီသလာမှာပေါ့ကွယ်. ."

အေမီက လျှာတစ်လစ်ဖြစ်သွားပြီး ဟိုကြည့်သည်ကြည့် လျှောက်ကြည့်ပြီး အခန်းတစ်ခန်းမှာ ကစားနေသည့် မိန်းကလေး တစ်စုကို တွေ့သွားသည်။

"ဟယ်. . ဝမ်းသာစရာကြီး တို့တွေ ဟိုဘဝတူတွေကြားမှာ သွားကစားမယ်. ."

"မရပါဘူးကွယ်. . ဆရာမတို့ဆီမှာ ယောက်ျားလေးသပ် သပ်. . မိန်းကလေးသပ်သပ် သီးသန့်ခန်းခွဲထားပါတယ်. . မင်းတို့ ဟာ ယောက်ျားလေးတွေဖြစ်လို့ ယောက်ျားတွေအခန်းမှာ သွားကစား





ရမယ်. ."

"ဟိုဒင်း. . အေမီတို့က ဟိုဒင်းတွေဆိုတော့ မိန်းကလေး တွေနဲ့ သွားသင်ရင်လည်း ဖြစ်မှာပါ. . ဟင်းဟင်း. ."

"ဟင့်အင်း. . မင်းတို့ ယောက်ျားတွေအခန်းမှာပဲ ကစားရ လိမ့်မယ်. ."

"ဒုက္ခပါပဲ. ."

နှင်းပွင့်လှိုင်က သူတို့အုပ်စုအတွက် အားကစားဝတ်စုံတွေ ထုတ်ပေးသဖြင့် သူတို့သုံးယောက် အဝတ်အစားလဲခန်းမှာ အဝတ် အစားသွားလဲကြသည်။

"ဟဲ့ကောင်မ. . နင်ကလည်း အားကစားလာလုပ်မယ့်နေ့မှ စကတ်ကြီးဝတ်လာသေးတယ်. . အရှက်ကိုမရှိဘူး. ."

ထိုအခိုက်မှာပင် အားကစားလေ့ကျင့်ပြီးသွားသည့် လူတစ် ယောက်က အဝတ်အစားလဲခန်းထဲရောက်ပြီး အဝတ်အစားလဲဖို့ သူ့ ဘောင်းဘီကို ဆိုးဆိုးဆတ်ဆတ် ချွတ်ချမလို့ပြင်သည်။

"ဟိတ်လူကြီး. . ပေါ်တင်ကြီးမချွတ်နဲ့လေ. . ပတ်ဝန်းကျင် ကိုလည်း ကြည့်ဦးမှပေါ့. . တကတည်း . ."

"ဟိုက်. . အခြောက်တွေပါလား. ."

ထိုလူက ရှက်ကိုးရှက်ကန်းနှင့် တံခါးကိုကွယ်၍ အဝတ်အ စားလဲသဖြင့် သူတို့ ရယ်လိုက်ကြသည်။ ခဏနေတော့ ထိုလူက အိတ် ကလေးကျော်ပိုးပြီး အပြင်ပြန်ထွက်မလို့အလုပ်တွင် ထိုလူ၏ အောက် ခံဘောင်းဘီက အောက်သို့ထွက်ကျသွား၏။

"ဟိတ်လူကြီး. . ဒီမှာ ခင်ဗျားပစ္စည်းတွေ ထွက်ကျခဲ့ပြီ. ."

ဆူဆန်က လှမ်းသတိပေးလိုက်သောအခါ ထိုလူက သူ့ အောက်ကို ငုံ့ကြည့်သည်။

"ဟယ်. . အရေးထဲ. . ဘယ်နေရာတွေလျှောက်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ. . တလွဲလျှောက်မထင်နဲ့. . ဒီမှာ ခင်ဗျားရဲ့အောက်ခံဘောင်းဘီ. . ”

ထိုလူက သူ့ဘောင်းဘီကို ခပ်သွက်သွက်ကောက်လိုက်သောအခါမှ အေမီက သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုးကောက်ဆိုလိုက်သည်။

“ပန်းကလေးလိုလှနေတာပဲ. . ကြည့်ချင်ပါသည်. . ပန်းကလေးလိုညှိုးမှာကိုပဲ စိုးရိမ်မိသည်. . ဟိုအစ်ကိုကြီးရဲ့. . အောက်ခံဘောင်းဘီ. . ”

“ခစ်ခစ်. . ”

“ဟင်းဟင်း. . ”

“တယ်. . ဒီအခြောက်တွေ. . ”

သူတို့အုပ်စုက မျက်စောင်းခဲလေမှ ထိုပုဂ္ဂိုလ်လည်း အခန်းထဲက ခပ်သွက်သွက်လစ်လေတော့သည်။ ထိုအခါမှ အေမီက ဆူဆန်အဝတ်အစားလဲနေသည်ကို သတိထားမိသွားသည်။

“ဟဲ့ကောင်မ ဆူဆန်. . နင့်ဘရာစီယာကိုပါ ချွတ်လိုက်လေဘယ့်နှယ်. . လူမြင်လို့မှမကောင်း. . လည်ပင်းမှာကြည့်တော့လဲ ဇလုတ်နဲ့. . ပြီးတော့ ခြေသလုံးမွေးနဲ့. . နင့်ဟာက အမြင်မတော်ဆင်ဘော်နဲ့ ခလောက်ဟယ်. . ”

သူတို့အုပ်စုမှာ ဆူဆန်က အကဲဆုံးဖြစ်ပါသည်။ သူက မိန်းမနှင့် ပိုတူအောင်ဆိုပြီး ပေါက်ကရတွေအတော်လုပ်သည်။ နှုတ်ခမ်းနီလည်းဆိုးချင်ဆိုးသည်။ စကပ်တို့ ဂါဝန်တို့ကိုလည်း အခါအားလျော်စွာဝတ်သည်။ ဘရာစီယာကတော့ ပုံမှန်လိုပဲဝတ်၏။

“ခြေသလုံးမွေးကတော့ မရှိပါဘူးဟဲ့. . ရိတ်ထားပြီးသားပါဟဲဟဲ. . ”

သူတို့တွေ တဟီးဟီးတဟားဟား ရယ်မောရင်းနှင့် အားကစားလေ့ကျင့်သည့်အခန်းသို့ရောက်သွားကြသည်။ သူတို့ကို နှင်းပွင့်





လှိုင်နှင့် ငွေစင်ဟန်က စောင့်နေပြီး ကိရိယာတွေနှင့် မိတ်ဆက်ပေးသည်။

“ဟောဒါက လမ်းလျှောက်စက်. . ၊ မင်းတို့မြင်ဖူးတယ်မဟုတ်လား. . အဲဒီ စက်ပေါ်မှာ မင်းတို့ အပြေးအရှင်ကျင့်ရမယ်. . သူက အမြန်နှုန်းတင်ရင် တင်သလိုပြေးနိုင်တယ်. . ”

“ဟယ်. . မလုပ်ပါနဲ့ဆရာမရယ်. . သမီးတို့. . အဲ. . ဖောဓိတို့ လမ်းလျှောက်ရုံလေးပဲလျှောက်ပါရစေ. . ”

“ဘယ်ရမှာလဲ. . ဒီကိုရောက်မှတော့. . စက်ကိရိယာတွေနဲ့ လေ့ကျင့်မှတော့ အပြေးနဲ့ပဲ စ,ကျင့်ရမယ်. . ကဲ. . မင်းတို့ တစ်ယောက်စီ စက်တစ်ခုစီတက်ရပ်ကြစမ်း. . ”

ထို့နောက်မှာတော့ နှင်းပွင့်လှိုင်က စက်တွေကို ဖွင့်လိုက်သောအခါ သူတို့အုပ်စု ဗုက္ကလုလှုရောက်ကြလေတော့သည်။

“အောင်မလေးတော့. . စက်ကလည်း မြန်လိုက်တာ. . ခြေသလုံးတွေတော့ ကြီးလာတော့မှာပဲ. . စက်ကို ဇီးနှိုးမှာပဲထားပေးပါတော့ ဆရာမရယ်. . ဟင့်. . ”

“ဟင့်. . အား. . သေပါတော့မယ် ဆရာမရယ်. . အား”

“ဩော်. . အမေ. . အမေ. . ရက်စက်လိုက်တာ. . သူလုပ်တာနဲ့ပဲ. . သူ့သမီး. . အဲ. . သူ့သား အသက်ထွက်တော့မယ်. . ”

ငွေစင်ဟန်နှင့် နှင်းပွင့်လှိုင်ကတော့ တာမှုပြန်မပြောပဲ ရယ်မောသာနေ၏။ နာရီဝက်လောက်ကြာသောအခါ စက်တွေကို ပိတ်ပေးပြီး အလေးပြားတွေနှင့် လေ့ကျင့်သည့်နေရာသို့ ခေါ်သွားလေသည်။

“ဟောဒီစက်က. . ခန္ဓာကိုယ်အထက်ပိုင်းအလှကစားတဲ့ စက်ပဲ. . အလေးပြားတွေကို တဖြည်းဖြည်း တိုးပြီးကစားရမယ်. . ”

“အေမီတို့က အောက်ပိုင်းပဲ ကစားချင်တာ ဆရာမရဲ့. . အောက်ပိုင်းချည်းပဲ သီးသန့်ကစားလို့ မရဘူးလားဟင်. . ”



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . ယုတ်ပတ်လိုက်တာအေမိရယ်. . ဆရာမနဲ့ မမကို အားနာစရာ. ."

"ဟဲ့ကောင်မရဲ့. . မဟုတ်တာတွေလျှောက်တွေးမနေနဲ့. . ငါပြောတာက ပေါင်နဲ့ခြေသလုံး. . ပြီးတော့ တင်. . အဲ. . ကန်တော့ နော်. . ဆရာမ. . တင်ပါး. . တင်ပါး. . အဲဒါတွေကို အလှကစား ချင်တာ. ."

"မင်းတို့ ပေါက်ကရတွေလျှောက်ပြောမနေနဲ့. . မင်းတို့ဟာ ယောကျ်ားတွေလေ. . အဲဒီတော့ ယောကျ်ားဆိုတာ အောက်ပိုင်းကြီး လို့မဖြစ်ဘူး. . အပေါ်ပိုင်းပဲကြီးအောင် ကစားရမယ်. ."

"ဟယ်. . ဆရာမ. . ဒါဆို ဆူဆန်တို့ သမိန်ပေါသွပ်က တွန်းထဲက တောင်ပုလုမြို့စား ဘူးထွားထွားကြီးနဲ့ တူတော့မှာပေ့ လေ. ."

"အာတာလွတ်မြို့စားပါဟဲ့. ."

"တိတ်စမ်း. . မင်းတို့ဟာမင်းတို့. . အာတာလွတ်မကလို ပီလောပီနံပဲဖြစ်ဖြစ် ငါဂရုမစိုက်ဘူး. . ဒီသင်တန်းကိုရောက်လာရင် ဒီသင်တန်းရဲ့စည်းကမ်းအတိုင်းလိုက်နာရမယ်. . ကဲ. . လာ. . မင်း တို့လည်း ခဏနားပြီးပြီဆိုတော့ အလေးပြားတွေနဲ့ စ,ကစား အောင် . . ."

"သေပြီဆရာ. . နံရိုးတွေတော့ နိမ့်ကုန်တော့မှာပဲ. ."

"ဆရာမ. . ဒီအလေးပြားတွေနဲ့ ဆူဆန်တို့ စ,ကစားရမှာ ကတော့. . ဟုတ်ပါပြီ. . ဘယ်လောက်အလေးတွေနဲ့ စ,ကျင့်ရမှာလဲ"

နှင်းပွင့်လှိုင်သည် သူတို့သုံးယောက်ကို စိတ်ရှုပ်ထွေးစွာဖြင့် ကြည့်လိုက်၏။ သူမ၏ ဆိုင်သက်တမ်းတစ်လျှောက် သည်မျှ ကဂျ ကဂျောင်ကျသည့်ကောင်တွေ မတွေ့ဖူးပါ။ ငွေစင်ဟန်မျက်နှာနှင့်မို သာပေ့ါ။ နောက်မို့ဆို သည်လို တောမရောက်၊ တောင်မရောက်





ကောင်တွေကို ငွေပြန်အမ်းပြီး မောင်းထုတ်ပစ်တာကြာပြီ။

"အလေးကတော့ အခြေအနေကြည့်ပြီး ထည့်ရမှာပဲ. . အနည်းဆုံးတော့ ပေါင်နှစ်ဆယ်လောက်က စ,ကျင့်ရမယ်. ."

"ဟယ်. . အများကြီးပဲ. . ဆရာမ. . ဆူဆန်တို့ တစ်ပေါင် နှစ်ပေါင်လောက်ပဲ စ,ကျင့်လို့မရဘူးလား. ."

"ဟဲ့ကောင်တွေ. . တစ်ပေါင်နှစ်ပေါင်ဆိုရင်တော့ ကိုယ့် ခေါင်းပဲကိုယ် မ,ကြ. ."

ငွေစင်ဟန်ကတော့ သူတို့ပြောတာဆိုတာတွေကို ရယ်နေမိ သည်။ ခဏနေတော့ သူတို့အုပ်စု အလေးပြားတွေနှင့် စ,ကျင့်ကြ သည်။ ထိုအခါ တစ်ခန်းလုံး ရုတ်ရုတ်သဲသဲဖြစ်ပြီး ဆူညံနေတော့၏။

"အောင်မလေးတော့. . ဒီအလေးပြားတွေကလည်း လေး လိုက်တာ. . ဒီမှာ လျှာထွက်နေပြီ. . ဟင့်. ."

"လုပ်ကြပါဦး. . လာမ,ပေးကြပါဦး. ."

"နံရိုးထဲကအောင့်တယ်. . အောင့်တယ်. . ဟင့်. . ."

www.burmeseclassic.com



(၄)

လက်ဝှေ့သမားဟောင်းကြီး ဦးမိုးကြိုးသည် သူ့ရှေ့မှာရပ်
နေသည်။ ဇော်ဇော်တို့သုံးယောက်ကို တစ်ယောက်ချင်းစီ သေသေ
ချာချာကြည့်ပြီး စိတ်ညစ်သွားမိသည်။ ပြီးတော့ ခေါင်းကိုခါရမ်း
လိုက်၏။

"ဟော့. . မင်းတို့ ဖြစ်ရဲ့လား. ."

"ဖြစ်မဖြစ်တော့မသိဘူး. . ဒါပေမယ့်. . ဆူဆန်တို့တော
ဆရာကြီးကိုကြည့်ပြီး အရမ်းကြောက်တာပဲ. . ဆရာကြီးဗလကြီးက
အောင်မလေး. . ကြည့်ရင်းနဲ့ ကြက်သီးထလိုက်တာ. ."

"တယ်. . ဒီကောင်. . ငါဆောင့်ကန်လိုက်ရ. . ကဲ. . င
ပြောမယ်. . မင်းတို့ သေသေချာချာနားထောင်. . တို့မြန်မာ့ရိုးရာ
လက်ဝှေ့ဆိုတာ အလိမ်အညာမပါဘူးကွ. . အဲဒီတော့ တကယ်
တတ်ရင်. . နဖူးကွဲမယ်. . နှာရိုးကျိုးမယ်. ."

"ဆရာကြီးရယ်. . သူများတို့ ကြောက်ပါတယ်ဆိုမှ. . ဖြ





ကြောက်ပါနဲ့. ."

ငွေစင်ဟန်က သူမ၏ ဖင်ခင်ဘေးမှာရပ်ရင်း အကျီမပါ
ကိုယ်ဗလာဖြင့် ကျုံ့ကျုံ့လေးတွေ ရပ်နေသော ချာတိတ်သုံးယောက်
ကို ငေးကြည့်နေမိသည်။ သည်ချာတိတ်သုံးယောက်မှာ ဇော်ဇော်က
တော့ သိမ်းသွင်းရလွယ်ကူနိုင်သည်ဟုလည်း တွေးမိပြန်သည်။

"တို့လက်ဝှေ့ပညာမှာ အခြေခံနည်းစနစ် နှစ်ခုရှိတယ်ကွ. .
အရှောင်နဲ့ အတိုက်ဆိုပြီးရှိတယ်. ."

"တရုတ်နာမည်တွေလား. . ဆရာကြီး. ."

"မင်းကြီးတော်ကြီး တရုတ်နာမည်. . အရှောင်နဲ့အတိုက်ဆို
တာ မြန်မာလိုပြောတာ. . ရှောင်တဲ့ပညာနဲ့တိုက်တဲ့ပညာပေါ့ကွာ. .
မင်းတို့ကလဲ. . ကဲ. . အခုအရေးကြီးတာက မင်းတို့ရဲ့ ပြောနေဆို
နေတဲ့ စကားတွေပဲ. . တို့ပညာဟာ ယောက်ျားပီပီသသတွေရဲ့ ပညာ
တွေ. . အဲဒီတော့ မင်းတို့ကို လက်ဝှေ့သင်ပေးရင်းနဲ့ ယောက်ျားပီပီ
သသဖြစ်ဖို့လဲ လုပ်ပေးရမယ်. ."

ဦးမိုးကြိုးက ချာတိတ်သုံးယောက်ကို အကဲခတ်လိုက်ရင်း
ဆက်ပြောသည်။

"ဒီတော့ မင်းတို့ကို ယောက်ျားလား မိန်းမလား မေးရမယ်. .
မင်းတို့က ကျားလို့ဖြေရမယ်. . ဟုတ်ပြီလား. . ကဲ. . မင်းတို့
ယောက်ျားလား. . မိန်းမလား. ."

ထိုအခါ သူတို့သုံးယောက်စလုံး ပြိုင်တူဖြေလေ၏။

"မ"

"ဟိုက်ရှားဘား. ."

ဦးမိုးကြိုးက သူနဖူးသူရိုက်လိုက်သဖြင့် ငွေစင်ဟန်ကရယ်
လိုက်သည်။ ဖေဖေလည်း ဒီချာတိတ်သုံးယောက်နှင့် ဒုက္ခရောက်နေ
လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကြီးတော်ကြီး မ,ပါလား. . ပြန်ဖြေ. . ကျားလို့ဖြေ

"ကျား"

"ဟင်. . ဖြေတဲ့အသံက အားမပါလိုက်တာကွာ. . ပြန်ဖြေ
အားနဲ့ဖြေ. . "

"ကျား. . "

"အင်. . ဘယ်လိုလုပ်လုပ် ရမယ့်ကောင်တွေမဟုတ်ဘူးထ
ပါရဲ့. . ကဲ. . ရှိစေတော့. . ရှိစေတော့. . မင်းတို့ ပထမဆုံးကျင့်
မှာကတော့ လက်သီးထိုးလေ့ကျင့်ခန်းတွေပဲ. . လာ. . ဟောဒီက သဲ
အိတ်တွေကိုထိုးကြ. . "

"အို. . သဲအိတ်ကြီးတွေကလည်း ပျော့မနေပါလား. . ဒုံ
ပါပဲ. . "

"ဟာ. . ဒီကောင်တွေ. . သဲအိတ်ဆိုမှတော့ ပျော့မလားကွ
ဂွမ်းထည့်ထားတာမှမဟုတ်ပဲ. . မာမှာပေါ့. . လုပ်လုပ်. . ထိုးကြ. .
ဟာ. . ဟိုဘက်ကကောင် မင့်ဟာက ယောက်ျားထိုးမှမဟုတ်ပဲ. .
မိန်းမထိုးကြီးထိုးနေတာပဲ"

ငွေစင်ဟန်ကတော့ စိတ်မထိန်းနိုင်သဖြင့် တခစ်ခစ်ရယ်
နေမိသည်။ ပထမတော့ ကိုယ်ကာယကြံ့ခိုင်မှုနှင့် လက်ဝှေ့ပညာ
သင်ကြားရေးအတွက် ဇော်ဇော်တစ်ယောက်တည်းကိုသာ သူမ
တာဝန်ယူခဲ့ရသော်လည်း ယခုတော့ အုပ်စုလိုက်ဖြစ်လာခဲ့သည်။ ဒါ
ကလည်း တစ်မျိုးတော့ကောင်းပါသည်။ ဇော်ဇော်တစ်ယောက်တည်း
ဆိုလျှင် သင်တန်းတက်ဖို့ ငြင်းနေပါလိမ့်ဦးမည်။ သူငယ်ချင်း အ
ပေါင်းအသင်းနှင့်ဆိုတော့ ဘာပဲဖြစ်ဖြစ်၊ သူတို့လည်း မပျင်းတော့ပါ။

"မဖြစ်သေးပါဘူး. . လက်သီးလေးလောက်တော့ ထိုးတက်
ကြမယ်ထင်နေတာ. . ဟောကြည့် ဟိုဘက်ကကောင်. . လက်သီးထိုး
ပါဆို ဘယ့်နှယ် ပါးရိုက်ကျင့်နေတာလဲ. . "





"လက်သီးနာလို့ဆရာကြီးရဲ့. . ဒီလိုပါးရိုက်တာလဲ အတော်
ကလေး ထိရောက်ပါတယ်. . ဟင်းဟင်း. . ဆူဆန်တို့ကို လာထိလို့
ကတော့ ဟောဒီလို ဟောဒီလို ပါးရိုက်ပစ်လိုက်မှာ. . "

"ကောင်းကွာ. . လက်ဝှေ့သင်တန်းဆိုကာမှ. . ပါးရိုက်လာ
ကျင့်နေတဲ့ကောင်ကရှိသေးတယ်. . အင်း. . ကြာရင်တော့ ငါနာမည်
ပျက်တော့မှာပဲ. . "

ဦးမိုးကြိုးက တဖျစ်တောက်တောက်ပြောရင်း လက်သီးထိုး
ပုံထိုးနည်းတွေ သင်ပြပေးရလေတော့သည်။ သူတို့သည် ဆရာသင်
ပြပေးသည့်အတိုင်း သဲအိတ်တွေနှင့် လက်သီးထိုးကျင့်ရင်း ချွေးတွေ
ပြန်နေကြသည်။ နာရီဝက်လောက် ကစားပြီးသောအခါ ဆူဆန်က
မနေနိုင်တော့ဘဲ အနားလှမ်းတောင်းလေတော့သည်။

"ဆရာကြီး. . ဆရာကြီး. . Time Out ဆရာကြီး"

"ဟ. . မင်းတို့ကစားတာ နာရီဝက်လောက်ပဲရှိသေးတယ်
ဆက်ကစားဦး. . "

"မဟုတ်ဘူး ဆရာကြီး. . ဆူဆန် ကြွက်တက်ချင်သလိုဖြစ်
လာလို့. . "

"ဟေ. . မင်းကစားနေတာ လက်သီးမဟုတ်လား. . ဘယ့်
နှယ် ခြေထောက်က ကြွက်တက်ချင်ရတာလဲ. . "

"ခြေထောက်က ကြွက်တက်ချင်တာမဟုတ်ပါဘူး. . ဆရာ
ကြီး. . ဆူဆန့်လက်က ကြွက်တက်ချင်သလိုဖြစ်လာလို့. . ဟင်းဟင်း"

"ကောင်းကွာ. . လူကြားလို့မှမကောင်း. . လက်က ကြွက်
တက်ချင်ရတယ်လို့. . "

အေမီကတော့ ဆူဆန်ကို အနားယူဖို့ကို မကြိုးစားဘဲ သဲ
အိတ်ကို ခပ်ဖွဖွပဲထိုးရင်း ပါးစပ်ကလည်း အော်နေလေ၏။

"ငါဟဲ့. . ကျားမ. . ကဲဟယ်. . ကျားမ. . "

www.burmeseclassic.com



"ဟိတ်ကောင်. . ဘယ့်နှယ် ကျားမ,လို့ အော်နေတာလဲ. . တျားလို့အော်. . "

"ဟုတ်ကဲ့ဆရာကြီး. . ကဲဟယ်. . ကျားဟဲ့. . "

ဇော်ဇော်ကတော့ ပါးစပ်က ဘာမှမအော်ဘဲ သဲအိတ်ကို ကြိုးသာထိုးပစ်နေသည်။ တစ်နာရီလောက်ကြာသောအခါ ဆရာကြီးက သူတို့ကို အနားပေးလိုက်သဖြင့် ဇော်ဇော်တို့အုပ်စုလည်း ကြမ်းပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ကြသည်။

"အေး. . ဒီနေ့တော့ စကာစဆိုတော့ ဒီလောက်နဲ့ပဲ ရပ်လိုက်မယ်. . မနက်ဖြန်လည်း ဒီအချိန်ပဲလာခဲ့ကြ. . "

"ကျေးဇူးအလွန်ပဲတင်ပါတယ် ဆရာကြီး. . ဟင်းဟင်း"

ထိုအခိုက်မှာပင် ငွေစင်ဟာန်က သူတို့အတွက် ရေဘူးတွေ လာပေးလေသည်။



တကယ်တမ်း အားကစားလုပ်သောအခါ ဇော်ဇော်က အတော်ကလေးကစားနိုင်ပြီး ဖွဲ့လည်းရှိသည်။ ထိုအကြောင်းတွေကို ညနေတိုင်းတွင် ငွေစင်ဟာန်က ဦးကျော်ဇေယျထံသို့ သတင်းပို့တင်ပြ၏။

"ဇော်ဇော့်အခြေအနေက နည်းနည်းတိုးတက်မှုရှိတယ်လို့ ကျွန်မ ထင်တယ်ဆရာ. . သူကြည့်ရတာ ဖွဲ့လည်းကောင်းတယ်. . တစ်ခုရှိတာက ဟိုနှစ်ယောက်ရဲ့ လွှမ်းမိုးမှုကြောင့်လည်း ဖြစ်နိုင်တယ်. . "

"ဘာဖြစ်ဖြစ်ပေါ့လေ. . အန်ကယ်တို့ မျှော်လင့်ကြည့်ကြတာပေါ့. . "

သည်နေ့မှာတော့ သူငယ်ချင်းဖြစ်သူ နှင်းပွင့်လှိုင်၏ တိုက်တွန်းချက်ကြောင့် ငွေစင်ဟာန်လည်း သင်တန်းမှာ အလကားထိုင်နေရတာကြာတော့ ဝင်ကစားဖြစ်သည်။ မကစားတာကြာပြီဖြစ်သဖြင့် ချွေးထွက်ကများသည်။ နည်းနည်းလည်း မောလာသဖြင့် တစ်နာရီလောက်ပဲ ကစားပြီး အဝတ်အစားလဲဖို့ အခန်းထဲမှအထွက်တွင် ဇော်ဇော်နှင့် ရင်ဆိုင်တိုးမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဇော်သည် မမငွေစင်ဟန်ကို အားကစားဝတ်စုံဝတ် လျက်တွေ့လိုက်ရသဖြင့် အံ့ဩသွားလေသည်။ လှပလွန်းသောခန္ဓာ ကိုယ်ကို ငေးကြည့်မိသွားသောအခါ သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွား သည်။ ချွေးတွေစိုနေသဖြင့် နဖူးပြင်ဝင်းဝင်းမှာ ဆံစတွေကပ်နေ သည်။ လည်တိုင်သည် အိထွေးနေပြီး စွပ်ကျယ်လည်ဟိုက်ကိုဝတ်ထား သဖြင့် ပခုံးသားဝင်းဝင်းက တင့်တယ်နေလေသည်။

ခန္ဓာကိုယ်အောက်ပိုင်းမှာတော့ အေရိုးဗစ်ဘောင်းဘီရှည် ဝတ်ဆင်ထားသည်။ လှပသော၊ မိန်းမပီသသော ကိုယ်ခန္ဓာသည် တင့်တယ်နေလေသည်။

"ဟော့ဇော်ဇော်. . မင်းက မကစားပဲ ဘာထွက်လုပ်တာလဲ"

"ဟိုဒင်း ဆရာမ. . ဇော်. . ရေထွက်သောက်တာ. . "

ဇော်ဇော်သည် အယောင်ယောင်အမှားမှားဖြစ်လျက်ရှိ သည်။ မမ၏ ဖြူဝင်းနေသော မျက်နှာကလေးကို တစ်ချက်ခိုးကြည့် မိပြန်သည်။ ထိုခဏ၌ သူ့ရင်သည် သိသိသာသာ ခုန်နေသည်ကို သတိပြုမိလိုက်သည်။ သူ ဘာဖြစ်တာပါလိမ့်။ ယခင်က သည်လို ခံစားမှုမျိုးကို တစ်ခါမှ သူမခံစားမိခဲ့ဖူးပါ။

"အင်း. . ရေသောက်ပြီးရင် ဆက်ကစားလိုက်ဦး. . "

"ဟုတ်ကဲ့. . "

ငွေစင်ဟန်က ဇော်ဇော့်ကို ကျောခိုင်းပြီး အဝတ်အစားလဲ ခန်းသို့ လျှောက်သွားသည်။ ဇော်ဇော်သည် မမ၏ နောက်ကျောကို ငေးကြည့်မိပြန်သည်။ ပြီးတော့ အယောင်ယောင်အမှားမှားဖြင့် ရေ ကို နောက်တစ်ခါထပ်သောက်မိပြန်သည်။ သူ့ရင်တွေ ပူလောင်နေ ၏ အားကစားခန်းထဲ ပြန်ရောက်သွားသောအခါ ဇော်ဇော်သည် ထူးထူးခြားခြား တည်ငြိမ်နေလေ၏။

ဆူဆန်က ပက်လက်လှန်၍ အလေးပြားတွေကို တွန်းတင်





နေရာမှ ဇော်ဇော့်ကိုလှမ်းပြော၏။

"ဇော်ရေ. , ဆူဆန့်ကို ကူညီပါဦးကွယ်. . ဆရာမ ထည့်ပေး သွားတဲ့အလေးပြားတွေက များလွန်းလို့. . သုံးပြားလောက်ဖယ်ပေး စမ်းပါ. . "

ထည့်ထားတာမှ သုံးပြားတည်း။ ဇော်ဇော်ကပြုံး၍ခေါင်းခါ ပြလိုက်သည်။

"ဒီလောက်လေးနဲ့. . နင်ဘာမှမဖြစ်လောက်ဘူး ဆက်,မ"

"ရက်စက်လိုက်တာဟယ်. . ဟော. . ဟိုမှာ. . ဟိုတစ်နေ့ က တွေ့လိုက်တဲ့. . ဟိုအစ်ကိုကြီးရဲ့ အောက်ခံဘောင်းဘီလာနေပြီ နင် မကူညီလည်းရတယ်ဇော်. . ဆူဆန် အဲဒီအစ်ကိုကြီးကို အကူ အညီတောင်းမယ်. . အစ်ကိုကြီး. . အစ်ကိုကြီး. . အာနိုးဗလကြီးနဲ့ အစ်ကိုကြီး. . "

ဆူဆန်က လှမ်းခေါ်သော်လည်း ထိုသူက မကြား။ သည် တော့ ဆူဆန်က စိတ်ပေါက်ပေါက်နှင့် လှမ်းအော်၏။

"ဟိုအစ်ကိုကြီးရဲ့ အောက်ခံဘောင်းဘီ. . "

ထိုလူက ထိုအခါမှ ကြားသွားသည်။

"မစ္စတာအာနိုးကြီး. . ဆူဆန့်ကို တစ်ချက်လောက်ကူညီပါ လားဟင်. . "

"ဟာ. . ရှုပ်ရှုပ်ယှက်ယှက်. . မကူညီနိုင်ပါဘူး. . "

"လုပ်ပါ. . ဒီမှာ ဆူဆန်အသက်ထွက်ခါနီးနေလို့. . အလေး ပြားလေးသုံးပြားလောက် လျှော့ပေးစမ်းပါ. . "

ဇော်ဇော်က ဆူဆန့်ကို ပုံစံနည်းနည်းပေးချင်သဖြင့် အလေး ပြားတွေ ထပ်တိုးဖို့ မျက်ရိပ်ပြလိုက်သောအခါ ထိုလူက မသိမသာ မျှကာ ဆူဆန် မ,နေသည့် အလေးပြားတွေထဲသို့ နောက်ထပ်နှစ် ပြား ထပ်ထည့်ပေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . အယုတ်တမာကြီး. . တောင်ပုလုမြို့စား. . ဘူးထွားထွားကြီး. . အီးပေါ်လောကြီး. . အောက်ခံဘောင်းဘီအစုတ်ပလုတ်ကြီး. ."

အေမီက တဟားဟား ရယ်နေသည်။

"အင်း. . ငါတို့လည်း ဒီအတိုင်းဆိုရင်. . နောက်ခြောက်လလောက်ဆို. . အဲဒီ အောက်ခံဘောင်းဘီအစုတ်ပလုတ်ကြီးပုံသဏ္ဍာန်ဖြစ်လာလိမ့်မယ်ထင်တယ်. . အဲဒါဆို လူတွေက အတော်ကဲ့ရဲ့ကြမှာဟဲ့. ."

ဇော်ဇော်က ကစားလက်စ အလေးတွေနှင့် ပြန်ကစားရင်းမေး၏။

"လူတွေက ဘယ်လိုကဲ့ရဲ့ကြမှာမို့လဲ. ."

"လက်ဝှေ့သမားပုံစံ အခြောက်တွေဆိုပြီးလေ. ."

"စိတ်ခတ်ကျစရာတွေပြောမနေပါနဲ့ဟယ်. . ဒီမှာ ဟိုအစုတ်ပလုတ်ကြီး အလေးတွေထပ်တိုးထည့်သွားလို့ သေချင်စော်နံနေရတဲ့ကြားထဲ. ."

"ဆူဆန်အခုလို အလေးမ,ရင်းနဲ့ သေသွားရင် သူ့ခေါင်းထဲကို တို့ ဘာတွေထည့်ပေးလိုက်ရင်ကောင်းမလဲဇော်. ."

"ငှက်ပျောသီးတစ်လုံးဆိုရင် ကောင်းမလား. ."

"ဟယ် အယုတ်တမာကောင် ဇော်နော် ငါ့ိုလိုက်မှာသိလားအင်း. . အဲဒီလိုသာ ငါမပြောကောင်းမဆိုကောင်း သေသွားရင်. . ငါ့ခေါင်းထဲကို ဘရာစီယာလေးတစ်ထည်တော့ ထည့်ပေးလိုက်ကြပါဟယ်. ."

"ထည့်ပေးမယ်. . ထည့်ပေးမယ်. . ဘရာစီယာရော. . ဟိုတစ်ခါ နင့်အစ်မ မသိအောင်ခိုးဝတ်လာတဲ့ ဂါဝန်ကြီးရော ထည့်ပေးလိုက်မယ်. . စိတ်ချ. ."





"ဩော်. . နင်တို့က ငါ့ကို တကယ်သေစေချင်နေကြတာတိုး. . ငါ ငိုလိုက်မှာနော်. . ဒီမှာ မချိမဆန့်ဖြစ်နေရတဲ့အထဲ. ."

ဇော်ဇော်နှင့်အေမီက ဆူဆန့်အဖြစ်ကိုကြည့်၍ ရယ်ကြသည်။ သင်တန်းချိန်ပြီးသော် ဆူဆန်နှင့်အေမီက ကားတစ်စီးဖြင့်ပြန်၍ ဇော်ဇော်ကတော့ ငွေစင်ဟန့်ကို လိုက်ပို့ရဦးမည်ဖြစ်သဖြင့် သူမကို စောင့်နေမိသည်။ ခဏနေတော့ ငွေစင်ဟန်ထွက်လာသည်။ ထိုအခိုက်တွင် ခြံရှေ့မှာရပ်ထားသည့် ကားတစ်စီးပေါ်မှာ နေကာမျက်မှန်တပ်ထားသော လူတစ်ယောက်ဆင်းလာသည်။ ငွေစင်ဟန်သည် ထိုလူကိုတွေ့သွားသောအခါ မျက်နှာပျက်သွားသည်။

"ငွေစင့်ကို ကိုမင်းဟန် လာစောင့်နေတာ. . စကားပြောစရာရှိလို့. ."

"ကျွန်မ ရှင်နဲ့ ဘာစကားမှ ပြောစရာမရှိဘူး ကိုမင်းဟန်"

"ငွေစင်သိပ်မှားနေပြီ. . ကိုမင်းဟန်နဲ့ငွေစင်ဟာ တစ်ချိန်က သိပ်ချစ်ခဲ့ကြတဲ့ ချစ်သူတွေလေ. . လာပါ. . ကိုယ့်ကားနဲ့လိုက်ခဲ့ပါ. ."

"ရှင်နဲ့ကျွန်မ ဇာတ်လမ်းက ပြီးခဲ့တာကြာပြီ. . ရှင် ကျွန်မကို လိုက်မနှောင့်ယှက်ပါနဲ့တော့. ."

"တယ်ခက်ပါလားငွေစင်ရယ်. . တစ်ခါကဖြစ်ခဲ့တဲ့ သံယောဇဉ်လေးတွေကိုတောင်မှ မထောက်တော့ဘူးလား. . တကယ်ကတော့ ကိုယ်တို့နှစ်ယောက်မှာ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်မှ မကုန်သေးဘဲနဲ့. . လာပါ. . ကားပေါ်တက်. ."

ဇော်ဇော်သည် အားလုံးကိုမြင်နေရသည်။ ပြီးတော့ ကြားနေရသည်။

"ကျွန်မ မလိုက်ဘူး ကိုမင်းဟန်. . ရှင်ပြန်ပါ. ."

"မဟုတ်ဘူးလေငွေစင်. . ဒါဆိုရင် ငွေစင်ဘယ်လိုပြန်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ငွေစင်ဟန်က မေးဆတ်ပြရင်းဖြေသည်။

"ဟိုမှာ. . ကျွန်မ ဟိုကားနဲ့ပြန်မယ်. . "

ကိုမင်းဟန်က ငွေစင်မေးဆတ်ရာသို့ စောင်းကြည့်ပြီး ကားဘေးမှာရပ်နေသည့် ဇော်ဇော့်ကိုတွေ့သွား၏။

"ဪ. . လက်စသတ်တော့ ငွေစင့်မှာ မိန်းမလျာအဖော်ရနေပြီကိုး. . ငွေစင်ရယ်. . ဒီလိုယောကျာ်းမစစ်တဲ့ကောင်တွေကို ဘာဖြစ်လို့ ပေါင်းနေရတာလဲ. . "

ဇော်ဇော်သည် ထောင်းခနဲ ဒေါပွသွား၏။ သည်လူသည် သူ့ကို ဗလာချိုးပုတ်ခတ်စော်ကားနေလေပြီ။

"ရှင်ပြန်ပါ. . ကိုမင်းဟန်. . ကျွန်မဆီကိုဘယ်တော့မှ မလာပါနဲ့. . ဒါပဲကျွန်မပြောပါရစေ. . "

"ကောင်းပါပြီလေ. . ကိုယ်က စီးပွားရေးကိစ္စလေးတွေလည်း ပြောရင်း. . ရှေးဟောင်းနှောင်းဖြစ်လေးတွေ ပြန်ပြောရင်ကောင်းမလားလို့ ငွေစင့်ကိုလာခေါ်တာ. . "

ကိုမင်းဟန်သည် စကားကို သည်မျှနှင့်ဖြတ်၍ ဇော်ဇော့်ထံသို့ လျှောက်လာသည်။

"မင်းနာမည်က ဘယ်လိုခေါ်သလဲကွ. . ချာတိတ်. . "

ဇော်ဇော်က ရန်မများချင်သဖြင့် ဒေါပွနေသည့်ကြားမှ ခပ်တိုးတိုးဖြေလိုက်ပါသည်။

"ဇော်ဇော်နိုင်"

"ဟုတ်လား. . ဒီနာမည်ကျတော့ အခြောက်နာမည်မဟုတ်ပါလားကွ. . လုပ်ပါဦး . . . မင်းရဲ့အခြောက်နာမည်လေး. . ကြားရအောင်"

ဇော်ဇော်သည် အံကိုကြိတ်၍ သည်လူကို ခပ်စူးစူးတစ်ချက်ကြည့်လိုက်သည်။ ငွေစင်ဟန်က ကိုမင်းဟန်ကို မျက်စောင်းထိုးပြီး





ရှေ့သို့တိုးလာ၏။

"ရှင်. . ကျွန်မချာတိတ်ကို မစော်ကားပါနဲ့ ကိုမင်းဟန်"

"မစော်ကားပါနဲ့ဟုတ်လား ငွေစင်. . ဟားဟား. . ရယ်စရာကောင်းသေးတော့တယ်. . ငွေစင်မို့လို့ ဒီလိုအခြောက်ချာတိတ်နဲ့ ပေါင်းနေတယ်. . မရှက်ဘူးလား. . ဘာတဲ့. . အခြောက်ကိုခေါ်တာတွေရှိသေးတယ်. . ဂန်ဒူး. . မိန်းမလျာ. . နောက်ပြီး. . "

"ရှင့်ကို တော်တော့လို့ ပြောနေတယ်နော် ကိုမင်းဟန်. . ရှင်ထပ်မစော်ကားနဲ့တော့. . "

"ကြည့်ပါဦးကွာ. . ဝတ်စားထားတာလဲ. . ယောကျာ်းလိုလို မိန်းမလိုလို. . "

ဇော်ဇော်၏ သည်းခံနိုင်စွမ်းသည် ကုန်သွားပြီး အသားတွေ တဆတ်ဆတ်တုန်လာသဖြင့် ကိုမင်းဟန်၏ပါးကို လွှဲရိုက်လိုက်သည်။ သို့သော် ကိုမင်းဟန်က ဇော်ဇော့်လက်ကို ဖမ်းချုပ်ထားလိုက်သဖြင့် ပါးကိုမထိလိုက်။

"ခင်ဗျားကြီး. . ခင်ဗျားကြီး. . အစုတ်ပလုတ်ကောင်ကြီး"

"ဟားဟား. . ဟော့ကောင်အခြောက်. . ယောကျာ်းဆိုတာ မကျေနပ်ရင် လက်သီးထိုးရတယ်. . အခုလို ပါးမရိုက်ရဘူး. . အေးလေ. . မင်းက အခြောက်ဆိုတော့ ဒီလိုပဲလုပ်မှာပေါ့. . ဟားဟား"

"ကျုပ်လက်ကို အခုချက်ချင်းလွှတ်ဗျာ. . နာတယ်. . "

"အင်း. . မင်းက မိန်းမချောချောတယ်ကွ. . အခြောက်လေးရဲ့. . ဖယ်စမ်း. . မင်းရဲ့ပါးကို နမ်းကြည့်ရအောင်. . "

"ဖြန်း. . "

ငွေစင်ဟန်က ကိုမင်းတန်ကို လွှဲရိုက်လိုက်သဖြင့် ကိုမင်းတန် ဘေးသို့ယိုင်ကျသွားသည်။ ထိုအခါ ဇော်ဇော့်လက်ကို ဆုပ်ထားသည့်လက်သည် လွတ်သွားသည်။ ဇော်ဇော်က ဒေါသကလည်းထွက်



www.burmeseclassic.com

www.burmeseclassic.com



လက်ကလည်းနာသဖြင့် မျက်ရည်တွေကျလာသည်။

"ခင်ဗျားကြီး.. ခင်ဗျားကြီး.. လူယုတ်မာကြီး.."

အနီးတစ်ဝိုက်မှာလည်း လူရှင်းနေသဖြင့် အကူအညီ တောင်း၍မရ။ ထို့ကြောင့် ဇော်ဇော်သည် သူ့လက်လွတ်သွားသည်နှင့် ကိုမင်းဟန်၏ကျောကို ပြေး၍ထုသည်။

"ဟားဟား.. မင်းကများ ငါ့ကိုလာထုနေသေးတယ်..၊ ငါ ပြောနေတယ်နော်..'ဆက်မထုနဲ့တော့.."

"ထုမယ်.. ထုမယ်.. ခင်ဗျားကြီးကို အသေသတ်မယ်"

"ကဲ.. ပြောလို့မှမရရင်.. ယောကျ်ားလက်သီးလေး တစ်ချက်လောက်မြည်းကြည့်လိုက်ဦး.. ရော့.."

ဇော်ဇော့်မေးရိုးပေါ်သို့ ပြင်းထန်သော လက်သီးတစ်ချက် ကျလာပြီး ဇော်ဇော် ဖင်ထိုင်လဲကျသွားသည်။

"ရှင် ဘယ်လိုလူလဲ.. ကိုမင်းဟန်.. ယုတ်မာလှချည်လား သွား.. ထွက်သွား.. ရှင် ကျွန်မရှေ့က အခုချက်ချင်းထွက်သွား"

ငွေစင်ဟန်က အော်လည်းအော် ဇော်ဇော့်ကိုလည်း ပြေး ပွေ့သည်။

"ကောင်းပါပြီငွေစင်.. ကိုယ်သွားတော့မယ်.. ဒါပေမယ့် ငွေစင်မှတ်ထားဖို့က ငွေစင်နဲ့ကိုယ့်ဇာတ်လမ်းက မပြီးသေးဘူး.."

ကိုမင်းဟန်က မခိုးမခန့်ပြုံး၍ပြောရင်းက သူ့ကားသူမောင်း ၍ထွက်သွားသည်။ ဇော်ဇော်သည် ငွေစင်ဟန့် ရင်ခွင်ထဲတွင် ရှိုက် ကြီးတငင် ငိုကြွေးနေလေသည်။ သည်လိုစော်ကားမှုမျိုးကို သူ့ဘဝမှာ တစ်ခါမှမကြုံခဲ့ဖူးပါ။ ယခု စော်ကားမှုက စကားလုံးတွေနဲ့တင်မဟုတ် ကိုယ်ထိလက်ရောက်ပါ စော်ကားသွားခြင်းဖြစ်သည်။

"လက်ကရော အရမ်းနာသွားလားဟင်.. မငိုနဲ့တော့ တိတ် မမကါစွမှာ ဇော်ဇော်က အချောင်သက်သက်ဝင်ခံလိုက်ရတာ..





အလကားလူ.. ဒီလူကို မမတစ်သက်လုံး မကျေဘူး.."

"မမ.."

"ဟင်.. ဘာလဲဇော်ဇော်.."

"ဒီလူ မမကိုလည်း စော်ကားသွားသေးတယ်.. ဇော်ဇော့် ကိုလည်း စော်ကားတယ်.. ဒါပေမယ့် ဇော်ဇော် မမကိုလည်း မကာ ကွယ်လိုက်နိုင်ဘူး.. ဇော်ဇော့်ကိုလည်း မကာကွယ်လိုက်နိုင်ဘူး.."

"ကြော်.. ဒီလောက်တော့ရှိမှာပေါ့ကွယ်.. ဒါတွေ ခေါင်း ထဲထားမနေနဲ့တော့.. ဟုတ်ပြီလား.. ကဲကြည့်.. မျက်ရည်တွေက သည်း ထွက်လိုက်တာ.. တိတ်တော့နော်.. တော်ကြာ သူများတွေ တွေ့သွားရင် ရှက်စရာကြီး.."

ဇော်ဇော်သည် အံတစ်ချက်ကြိတ်ရင်း မမရင်ခွင်ထဲမှ လူး လဲထသည်။ ကိုမင်းဟန်ထိုးသွားသည့် သူ့မေးရိုးနေရာသည် ချက်ချင်း ယောင်ကိုင်းလာ၏။ ကားပေါ်ရောက်သောအခါ ဇော်ဇော်က ကားမ မောင်းနိုင်သေးဘဲ မျက်ရည်တွေကျလာပြန်သည်။ သူ့ဘဝ၌ အစစ အရာရာ အလိုလိုက်မှုများပြည့်စုံနေသဖြင့် ယခုလို မေးရိုးသို့ ပြင်း ထန်သော လက်သီးချက်ကျလာဖို့ဝေးစွ ဖခင်နှင့်မိခင်သည် သူ့ကို အသားနာအောင် လက်ဝါးလေးဖြင့်ပင် မရိုက်ခဲ့ဖူးပါ။

သူသည် ကားနောက်ကြည့်မှန်ဖြင့်ပင် သူ့မေးရိုးကိုကြည့် လိုက်မိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



## (၅)

ခါတိုင်းဆိုလျှင် မနက်အိပ်ရာကနိုးသည်နှင့် ဇော်ဇော်တစ်ယောက် မှန်တင်ခုံရှေ့ရောက်နေမြဲဖြစ်သည်။ သူ့ဆံပင်တွေက ကုပ်ပိုးရောက်အောင် ရှည်သည်မို့ ရှုပ်ထွေးပွေလီနေသော သူ့ဆံပင်တွေကို စိတ်ရှည်ရှည်နှင့်ဖြီးရင်း ရှင်းရသည်။ ပြီးတော့ မျက်နှာကို နည်းနည်းပါးပါး ကြည့်ကောင်းအောင် ဟိုပွတ်သည်ပွတ်လုပ်သည်။

ထို့နောက်မှ ရေချိုးခန်းဝင်သည်။ သည်နေ့နံနက်တော့ ဇော်ဇော်တစ်ယောက် စောစောစီးစီး အိပ်ရာကနိုးလာသည်။ သို့သော် အိပ်ရာကမထသေးဘဲ မနေ့က အဖြစ်အပျက်တွေကို ပြန်စဉ်းစားမိသည်။ ရှက်ဖွယ်ကောင်းသည့်အဖြစ် ဖြစ်သလို ဒေါသထွက်စရာလည်းကောင်းသည်။ မမကတော့ ဖြစ်ခဲ့ရသော အဖြစ်အပျက်အတွက် ယူကြုံးမရဖြစ်နေပုံရပြီး သူ့ကိုလည်း အထပ်ထပ်တောင်းပန်လေသည်။

"ငါ့မောင်ကိုမမ.. အားလုံးအတွက်တောင်းပန်ပါတယ်..





ငါ့မောင်က ကြားထဲက ဘာမှလည်းမဆိုင်ဘဲ ခံလိုက်ရတာ.. ဒီလူတော့သိမယ်.."

"ထားလိုက်ပါတော့ မမရယ်.. မမကို တစ်ခုပဲ ကျွန်တော်သတိပေးချင်တာက.. ဒီလူကို ကြပ်ကြပ်သတိထားပါ.."

ဇော်ဇော်သည် သူ့ကိုယ်သူ ကျွန်တော်ဟု ပထမဆုံးအနေနှင့် သုံးနှုန်းမိသွားသည်။ မမက ထိုအသုံးအနှုန်းအတွက်ကြောင့်လား၊ သူသတိပေးချက်ကြောင့်လားတော့မသိ နူးညံ့စွာပြုံးလေသည်။

"မျက်နှာက တအားနာလားဟင်.."

"မျက်နှာက သိပ်မနာပါဘူးဗျာ..၊ ရင်ထဲကသာ တအားနာတာ.."

"ဟင်.."

အိမ်ပြန်ရောက်တော့ မေမေက သူ့မျက်နှာကဒဏ်ရာကို စိတ်ပူစွာနှင့်မေးသဖြင့် ဇော်ဇော်က ဖြီးဖို့ကြိုးစားသည်။

"လက်ဝှေ့လေ့ကျင့်ရင်း မတော်တဆထိခဲ့တာမေမေ"

ထိုအခါ မေမေက ရေနွေးကျပ်ပူထိုးပေးသည်။

"အင်.. ဖအေလုပ်တဲ့လူကလည်း သားကို ကျားကျားလျားလျားသိပ်ဖြစ်စေချင်.. သားကလည်း ခပ်ပျော့ပျော့ဆိုတော့.. အခုလိုမဖြစ်သင့်တာတွေဖြစ်ကုန်တာပေါ့.. တော်သေးတာပေါ့လေ.. ဒီလောက်လေးထိလို့.. ခြေတွေလက်တွေများ ကျိုးကုန်ရင်အခက်.. မဖြစ်ပါဘူး.. သားအဖေလာမှ သတိပေးရဦးမယ်.."

"ရတယ်မေမေ.. ဖေဖေ့ကို သိပ်အကျယ်တဝင့် မပြောနေနဲ့ ကျွန်တော် လက်ဝှေ့လေ့ကျင့်ရင်း မတော်တဆထိခဲ့တာလို့ပဲပြော"

"ဟင်.. သားအခေါ်အဝေါ်တွေပြောင်းသွားပါလား"

သူ ဘာမှဆက်မပြောတော့ဘဲ သူ့အခန်းထဲသို့သာ တန်းသွားပြီး ခုတင်ပေါ်မှာ ပစ်လှဲသည်။ ဖေဖေပြန်လာတော့ မေမေက



www.burmeseclassic.com

www.burmeseclassic.com



အကျိုး အကြောင်းပြောပြလိုက်ပုံရသည်။ ဖေဖေက သူ့အခန်းထဲရောက် လာ၏။

"လက်ဖွေ့သင်တယ်ဆိုတော့ ဒီလောက်တော့ရှိမှာပေါ့ကွာ ဒါနဲ့ သင်တန်းတွေတက်ရတာ အဆင်ပြေတယ်မဟုတ်လား. ."

"ဟုတ်ကဲ့ဖေဖေ. ."

ဖေဖေက ခေါင်းတဆတ်ဆတ်လုပ်ပြီး အခန်းထဲကပြန်အထွက်တွင် ခပ်တိုးတိုး လှမ်းပြောသည်။

"မင်းတို့တွေ. . အားကစားသင်တန်းတွေတက်. . လက်ဖွေ့သင်တန်းတွေတက်နေတာဆိုတော့ ဖေဖေ. . မင်းတို့ကျောင်းကို ခွင့်တိုင်ထားလိုက်တယ်. ."

ကောင်းပါသည်ဖေဖေ။ ဇော်ဇော်လည်း သည်ပုံစံကြီးနှင့်တော့ ကျောင်းမတက်ချင်ပါ။ ကျောင်းမှာက သူတို့အုပ်စုကို အားလုံးက နှာခေါင်းရှုံ့ကြသည်။ အတင်းပြောကြသည်။ ပတ်ဝန်းကျင်ကို မည်မျှပင် လျစ်လျူရှုထားသော်လည်း မရ။ ကြာတော့ ကျောင်းတက်ရတာ စိတ်မပါ့ဖြစ်လာ၏။

ဇော်ဇော်သည် အိပ်ရာထက်တွင် ပက်လက်လှန်၍ မနေ့ကအကြောင်းတွေ စဉ်းစားရင်း သူ့မေးရိုးကို လက်နှင့်စမ်းကြည့်လိုက်သည်။ အရောင်ကတော့ သိသိသာသာကျသွားလေပြီ။ သူသည် အိပ်ရာမှ ဆတ်ခနဲထလိုက်ပြီး မှန်တင်ခုံရှေ့ မသွားတော့ဘဲ ရေချိုးခန်းတန်းဝင်သည်။ ပြီးတော့ ကိုယ်လက်သန့်စင်ပြီး မေမေပြင်ဆင်ပေးထားသည့် နံနက်စာကိုဝင်စားသည်။ မေမေက သူစောစောစီးစီးနိုးလာသဖြင့် အံ့သြနေပုံရသည်။

"ညက အိပ်လို့ရလား သား"

"ဟုတ်ကဲ့မေမေ"

"မေမေက သားမျက်နှာအနာကြောင့် အိပ်လို့မှ ရပ့ါမလား



လို့ စိတ်ပူနေတာ. ."

မနက်ခုနစ်နာရီထိုးသော် ဇော်ဇော်လည်း အပေါ်အင်္ကျီတစ်ထည်ကောက်စွပ်ပြီး မဖြီးလိမ်း၊ မပြင်ဆင်ဘဲ၊ ကိုယ့်ကားကိုယ်မောင်းပြီး အပြင်ထွက်ခဲ့သည်။ ပြီးတော့ ဆံပင်ညှပ်ဆိုင်လိုက်ရှာသည်။ ခါတိုင်းညှပ်နေကျဆိုင်သို့ မသွားချင်သဖြင့် သူတို့ရပ်ကွက်ထဲမှာပင်ရှိသော ဆံပင်ညှပ်ဆိုင်တစ်ဆိုင်သို့ ဝင်လိုက်သည်။

"အရှည်ပုံပဲညှပ်မှာလား"

"မဟုတ်ဘူး. . ခပ်တိုတိုသာ ညှပ်ပေးဗျာ. ."

ဆံပင်ညှပ်တာ ဘာမှမကြာပါ၊ ဆယ့်ငါးမိနစ်လောက်ပဲကြာလိမ့်မည်ထင်သည်။ ပြီးတော့ အချိန်စောသေးသဖြင့် ဘယ်သွားရကောင်းမလဲစဉ်းစားပြီး ဘုရားမရောက်တာကြာပြီဖြစ်သဖြင့် ဘုရားသို့သွားသည်။ ဇော်ဇော်သည် အင်္ကျီသားဖြစ်၍ အင်္ကျီထောင့်မှာပင်ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး ဘုရားရှိခိုးသည်။

"အရှင်ဘုရား. . ဘုရားတပည့်တော်အား ယောက်ျားစစ်စစ်တို့၏ အားမာန်နှင့် စိတ်ဓာတ်ကို ပေးတော်မူပါအရှင်ဘုရား"

ဘုရားမှ သူပြန်လာခဲ့သောအချိန်သည် နံနက်ရှစ်နာရီခွဲနေလေပြီ။ အိမ်မှာ ဆူဆန်တို့ရောက်နေတော့မည်ဖြစ်သဖြင့် အိမ်သို့သာတန်းပြန်လာခဲ့သည်။ သူ့အထင်မှန်ပါသည်။ ဆူဆန်တို့ အိမ်မှာရောက်နှင့်နေကြပြီး မေမေနှင့် စကားလက်ဆုံကျနေကြ၏။

"အောင်မလေး. . အန်တီရယ် ဆူဆန်တို့ ပင်ပန်းချက်ကတော့ ပြောမနေပါနဲ့တော့. . စကာစနေ့ကဆိုရင်လေ. . လက်တောင်မြှောက်လို့မရဘူး. . ညကျတော့လည်း ကိုယ်တွေလက်တွေတိုက်လို့ ပါရာစီတမောတောင် သောက်အိပ်ရတယ်. . ဟင်းဟင်း ဒီကြားထဲ လက်ဝှေ့ဆရာကြီးကလည်း တမှောင့်. . သမီးတို့ကို. . အဲဆူဆန်တို့ကို စကားပြောကအစ သင်တယ်. . ရယ်တာတောင်မှ





www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလိုရယ်ရမယ်တဲ့. . ”

ဒေါ်သက်သက်မွန်သည် အံ့ဩသွား၏။

“ယောက်ျားလိုရယ်ရမယ်ဟုတ်လား. . ဘယ်လိုများလဲကွဲ့. အန်တီ့စိတ်ထင်တော့ ယောက်ျားပဲရယ်ရယ်. . မိန်းမပဲရယ်ရယ်. . အတူတူပဲထင်တာ. . ”

“မတူဘူး အန်တီရေ. . မတူဘူးတဲ့. . ယောက်ျားဆိုရင်လေ ဟောဒီလိုရယ်ရတယ်တဲ့. . ဟီးဟီး. . ဟားဟား. . ဟိုးဟိုး. . ”

“ဒါဆို မိန်းမတွေက ဘယ်လိုရယ်လို့လဲ. . ”

“မိန်းမတွေက ခစ်ခစ်. . ဟင်းဟင်းဟင်းလို့ ရယ်တယ်တဲ့ ကြည့်လေ. . သူလုပ်တာနဲ့ အခုဆို ဆူဆန်တို့ရယ်ကာနီးတိုင်း ဘယ်လိုရယ်ရမလဲလို့ စဉ်းစားနေရပြီ. . ”

“ဟုတ်တယ် အန်တီရဲ့. . အဲဒီလက်ဝှေ့ဆရာကြီးက စည်းကမ်းလည်းအရမ်းကြီးတယ်. . အေမီတို့အပေါ်လည်း တစ်ခါမှ ဘဝင်မကျဘူးထင်ပါရဲ့. . တစ်ခါတုန်းကလည်း အေမီ လက်ဝှေ့လေ့ကျင့် နေရင်းနဲ့ ကန်တော့နော်အန်တီ. . အေမီလေလည်လိုက်မိတယ်. . အဲဒီအခါမှာ အဲဒီလက်ဝှေ့ဆရာကြီးက မျက်ထောင့်နီကြီးနဲ့ . . ဟောကောင် မင်းဘယ်လိုလေလည်လိုက်တာလဲတဲ့. . ”

ဒေါ်သက်သက်မွန်ကလည်း အထူးအဆန်းတွေ ကြားနေရသဖြင့် စိတ်ဝင်တစားနားထောင်သည်။

“အီးပဲ ဘယ်လိုပဲပေါက်ပေါက်ပေါ့. . ဟယ်. . ကန်တော့နော်အန်တီ. . လေပဲ. . ဘယ်လိုပဲလည်လည်ပေါ့. . အဲဒါလေ သူက ယောက်ျားလေလည်တဲ့အသံနဲ့ မိန်းမလေလည်တဲ့အသံဆိုပြီး သရုပ်ခွဲပြီးရှင်းပြတယ်”

“ဟင်းဟင်း. . ”

ဒေါ်သက်သက်မွန်က စိတ်မထိန်းနိုင်သဖြင့် ရယ်လိုက်မိ၏။





အေမီက မဲ့ကာရွဲ့ကာဖြင့် ဆက်ပြော၏။

“ယောက်ျားဆိုတာ ပွင့်လင်းတယ်တဲ့. . အရှက်အကြောက်လည်းမရှိဘူးဆိုတော့တဲ့ အီးပေါက်ရင်. . အဲ. . လေလည်ရင် ဘူဆိုပြီး အသံထွက်လေ့ရှိတယ်တဲ့. . မိန်းမကျတော့ ရှက်တတ်တော့ ကြိတ်ပြီး လုပ်ရတဲ့အတွက် ခိုးကြောင်ခိုးဝှက်နဲ့. . ပူလို့ အသံထွက်တယ်တဲ့. . ဟင်းဟင်း. . ”

သူတို့ ဝိုင်းရယ်လိုက်ကြစဉ် ဇော်ဇော်က အခန်းထဲဝင်လာသည်။

“ဟယ်. . ဇော်. . နင် ဆံပင်ညှပ်လိုက်တယ် ဟုတ်လား”

“အေးလေဟယ်. . ဇော်ကလည်း ဆူဆန်တို့ကိုတောင် တိုင်ပင်ဖော်မရဘဲ. . ကိုယ့်သဘောနဲ့ကိုယ် ညှပ်ပစ်တယ်. . ကြည့်စမ်း. . ဒီပုံကြီးက ဇော်နဲ့လည်းမလိုက်ဘူး. . ရုပ်ကြီးကိုက ရင့်သွားလိုက်တာ”

ဇော်ဇော်က ဘာမှမပြောပဲ အေမီတို့နှစ်ယောက်ကို သူ့အခန်းထဲလိုက်ခဲ့ဖို့ မျက်ရိပ်ပြလိုက်မှ သည်ကောင်နှစ်ကောင်လည်း တုပ်ချောင်းချောင်းထလိုက်လာသည်။

“ထိုင်ကြကွာ. . ”

“ဇော်ကလည်းဟယ်. . ဘာဖြစ်လို့ မပြောမဆို ဆံပင်သွားညှပ်လိုက်တာလဲ. . ”

“ဒီလိုကွ. . ငါမနေ့က လူတစ်ယောက်ရဲ့အထိုးလည်းခံလိုက်ရတယ်. . စကားနဲ့လည်း အစော်ကားခံလိုက်ရတယ်. . ”

“ဟယ်. . ဘယ်သူလဲ. . ဘယ်သူလဲပြော. . အဲဒီကောင်ကို ဆူဆန်တို့သွားပြီး ပါးရိုက်ပေးမယ်. . ကောင်းကြသေးရဲ့လား အရပ်တကာ့ ဟင်. . ဒါ. . သက်သက်စော်ကားတာ. . ”

“ဟုတ်တယ်. . အေမီကတော့ ဒီကောင့်ပါးကို လက်ဝါးနဲ့ မရိုက်ဘူး. . ဖိနပ်ချွတ်ပြီး ဖိနပ်နဲ့ရိုက်မယ်. . ”

www.burmeseclassic.com



ဇော်ဇော်က သူ့သူငယ်ချင်းတွေကို ပြုံးလေသည်။ ပြီးတော့မှ တည်ငြိမ်စွာဖြင့်ပြော၏။

"ဘယ်သူလဲလို့မမေးနဲ့တော့. . နောက်ပြီး အဲဒီလူကို မင်းတို့ ရိုက်ပေးစရာမလိုဘူး. . ဒီတစ်ခါ ငါကိုယ်တိုင်ထိုးမယ်. . "

"ဟင်, . "

အေမီနှင့်ဆူဆန်သည် ဇော်ဇော်၏ ပြောပုံဆိုပုံကြောင့် အံ့အားသင့်သွားကြသည်။ ဇော်ဇော်သည် မှန်တင်ခုံမှာရှိသော မိန်းကလေးအလှပြင်ရာတွင် သုံးသည့်ပစ္စည်းတွေကို ကြွပ်ကြွပ်အိတ်တစ်ခုသို့ အားလုံးကောက်ထည့်ပြီး သူ့ခုတင်အောက်သို့ ထိုးထည့်သည်။

"ဇော်. . "

"အင်း. . မင်းတို့လည်း ဒီဘဝကို ရှက်ကြဖို့ကောင်းပြီ သူငယ်ချင်းတို့ တကယ်ကတော့ကွာ. . တို့တွေဟာ အခြောက်စစ်စစ်ကြီးတွေမဟုတ်ကြသေးပါဘူး. . တို့မှာ ပြင်ဖို့လိုတာက စိတ်ဓာတ်ပဲကွ. . ငါစဉ်းစားကြည့်မိတယ်. . တို့မှာ ခန္ဓာကိုယ်ချို့ယွင်းချက် ဘာမှမရှိဘူး။ စိတ်ကသာ မိန်းမဘဝကို အားကျပြီး မိန်းမလိုဖြစ်ချင်နေတာတို့ကောင်တွေ သဘာဝကိုမဆန့်ကျင်သင့်ဘူး. . သဘာဝကို မလိမ်သင့်ဘူး. . အဲဒီတော့ ငါတို့ ပြင်ကြရအောင်. . မင်းတို့လည်း ဒီနေ့ကစပြီး ပြင်ကြတော့ကွာ. . "

"ဟယ်. . ဇော်ဘာတွေပြောနေတာလဲ. . အမလေး. . ဆူဆန်ရင်တုန်လိုက်တာ. . အိုယ်နှယ်လုပ်ကြမလဲ, . အေမီ. . "

"ငါလည်းမသိတော့ပါဘူး ဆူဆန်ရယ်. . ဇော်အပြောင်းလဲကြီးပြောင်းလဲသွားပြီဟဲ့. . "

ဇော်ဇော်သည် သူ့သူငယ်ချင်းတွေထိုင်နေသည့်နေရာမှာ သွား၍ကပ်ထိုင်သည်။

"တို့တွေဟာ ယောကျ်ားစစ်စစ်တွေပဲမဟုတ်လားကွာ. . "





"အို. . ဇော်ကလည်း ယောကျ်ားတော့ယောကျ်ားပေါ့. ဒါပေမယ့် ဆူဆန်တို့က ကျားမတွေလေ. . ခစ်ခစ်. . "

"တို့အခေါ်အဝေါ် အသုံးအနှုန်းတွေကိုလည်း ပြင်ကြရအောင်ကွာ. . မင်းတို့က ငါ့ကို ဇော်ဇော်လို့ပဲခေါ် ငါကလည်း မင်းတို့ရဲ့နာမည်ရင်းတွေပဲခေါ်တော့မယ်. . အဲဒီ ဆူဆန်တို့ အေမီတို့ဆိုတဲ့ နာမည်ကြီးတွေကို အတိတ်မှာထားခဲ့လိုက်တော့. . ယောကျ်ားဆိုတာ ကိုယ့်ကိုယ်ကိုယ်လည်း ကာကွယ်နိုင်ရမယ်. . သူများကိုလည်း ကာကွယ်နိုင်ရမယ်. . အခုတော့ကွာ. . ငါအသုံးမကျလို့ ငါမိန်းမဆန်နေလို့. . "

ဇော်ဇော့်အသံသည် တိမ်ကျသွားလေသည်။ အေမီသည် ဇော်ဇော့်စကားတွေကို ငြိမ်၍နားထောင်နေရာမှ ဇော်ဇော့်ပခုံးကို လှမ်းဖက်သည်။

"ဇော် ဒီလောက်တောင် အပြောင်းအလဲဖြစ်သွားရတဲ့အကြောင်းက. . မနေ့ကအကြောင်းကြောင့်လားဟင်. . "

"အေးကွ. . ငါ့ဘဝမှာ ဒီလိုစကားတာမျိုး တစ်ခါမှမခံဖူးဘူး. . ဘာပဲဖြစ်ဖြစ်လေ. . ငါ့ကို လမ်းမှန်ရောက်အောင် ပြန်တွန်းပို့သလိုတော့ ဖြစ်သွားတာပေါ့ကွာ. . "

ထိုအချိန်တွင် ငွေစင်ဟန်က ဇော်ဇော်တို့အိမ်သို့ ရောက်လာ၏။ ဒေါ်သက်သက်မွန်က ဝမ်းသာအားရနှင့်ပင် အကျိုးအကြောင်းပြောပြသည်။ ငွေစင်ဟန်သည် အံ့ဩသွားမိလေသည်။ ဇော်ဇော်သည် တဖြည်းဖြည်းတော့ ပြောင်းလဲလာလိမ့်မည်ဟု ထင်ထားခဲ့သော်လည်း သည်မျှအပြောင်းအလဲမြန်လိမ့်မည်တော့မထင်။ အခန်းထဲက စကားသံကျယ်ကျယ်သည် ဧည့်ခန်းထဲထိပျံ့လွင့်လာသဖြင့် ငွေစင်ဟန်လည်း နားစွင့်လိုက်မိသည်။

"စဉ်းစဉ်းစားစားတော့လုပ်နော်ဇော်. . တို့တွေဝယ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေက နည်းတာမဟုတ်ဘူး. ."

"ဘာလဲကွာ. . အေမီ့စကားက ဘာကိုဆိုလိုလိုက်တာလဲ. . ဆူဆန်တော့ နားမလည်နိုင်အောင်ဖြစ်နေမိပြီ. ."

"ဟယ်. . ဆူဆန်ကလဲ ဝယ်ထားတဲ့ပစ္စည်းဆိုတာက စကပ်တို့၊ ဂါဝန်တို့၊ ဘရာစီယာတို့ နောက်ပြီး အလှကုန်ပစ္စည်းတွေလေ ဟယ်. . အဲဒါတွေ အလကားဖြစ်ကုန်မှာစိုးလို့. . နှမြောလို့ဟဲ့. . နင်ကလည်း ဒီလောက်တောင်မသိဘူးလား. ."

"အင်း. . ဟုတ်တယ်. . အေမီပြောတာဟုတ်တယ်. . တို့တွေ အဲဒီလို လိုင်းပြောင်းလိုက်ရင် ဝယ်ထားတဲ့ပစ္စည်းတွေ အလကားဖြစ်ကုန်လိမ့်မယ်. . အကုန်လုံး အကောင်းစားတွေချည်းပဲဟဲ့. . ငါ့မှာဆိုရင် မျက်တောင်ကော့ဆေးကချည်းပဲ. . သုံးမျိုးလောက်ရှိတာ မျက်ခုံးမွေးဆွဲတဲ့ခဲတံဆိုရင်လဲ. ."

"ငါ အကောင်းဆုံးအကြံပေးမယ်. . ဆူဆန်ကတော့ ပြဿနာမရှိပါဘူး. . မင့်အစ်မကို အားလုံးပေးလိုက်ရင်ပြီးပြီ. . အလကားမဖြစ်ပါဘူး. . အေမီကျတော့ ညီအစ်မ, မရှိတော့ မင်းပေးချင်တဲ့ တစ်ယောက်ကိုပေးလိုက်. . ငါကျတော့ မမငွေစင်ဟန်ကိုပေးလိုက်တော့မယ်. ."

"ဇော်. . နင်တကယ်ဆုံးဖြတ်ပြီးပြီလား. ."

"အေး. ."

"တို့တွေအတွက် ယောကျ်ားစစ်စစ်ပြန်လုပ်ဖို့ဆိုတဲ့ကိစ္စက ထင်သလောက်မလွယ်ဘူးနော်ဇော်. . ရပ်ကွက်ထဲကရော. . ကျောင်းကရော. . တို့ကို အခြောက်တွေအနေနဲ့ပဲ သိထားကြတာ. . နောက်ပြီး အဆိုးဆုံးက တို့ရဲ့အသံနဲ့ ဟန်ပန်တွေပဲ. . ဒါတွေကိုဖျောက်ဖို့ ကြိုးစားရမှာဟဲ့. . ဘယ်လောက်ခက်လိုက်မလဲ. ."

"ဟုတ်တော့ဟုတ်ပါတယ်. . မလွယ်ဘူးဆိုတာ. . သေချာ





တယ်. . ဒါပေမယ့် တို့ကြိုးစားရင်ရပါတယ်. ."

ဇော်ဇော်ကလည်း တည်ငြိမ်စွာ ပြောလိုက်သည်။ အေမီနှင့် ဆူဆန်ကတော့ ခပ်တွေတွေကလေးတွေ စဉ်းစားနေလေသည်။ ထို အခိုက်မှာပင် ဒေါ်သက်သက်မွန်က သူတို့ကိုလှမ်းခေါ်လိုက်သဖြင့် သူတို့အားလုံး ဧည့်ခန်းသို့ပြန်ရောက်လာသည်။ ငွေစင်ဟန်သည် ဇော်ဇော့်ကိုကြည့်ပြီး အံ့အားသင့်သွားသည်။ ဇော်ဇော်သည် မနေ့က ဇော်ဇော်နှင့်မတူတော့ဘဲ အပြောင်းလဲကြီးပြောင်းလဲသွားလေပြီ။

ညက ငွေစင်ဟန်သည် ညဥ့်အတော်နက်မှ အိပ်ပျော်ခဲ့သည်။ ဖြစ်ပျက်ခဲ့ရသော အဖြစ်အပျက်အတွက် ဇော်ဇော့်ကို အလွန်ပဲ အားနာသလို ကိုမင်းဟန်ကိုလည်း ဒေါသအလွန်ထွက်မိသည်။ အလကားလူ။ ဘာမှမဆိုင်သူတစ်ယောက်ကို စကားနှင့်စော်ကားတာ၊ ကိုယ်ထိလက်ရောက် စော်ကားတာတွေကျတော့ အလွန်ပင် မိုက်ရိုင်းလွန်းသည်။ သို့သော် သည်အကြောင်းတွေကိုတော့ ဖခင်ဖြစ်သူအား သူမ ပြန်မပြောပြမိခဲ့ပါ။ မလိုအပ်ဘဲ ပြဿနာတွေ မကြီးထွားစေချင်၍ဖြစ်သည်။ ပြီးတော့ ဖေဖေက ဒေါသကြီးသည်။ ယခုလို ပြဿနာကို ဖေဖေသာ သိသွားလို့ကတော့ မိုးမီးလောင်ပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ဇော်ဇော်သည် သဲအိတ်ကို အားရပါးရကျုံးထိုးနေလေသည်။ သဲအိတ်ကိုကြည့်လိုက်တိုင်း ကိုမင်းဟန်ဆိုသူ၏ မျက်နှာကြီးပေါ်လာသဖြင့် ထိုသို့ အင်နှင့်အားနှင့် ထိုးနေမိခြင်းဖြစ်သည်။ ကြာတော့ သူ့လက်သီးတွေ ဖူးဖူးရောင်လာသည်။

အေမီနှင့်ဆူဆန်ကတော့ လက်သီးတစ်ချက် စကားတစ်ခွန်းဖြစ်၏။

"ဟဲ့ကောင်မ အေမီ . ."

"ဘာလဲ ဆူဆန် . . ."

"ဇော် ပြောသလို . . ငါတို့ယောကျ်ားစစ်စစ်ကြီးတွေ ပြန်လုပ်ဖို့ဆိုတာ မလွယ်ဘူးဟဲ့ . . အဲဒီတော့ သူ့ကိုတော့ ထားလိုက်ဟယ် . . နင်နဲ့ငါကတော့ ဒီအတိုင်းပဲ ဆက်နေသွားကြရင် ကောင်းမလား . . ."

"ဟုတ်တယ်ဟဲ့ . . ငါ ညကဇော် ပြောသလို ယောကျ်ားပုံစံနေကြည့်တယ် . . ဟင်း ဟင်း . . ရယ်စရာကြီးပါအေ . . ငါတို့ရဲ့ ကန့်ကလန့်ပုံကြီးကို ဖျောက်လို့မှမရတာ . . နောက်ပြီး တို့မျက်နှာက ဆံပင်ရှည်တွေ ဘယ်လိုပဲတိုတို . . မိန်းမလျာပုံတော့ပေါက်နေတာ





ဟဲ့ . . အမိက,ကတော့ဟယ် . . မျက်ခုံးမွေးက ဖျက်နေတာ . . တို့ကလည်း မျက်ခုံးမွေးတွေ ရိတ်ထားမိတာကိုး . . ."

သူတို့ပြောနေတာကို ဇော်ဇော် ကြားသွားပြီး လှမ်းပြောသည်။

"မျက်ခုံးမွေးကိစ္စက သိပ်ပြဿနာမရှိပါဘူးကွာ . . သိပ်မရိတ်ရင် ပြန်ရှည်လာလိမ့်မယ် . . ."

ဆူဆန်တို့နှစ်ယောက်က ဘာစောဒကတက်ရမည်မသိ ဖြစ်သွားပြီး လျှာတစ်လစ်ဖြစ်နေကြသည်။ ခဏနေတော့ လက်ဝှေ့ဆရာကြီး ဦးမိုးကြိုးက သဲအိတ်တွေကို အထိုးကျင့်နေသည့် သူတို့ကို ရပ်ခိုင်းပြီး လက်ဝှေ့ပညာများကို ဆက်လက်သင်ပေးသည်။

"တို့မြန်မာ လက်ဝှေ့ကတော့ မင်းတို့စကားနဲ့ပြောရရင်တော့ Free Style ပေါ့ကွာ . . ခန္ဓာကိုယ်တစ်ခုလုံးကို အသုံးပြုတယ် . . ခေါင်း၊ လက်သီး၊ တံတောင်၊ ဒူး၊ ခြေဖျား တိုက်လို့ရတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးကို အသုံးပြုတယ် . . ."

"လက်ဝါးကိုရော အသုံးပြုလို့မရဘူးလား ဆရာကြီး . ."

"အင်း . . ဒူကွပဲ . . ဒီကောင်ကလည်း . . သူသုံးချင်တာချည်းပဲ စွတ်ပြောနေတော့တာပဲ . . ."

"ဟုတ်တယ် ဆရာကြီး . . တိုက်လို့ရတဲ့ အစိတ်အပိုင်းတွေထဲမှာ လက်ဝါးလည်းပါတာပဲ . . နောက်ပြီး ဆူဆန်တစ်ခုမေးချင်လို့ . . ဟိုဒင်း . . သွားကိုရော အသုံးပြုလို့မရဘူးလားဟင် . . သွားကလည်း တကယ်အသုံးဝင်တာပဲ . . ."

"မင်းတို့ကိုသာ လက်ဝှေ့ကြိုးဝိုင်းထဲ ထည့်ပေးလိုက်ရင် ဘာတွေဖြစ်ကုန်မလဲ မသိဘူး . . ဘယ့်နှယ်ကွာ . . မြန်မာ့လက်ဝှေ့ပါဆိုမှ လက်ဝါးတို့ . . သွားတို့သုံးလို့ရမလား . . ကဲ . . ကဲ . . လျှာရှည်ကြနဲ့ . . သေသေချာချာ နားထောင်ကြ . . လက်ဝှေ့ရေးဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပညာကို ဒီနေ့စသင်မယ် . . တို့ဗမာလက်ဝှေ့သမားတွေဟာ လက်ဝှေ့ထိုးသတ်တော့မယ်ဆိုရင် လက်ဝှေ့ရေးပြကြတယ် . . ဒီမှာကြည့် . . ဟောဒါက လက်ခမောင်း ခတ်တယ်လို့ခေါ်တယ် . . ."

"ဖြောင်း . . . ဖြောင်း . . ."

ဆရာကြီးဦးမိုးကြိုးကရှင်းလည်းရှင်းပြသည်။ လက်ခမောင်းကို ကိုယ်တိုင်လည်း ခတ်ပြသည်။ သူ့လက်ခမောင်းခတ်သံသည် ဖြောင်းခနဲ ဖြောင်းခနဲ မြည်လေသည်။

"ဟုတ်ပြီ . . ကဲ . . မင်းတို့ ခတ်ကြည့်ကြစမ်း . . ."

ဇော်ဇော်ကတော့ ဆရာကြီး၏ သင်ပြချက်များကို မမှိတ်မသုန် လေ့လာနေသည်မို့ အားရပါးရ လက်ခမောင်းခတ်လိုက်သည်။

"ဖြောင်း . . ဖြောင်း . . ."

"ဟုတ်ပြီ . . ဟိုနှစ်ကောင် ဆက်ခတ်စမ်းကွာ . . ."

"ဖတ် . . ဖတ် . . ."

"ပြတ် . . ပြတ် . . ."

"ဟင် . . . ဘာသံတွေလဲဟ . . ဒုက္ခပါပဲကွာ . . မင်းတို့နှစ်ယောက် လက်ခမောင်းခတ်တာကလည်းကွာ . . ခြင်ရိုက်နေတာကျနေတာပဲ . . . အားမပါလိုက်တာ . . ပြန်ခတ်စမ်း . . အားရပါးရ ခတ်စမ်း . . ."

"ပြွတ် . . . ပြွတ် . . . ဖတ် . . ."

"ခစ် . . ခစ် . . ."

လက်ခမောင်းခတ်သံက ရယ်စရာဖြစ်နေသဖြင့် ဆူဆန်တို့နှစ်ယောက် ရယ်ကြသည်။

"ဒီပညာကို ကျော်လိုက်ပါတော့ ဆရာကြီးရယ် . . နောက်ပြီး ဆူဆန်တို့က လက်ဝှေ့ကြိုးဝိုင်းထဲဝင်မှာမှ မဟုတ်တာ . . ."

"ဘာကွ . . မင်းတို့ကို လက်ဝှေ့ကြိုးဝိုင်းထဲ မဝင်ရဘူးလို့





ဘယ်သူက ပြောလဲ . . မင်းတို့အဖေတွေနဲ့ ဆရာကြီးညှိပြီးပြီ . . သူတို့က မင်းတို့ကို လက်ဝှေ့ကြိုးဝိုင်းထဲ ထည့်ပေးပါတဲ့ . . လူသစ်စာန်းအနေနဲ့ပေါ့ကွာ . . ဒါကြောင့်မို့လည်း ငါ မင်းတို့ကို ဖိဖိစီးစီး လေ့ကျင့်ပေးနေတာပေါ့ . . ."

"ဟင် . . ."

ဆူဆန်နှင့်အေမီသည် ဆရာကြီး စကားကြောင့်မျက်နှာအကြီးအကျယ်ပျက်သွားသည်။ ဇော်ဇော်ကတော့ အံ့အားသင့်သွားမိလေသည်။

"ဒုက္ခပါပဲ ဆရာကြီးရယ် . . ဆူဆန်ကလေ သိပ်အလှအပမက်တာ . . နှာခေါင်းရိုးတွေ ဘာတွေကျိုးသွားရင် အခက် . . နောက်ပြီး ကြိုးဝိုင်းထဲရောက်ရင် ဟိုဘက်ကကောင်ကို ဖိနပ်နဲ့ချွတ်ချဖို့ကလည်း ဖိနပ်မစီးရဘူးဆိုတော့ . . ."

ငွေစင်ဟန်ကတော့ တခစ်ခစ်ရယ်နေမိသည်။

"မထူးပါဘူးဟယ် . . တို့တွေ ကြိုးဝိုင်းထဲရောက်ရင် . . ဟိုဘက်က ကောင်ရဲ့ မျက်နှာကို တံတွေးနဲ့ထွေးပြီး ဆင်းပြေးကြတာပေါ့ . . ."

"ဟေ့ကောင်တွေ . . တော်ကြစမ်း . . မင်းတို့မရှက်ဘူးလား . . မင်းတို့ယောကျ်ားချင်းတွေ မဟုတ်ဘူးလား . . မင်းတို့ရထားတဲ့ယောကျ်ားဘဝကို မရှက်ကြဘူးလား . . အဲဒီ့တော့ မင်းတို့ ဒီ့ထက်ပိုပြီး လေ့ကျင့်ရမယ် . . . ဘာပဲဖြစ်ဖြစ်ပေါ့ကွာ . . မင်းတို့ဟာ လက်ဝှေ့သမားကြီး ဦးမိုးကြိုးရဲ့တပည့်တွေဖြစ်တယ် . . ငါ့နာမည်ကိုတော့ မဖျက်ကြနဲ့ပေါ့ကွာ . . ဟုတ်လား . . ."

ဦးမိုးကြိုးက ဒေါပွပွနှင့်ကြမ်းလေမှ သူတို့မျက်နှာငယ်လေးတွေနှင့်ဖြစ်သွားသည်။ ဦးမိုးကြိုးသည် ဆက်ပြောပြန်သည်။

"မင်းတို့မှာ ပြိုင်ဘက်တွေရှိနေပြီဆိုတာ မင်းတို့သိလား . .



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်က ငါနဲ့ထိုးဖက် စိန်သံမဏိဆိုတဲ့ လူတစ်ယောက်ရှိတယ် . . အဲဒီကောင်ကြောင့်ပဲ ငါလက်ဝှေ့လောကက နားခဲ့ရတာ . . သူက အခု မောင်မင်းဟန်ဆိုတဲ့ သူဌေးတစ်ယောက်ဆီမှာ လက်ဝှေ့နည်းပြလုပ်နေတယ် . . .”

ငွေစင်ဟန်သည် သူမ၏နားကို မယုံ။ ထို့ကြောင့် ဖခင်ကို ပြန်မေးလေသည်။

“ဖေဖေ ပြောတာ . . တကယ်လား . . ဖေဖေ . .”

“ဟုတ်တယ် သမီး . . ဟိုတစ်လောက မောင်မင်းဟန်လာသွားတာ . . ဖေဖေ့ကို သူ့ဆီမှာလက်ဝှေ့နည်းပြလုပ်ခိုင်းတာ . . အဲဒါ ဖေဖေက မလုပ်နိုင်ဘူးလို့ ငြင်းလိုက်တော့ . . ဒီကောင်က စိန်သံမဏိကိုဆက်သွယ်ပြီး သူ့နည်းပြခန့်လိုက်တယ် . . . ကြေးစားလက်ဝှေ့သမားတွေ မွေးထုတ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့ကွာ”

ငွေစင်ဟန့်စိတ်ထဲ ဘဝင်မကျဖြစ်လာသည်။

“ကိုမင်းဟန်လို ငွေရပေါက် ချောင်းနေတဲ့လူမျိုးက ဒီလက်ဝှေ့လောက,က ဘယ်လောက်များ ပိုက်ဆံရမှာမို့လို့လဲ ဖေဖေ”

“အင်း . . ဒီကောင့်ရည်ရွယ်ချက်က ကြီးတယ် သမီး . . လက်ရှိနာမည်ကြီး ရွှေခါးပတ်ချန်ပီယံတွေကိုလည်း ပွဲသွင်းတယ် . . ပြီးတော့ စိန်သံမဏိလို လက်ဝှေ့သမားဟောင်းကြီးရဲ့ တပည့် တွေကိုလည်း လူသိရှင်ကြားပွဲထုတ်မယ် . . အဲဒါဆိုရင် ပရိသတ် ပိုအားရုံစိုက်လာမယ် . . အဲဒီ့တော့မှ ရုံသွင်းလိုက်ရင် ပိုက်ဆံတွေ သောက်သောက်လဲရမှာ . . ဗီစီဒီလည်း ရိုက်ဦးမှာဆိုတော့ နှစ်ခါ ရမှာပေါ့ သမီးရယ် . . .”

ဇော်ဇော်တို့သုံးယောက်သည် ဦးမိုးကြိုး၏စကားကို ငြိမ်သက်စွာ နားထောင်နေကြရင်း ရင်ထဲမှာ တလှပ်လှပ်ဖြစ်လာကြသည်။ သူတို့၏ဖခင်တွေ ဘာတွေလျှောက်လုပ်နေကြပါလိမ့်။





လက်ဝှေ့ကြိုးဝိုင်းဆိုတာ သာမန်လူတွေအတွက်မှ မဟုတ်ဘဲ၊ တကယ့်ကို ကြမ်းမည့်ရမ်းမည့်သူတွေအတွက်ပဲ။ အခန့်မသင့်လျှင် ကျိုးနိုင်ပဲ့နိုင်သည်။ ဆေးရုံရောက်နိုင်သည်။ အဆင်မသင့်လျှင် အသက်ပါ သေသွားနိုင်သည်။

ဇော်ဇော်ကတော့ ကိုမင်းဟန်ဆိုသည့် လူ၏အမည်ကို ကြားကတည်းက ဘာကြောင့်မှန်းမသိဘဲ သွေးတွေဆူတက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၆)

သူတို့၏ သင်တန်းသည် တနင်္လာမှသောကြာနေ့အထိ ဖြစ်ပြီး၊ စနေ၊ တနင်္ဂနွေနှစ်ရက်ကတော့ အနားရပါသည်။ သောကြာနေ့လက်ဝှေ့သင်တန်းမှာ ဆရာကြီးဦးမိုးကြိုးက သူတို့အချင်းချင်းပြန်ထိုးခိုင်းသည်။ ဆူဆန်နှင့်အေမီကတစ်တွဲ။ ဇော်ဇော်နှင့်ဆရာကြီးဦးမိုးကြိုးက တစ်တွဲ။ ဇော်ဇော်ကတော့ စကတည်းကကြိုးကြိုးစားစားလေ့ကျင့်သင်ယူခဲ့သဖြင့် ယခုဆိုလျှင် အတော်ကလေး ကစားနိုင်ပြီဖြစ်သော်လည်း ဆရာကြီး ဦးမိုးကြိုးနှင့် ထိုးသတ်ရခြင်းဖြစ်သဖြင့်အတော်ကလေးကို သတိထားနေရ၏။

ဦးမိုးကြိုး၏ လက်သီးကြီးက သူ့မျက်နှာနား ဝဲဝဲလာသဖြင့် ခဏ ခဏ ထိတ်ထိတ်ပျာပျာဖြစ်သွားမိသည်။ ဆူဆန်နှင့်အေမီပွဲကတော့ ကြည့်ကောင်းသည်ဟုပင် ပြောရပေလိမ့်မည်။ သူတို့သည် အပြောကလေးတွေကိုယ်စီနှင့် ဖြစ်လေသည်။

"ဟဲ့မကောင်းမ . . ငါ့လက်ဝါးလာတော့မယ်နော် . . အဲ . . ငါ့လက်သီး လာတော့မယ်နော် . . ကြည့်ရှောင် . . ."





"ရှော့ဟယ် . . မှတ်ပြီလား . . ."

"အောင်မလေး . . သေနာမ . . တကယ်ချတယ် . . ."

နောက်ဆုံးမှာတော့ ဒေါသတွေ တကယ်ထွက်လာပြီး နပမ်းလုံးကြလေတော့သည်။ ဆူဆန်က အပေါ်ကရောက်လိုက်၊ အေမီက အပေါ်ကရောက်လိုက် ဖြစ်လျှက်ရှိပြီး ကုတ်တာတွေလည်းပါသလို၊ ဆိတ်တာတွေ၊ ကိုက်တာတွေလည်း ပါသည်။

"အင်း . . . ကြိုးဝိုင်းထဲမှာသာ မင်းတို့ အဲဒီ့လိုလုပ်နေကြရင် . . ငါ့နာမည်တော့ ပျက်ပါပြီ . . . ကဲ . . ထကြစမ်း . . ."

ဆရာကြီးက အတင်းရပ်ခိုင်းမှ သည်ကောင်နှစ်ကောင် ရပ်ကြသည်။ သင်တန်းချိန်ပြီးသောအခါ သူတို့နှစ်ယောက်စလုံး ကုတ်ရာ၊ ဖွဲ့ရာ၊ ကိုက်ရာတွေ ကိုယ်စီနှင့်ဖြစ်နေသည်။ သို့သော် သူငယ်ချင်းအရင်းအချာများဖြစ်ကြသဖြင့် တစ်ယောက်ကိုတစ်ယောက် ငွေမယူဘဲ တဟီးဟီး တဟားဟားနှင့်သာ ဖြစ်နေကြသည်။

စနေနေ့သင်တန်းနားရက်သို့ရောက်သော် သုံးယောက်သားဘယ်မှမသွားကြဘဲ ကိုယ့်အိမ်မှာသာ အခန်းအောင်းရင်း အနားယူနေကြသည်။ ဇော်ဇော်လည်း တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသဖြင့် ဒဏ်ကြေလိမ်းဆေးတွေ လိမ်းထားရ၏။ ထိုအချိန်တွင် ငွေစင်ဟန်နှင့် ဦးကျော်ဇေယျသည် ကုမ္ပဏီရုံးခန်းထဲ၌ ဇော်ဇော့်အကြောင်းကို ပြောဆိုနေကြသည်။

"သူတို့ကို လက်ဝှေ့ကြိုးဝိုင်းထဲ တကယ်ထည့်မှာလား ဆရာ"

"အန်ကယ့် အမိကရည်ရွယ်ချက်ကတော့ သူတို့သုံးယောက်စလုံး အထူးသဖြင့်တော့ အန်ကယ့်သား ဇော်ဇော်ပေါ့ . . ယောကျ်ားစစ်စစ် ပြန်ဖြစ်ရေးပဲ . . သမီး . . မိန်းမလျာဘဝက လွတ်ရုံနဲ့မပြီးသေးဘူး . . တကယ့်ကို ကျားကျားလျားလျား ယောကျ်ားစစ်စစ်ဖြစ်ဖို့လိုတယ် . . ဩော် . . သမီးက စိတ်ပညာနဲ့ကျောင်းပြီးထားတာ

www.burmeseclassic.com



ဆိုတော့ မိန်းမလျာဖြစ်ရတဲ့အကြောင်းရင်းက ဘာလဲသမီး . . စိတ်ကြောင့်လား . . . ရုပ်ကြောင့်လား . . .”

“သမီး အထင်ပြောရရင် နှစ်ခုစလုံးကြောင့်လို့ထင်ပါတယ်”

“အန်ကယ်ကတော့ ပတ်ဝန်းကျင်ကြောင့်လို့ပဲ ထင်တယ် . . သူတို့မှာ မိန်းမလျာဖြစ်စေမယ့် ပတ်ဝန်းကျင်အကြောင်းရင်း ပယောဂတစ်ခု . . ဒါမှမဟုတ် တစ်ခုထက်မကတာတွေ ရှိနေလိမ့်မယ် . . ထားပါတော့လေ . . ဒီကိစ္စကို အန်ကယ်မငြင်းချင်ဘူး . . အခု သားတို့ကိစ္စမှာ အန်ကယ်တို့ သာမန်အခြေအနေလေးတစ်ခုလောက်နဲ့ ကျေနပ်နေလို့ မရဘူး . . ဘာဖြစ်လို့လဲ ဆိုတော့ . . သူတို့ဟာ ဒီဘဝကို သာယာနေတယ် . . မိန်းမလျာဖြစ်ရတာကို ကျေနပ်နေတယ် . . ဒါကြောင့်မို့ အန်ကယ်တို့ သူတို့ကို ခပ်ကြမ်းကြမ်းလေး ကိုင်တွယ်ရလိမ့်မယ် . . ညှာလို့မဖြစ်ဘူး . . .”

ငွေစင်ဟန်သည် သက်ပြင်းတစ်ချက်ကို ခိုး၍ချလိုက်မိသည်။

ချာတိတ်သုံးယောက်မှာ ဇော်ဇော်၏ ပြောင်းလဲချက်က အလွန်ပင် သိသာလေသည်။ ယခုဆိုလျှင် မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေကိုပင် မရိတ်တော့ဘဲ အရှည်ထားစပြုလာသည်။ ဘာပဲဖြစ်ဖြစ် ဇော်ဇော်၏ ပြောင်းလဲချက်တွေကို သူမအနေနှင့်ပီတိဖြစ်ပါ သည်။ ဇော်ဇော်၏ တိုးတက်မှုသည် သူမ၏ တိုးတက်မှုပင်မဟုတ်ပါလား။

ထိုအခိုက်မှာပင် ဦးကျော်ဇေယျ၏ တယ်လီဖုန်းက ကောက်ခါငင်ကာ အသံမြည်လာသဖြင့် ဦးကျော်ဇေယျက ဖုန်းကိုနားထောင်လိုက်သည်။

“ဖေဖေလား . . . ကျွန်တော်ပါ . . .”

ဦးကျော်ဇေယျ ပြုံးလိုက်မိသွားသည်။ သားသည် သူ့ကိုယ်သူ ဇော်ဟု သုံးနှုန်းမည်ပြုပြီးမှ ပြောင်းလဲသုံးနှုန်းလိုက်ပုံရသည်။





သူ ကျေနပ်ပီတိဖြစ်ရပါသည်။ ရှားရှားပါးပါးမွေးထားသည့် သားယောကျာ်းလေး။ သားကို သူတို့သိပ်ချစ်ကြသည်။ ဖူးဖူးမှုတ်အလိုလိုက်ထားကြသည်။ ထို့ကြောင့်ပင်လားမသိ။ သားသည် ပျော့လွန်းသည်။ ပြီးတော့ မိန်းမလျာဘဝသို့ရောက်စပြုလေသည်။

“အင်း . . သား . . ပြော . .”

“ဟိုဒင်း ဖေဖေ . . ဖေဖေ့ရုံးခန်းမှာ မမရှိသလားဟင်”

ဦးကျော်ဇေယျသည် သူ့ရှေ့မှာ ကျုံ့ကျုံ့လေးထိုင်နေသည့် ငွေစင်ဟန်ကို ကြည့်ရင်းက ခပ်တိုးတိုးပြန်ဖြေလိုက်သည်။

“အင်း . . .”

“ဟာ . . ဒါဆို . . ကျွန်တော် . . ဖေဖေ့ရုံးခန်းကို လာခဲ့ချင်တယ် . . .”

“မလာနဲ့ . . .”

“ဘာဖြစ်လို့လဲ ဖေဖေ . . .”

“မင်းကို . . ဖေဖေ့ကုမ္ပဏီက လူတွေ ဝိုင်းဝေဖန်မှာကို ဖေဖေ မခံချင်ဘူး . .”

တစ်ဖက်မှ အသံတိတ်သွားသည်။ သားဖြစ်သူကို ထိုသို့ပြောရသည်မှာ အားနာစရာတော့ကောင်းပါသည်။

“ဖေဖေ . . ကျွန်တော်ဟာ ကျိုးနေ ကန်းနေလို့လားဟင် . . ဒါမှမဟုတ် နူနေရွဲနေလို့လား . .”

“အဲဒီလို ဖြစ်နေရင် ဘာအရေးလဲ သားရယ် . . . ဒီလိုဖြစ်နေတာဟာ ဘဝပေးကုသိုလ်အံရ ဖြစ်ရတာပါ . . ဒါကို ဘာမှရှက်နေစရာမလိုပါဘူး . .”

“ဒါဆို . . ဖေဖေက ကျွန်တော် အခုလိုဖြစ်နေတာကို ရှက်တယ်ပေါ့ . . .”

ဦးကျော်ဇေယျသည် ရယ်သွမ်းသွေးရင်း ပြန်ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေကတော့ ဒီကိစ္စမှာ သားကိုယ်တိုင်က ပိုရှက်စရာကောင်းတယ်လို့ ထင်တယ် . . ."

"ကျွန်တော် ကိုယ်ကျင့်တရား ဘာတစ်ခုမှ မဖောက်ပြန်ခဲ့ပါဘူး ဖေဖေ . . ."

"မဆိုင်ဘူး သား . . ကိုယ်ကျင့်တရားဆိုတဲ့ကိစ္စက သီးခြားကိစ္စ . . သဘာဝတရားကိစ္စ . . အဲဒီ သဘာဝကို ဆန့်ကျင်တာကိုက သားတို့အမှားပဲ . . ဒါဟာ ရှက်စရာကိစ္စပဲ . . ."

တစ်ဖက်မှ သက်ပြင်းချသံ ကြားရသည်။

"ဒါဆို . . သဘာဝတရားကို ဆန့်ကျင်ပြီး အိမ်ထောင်မပြုကြတဲ့ လူပျိုကြီး၊ အပျိုကြီးတွေကိစ္စကို ဖေဖေ ဘယ်လိုပြောမလဲ"

"အိမ်ထောင်မပြုကြတဲ့ လူပျိုကြီး၊ အပျိုကြီးတွေဟာ သဘာဝတရားကို ဆန့်ကျင်တာမဟုတ်ဘူး သား . . သူတို့ဟာ သဘာဝတရားကို လွန်ဆန်တာ . . ."

ဖော်ဖော် ရယ်လေသည်။ ထို့ကြောင့် ဦးကျော်ဇေယျက လည်း လိုက်ရယ်မိသည်။ သားနှင့်စကားပြောရတာ အရသာရှိလိုက်တာ။ ဖခင်နှင့်သား အငြင်းအခုန်ပဲ ပါပါ၊ အငြင်းအခုန်ပဲ မပါပါ စကားပြောရသည်မှာ အရသာရှိပါသည်။ ငွေစင်ဟန်သည် ဖုန်းဆက်လာကတည်းက ထိုဖုန်းသည် သူ့ထံမှဖုန်းဖြစ်သည်ကို သိနေ၏။ သား အဖနှစ်ယောက်၏ စကားပြောဆိုမှုကို အနှောင့်အယှက်မပြုချင်သဖြင့် ထိုနေရာမှထမည်အပြုတွင် ဦးကျော်ဇေယျက လက်ပြပြီးတားသဖြင့် ဆက်ထိုင်နေရသည်။

"ဖေဖေ . . ."

"ဟင် . . ဘာလဲ သား . . ဘာပူဆာမလို့လဲ . . ."

"ဖေဖေ . . ."

"ဟေ . . ဘာပြောမလို့လဲကွ . ."





တစ်ဖက်မှ ရှိုက်သံကိုကြားရသည်။ မြတ်စွာဘုရား . . . ဖော်ဖော်တစ်ယောက် ငိုကြွေးနေလေပြီလား . .။

"ကျွန်တော် ဒီဘဝကို စိတ်နာတယ် ဖေဖေ . . ယောကျ်ားပီပီသသပြန်ဖြစ်ချင်တယ် . . ."

ဦးကျော်ဇေယျသည် မျက်လုံးအိမ်ထဲ၌မျက်ရည်တွေပြည့်လာသည်။ ဒါမှငါ့သား . . ရင်ထဲတွင် တလှပ်လှပ်ဖြစ်လာ၏။ ဦးကျော်ဇေယျ၏အသံသည် လှိုက်၍တုန်ရင်နေလေ၏။

"ကြိုးစားပေါ့ သားရယ် . . ဒီလိုဘဝမျိုးက ရုန်းထွက်ဖို့ဆိုတာ လွယ်မယောင်နဲ့ခက်တယ် . . စိတ်ဓာတ်၊ အမူအကျင့်၊ အပြောအဆို၊ အနေအထိုင်တွေအားလုံး ပြောင်းပစ်ရမှာ . . ဘာပဲဖြစ်ဖြစ် သား လိုအပ်တဲ့ အကူအညီဆိုရင် ဖေဖေ့ကိုချက်ချင်းပြောပါ . . ."

ဖော်ဖော့်အသံတိတ်သွားလေသည်။ ခဏကြာမှ ခပ်တိုးတိုး ပြော၏။

"မမနဲ့ကျွန်တော် စကားပြောချင်တယ် . . မမကို ကျွန်တော့်ဆီ လွှတ်ပေးလို့ရမလား ဖေဖေ . . ."

"ရတာပေါ့ သားရဲ့ . . ဟုတ်ပြီ . . ခဏနေရင် မင်းမမ ရောက်လာလိမ့်မယ် . . ."

ဦးကျော်ဇေယျသည် ဖုန်းကို ပိတ်လိုက်ပြီး စားပွဲပေါ်သို့ အသာလှမ်းတင်လိုက်သည်။

"သမီးနဲ့စကားပြောချင်တယ်တဲ့ကွယ် . . သွားလိုက်ပါဦး"

"ဟုတ်ကဲ့ ဆရာ . . ."

ငွေစင်ဟန်သည် ဦးကျော်ဇေယျထံမှ ရှိုရှိုသေသေဖြင့်ပင် ထွက်သွား၏။ ဦးကျော်ဇေယျ၏မျက်နှာသည် တည်ငြိမ်လေးနက်လေ၏။ ပြီးတော့ သူသည် တယ်လီဖုန်းကို ကောက်ယူလိုက်ရင်း ဂဏန်းတချို့ကို နှိပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကားကို ဇော်ဇော်က ညင်ညင်သာသာပင် မောင်းသည်။ အိမ်သို့ရောက်ရောက်ခြင်းပင် ဇော်ဇော် အပြင်သွားဖို့ အဆင်သင့် စောင့်နေသည်။ ဘယ်သွားမည်ဟု မပြောဘဲ ကားပေါ်သို့အရင်တက်ထိုင်ပြီး ငွေစင်ဟန်အတွက် တစ်ဖက်ကားတံခါးကို လှမ်းဖွင့်ပေးသည်။

"ဘယ်သွားမလို့လဲ ဇော်ဇော် . . ."

"တစ်ခုခု သွားစားကြရအောင် . . ."

သူမ ကားပေါ်တက်လိုက်သည်။ ဇော်ဇော်က သူမကိုယ်ကိုကျော်၍ ကားတံခါးကို ဆွဲပိတ်ပေး၏။ ထိုအခါ ဇော်ဇော့်လက်သည် သူမကို ထိမိပွတ်မိတော့သည်။ ငွေစင်ဟန်သည် ဇော်ဇော့်ကို ဖျတ်ခနဲကြည့်မိသည့်အခါ ဇော်ဇော်၏မျက်နှာမှာ အားနာဟန်ပေါ်သွား၏။

"ဆောရီးနော် မမ . . ."

ငွေစင်ဟန် ရှက်စနိုးနှင့်ခေါင်းငုံ့လိုက်မိသည်။ ဇော်ဇော်သည် သူမ စတွေ့ကာစ ဇော်ဇော်နှင့်ခြားနားမှုတွေရှိနေလေပြီ။ ယခင်က ဇော်ဇော်သည် ဆံပင်ရှည်နှင့်ဖြစ်ပြီး နုနယ်လွန်းသည်။





မိန်းမလျာအသွင်က မြင်ရုံဖြင့်ပင် သိသာသည်။ ယခု ဇော်ဇော်ကဆံပင်တိုသွားပြီး မုတ်ဆိတ်ကျင်စွယ်တွေနှင့်လည်း ဖြစ်သည်။

ကားကို ဇော်ဇော်က ညင်ညင်သာသာပဲ စမောင်းလေသည်။ ထိုအခါမှ ငွေစင်ဟန်က ဇော်ဇော့်ဘက်သို့ မသိမသာ ခိုးကြည့်ရင်း ဇော်ဇော့်မျက်နှာကို အကဲခတ်လိုက်မိသည်။ တကယ်ကတော့ ဇော်ဇော်သည် လူချောကလေးတစ်ယောက်ဖြစ်ပါသည်။ တည်ကြည်ခံ့ညားသော ဖခင်ဖြစ်သူနှင့် ချောမောလှပသော မိခင်တို့မှ ပေါက်ဖွားလာသော သားဖြစ်သည်နှင့်အညီ ဇော်ဇော့် ရုပ်အဆင်းအင်္ဂါသည် ယောကျ်ားတစ်ယောက်အနေနှင့် ကြည့်ကောင်းပါသည်။

ယခုဆိုလျှင် မုတ်ဆိတ်ကျင်စွယ်တို့ကြောင့် ပို၍ပင် ယောကျ်ားဆန်နေလေသည်။ ဇော်ဇော်၏ မိန်းမလျာဘဝသည် တကယ်ပင်ကုန်ဆုံးသွားပြီလားဟု သူမ သိချင်သည်။

"မမ . . ."

"ဟင် . . . ဘာလဲ ဇော်ဇော် . . ."

"ဒီဇင်ဘာလမှာလုပ်မယ့် အားကစားလ အထိမ်းအမှတ်မြန်မာ့လက်ဝှေ့ပြိုင်ပွဲမှာ ကျွန်တော်လူသစ်တန်းအနေနဲ့ ဝင်ပြိုင်ချင်တယ် . . ."

"အို . . ."

"တကယ်ပြောတာ မမ . . အဲဒါ မမဖေဖေ . . ဆရာကြီးကို မမကတစ်ဆင့် ပြောပေးပါ . . ."

ငွေစင်ဟန်သည် သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်၏။

"ဇော်ဇော် . . လက်ဝှေ့လောကဆိုတာ အရမ်းကြမ်းတမ်းတယ် . . ထိခိုက်ဒဏ်ရာ အနာတရတွေကလည်း အရမ်းများတယ် . . မတော်တဆ ကိုယ်အင်္ဂါတွေ ချို့တဲ့တာတွေ တစ်ခါတလေ



www.burmeseclassic.com

www.burmeseclassic.com



အသက်တောင်ဆုံးရှုံးနိုင်တယ် . . . တကယ်ကတော့ ဇော်ဇော်တို့လို သူဌေးသား . . . ခြေမွေးမီးမလောင် လက်မွေးမီးမလောင်နေရတဲ့ သူတွေအတွက် လက်ဖွဲ့ကြိုးဝိုင်းဟာ ကြမ်းတမ်းလွန်းပါတယ် . . ."

"ဒါပေမယ့် ဆရာကြီးကိုယ်တိုင်က ကျွန်တော်တို့ကို လက်ဖွဲ့ကြိုးဝိုင်းထဲထည့်ပေးမယ် ပြောတာပဲ . . တကယ်ပြိုင်ရမှာတဲ့ . . ."

ငွေစင်ဟန် ခပ်တိုးတိုး ရယ်လေသည်။

"အဲဒါက ဖေဖေ တမင်ပြောတာ . . မင်းတို့ကို အဲဒီလိုမှ မပြောရင် မခြိမ်းခြောက်ထားရင် မင်းတို့ကြိုးစားမှာမဟုတ်ဘူး . . ဒါကြောင့် တမင်ပြောလိုက်တာ . . ."

"ဘာပဲဖြစ်ဖြစ် . . ကျွန်တော် ဝင်ပြိုင်ချင်တယ်ဗျာ . . "

ငွေစင်ဟန်က ခပ်တိုးတိုးလေး ခေါ်လိုက်၏။

"ဇော်ဇော် . . ."

"ဗျာ . . ."

ဇော်ဇော်က ကားကိုမှန်မှန်မောင်းနေရာမှ လှည့်ကြည့်ရင်း ထူးသည်။ အကြည့်နှစ်ခုသည် ဆုံမိကြလေ၏။

"ဇော်ဇော် အဲဒီလို ပြိုင်မှာကို မမကလည်း သဘောမတူဘူး . . ဖေဖေကလည်း ခွင့်ပြုမှာမဟုတ်ဘူး . . နောက်ပြီး ဇော်ဇော့် အဖေကလည်း သဘောတူမှာမဟုတ်ဘူး . . ဒီတော့ လက်ဖွဲ့သင်တာကို အပျော်သဘော . . ယောကျ်ားပီသဖို့ ခန္ဓာကိုယ်ကြံ့ခိုင်ဖို့အတွက်ပဲ သင်တယ်လို့ သဘောထားပါ . . ."

ထိုအခါ ဇော်ဇော်က သက်ပြင်းချသည်။ ပြီးတော့ ကားကို ညင်ညင်သာသာပဲ ဆက်မောင်းသည်။

"မမ . . ."

"ဟင် . . ."

"မမနဲ့ကိုမင်းဟန်ဆိုတဲ့ လူအကြောင်း ကျွန်တော့်ကို ပြော





ပြပါလား . . ဟင် . ."

ငွေစင်ဟန်သည် မထင်မှတ်သောစကားကို ကြားလိုက်ရသဖြင့် အံ့အားသင့်သွားသည်။ သူမသည် ဇော်ဇော့်မျက်နှာတွင် ထိုစကား၏သဲလွန်စကို လိုက်ရှာသည်။ သို့သော် ဇော်ဇော့်မျက်နှာသည် တည်ငြိမ်နေ၏။

"မသိချင်ပါနဲ့ ငါ့မောင်ရယ် . . ဇာတ်လမ်းက ပြီးလည်းပြီးခဲ့ပါပြီ . . ."

"ကောင်းတယ် . . ဒီလူနဲ့မမ မတန်ပါဘူးဗျာ . . အလကားလူ . . ."

ကားသည် အင်းလျားသို့ရောက်လာသည်။ လူသူရှင်းသော စားသောက်ဆိုင်တစ်ဆိုင်ရှေ့သို့ ကားကိုချိုးကွေ့သည်။ ပြီးတော့ ကားကို စက်သပ်ကာ သူ့ကားပေါ်မှ အရင်ဆင်းပြီး ငွေစင်ဟန်ဆင်းဖို့ တံခါးလာဖွင့်ပေးသည်။

"လာ . . မမ . . ."

ဇော်ဇော်သည် သူမကို လက်ကမ်းပေးသဖြင့် ငွေစင်ဟန်ကလည်း ဇော်ဇော့်လက်ကို အားပြုကာဆင်းသည်။ ဇော်ဇော်သည် သူမ၏ လက်ကိုပိုင်စိုးပိုင်နင်း ဆုပ်ကိုင်ကာ ဆိုင်ထဲသို့ဝင်သည်။ ငွေစင်ဟန်က လက်ကိုမသိမသာ ရုန်းကြည့်သော်လည်း မရ။

ဆိုင်ထဲရောက်၍ ခုံမှာထိုင်လေမှ သူမ၏လက်ကိုလွှတ်သည်။ ဇော်ဇော်ကတော့ သူ့ကိုယ်သူ ဘာတွေလုပ်နေသည်ဟုပင် သိပုံမရ။ ငွေစင်ဟန်ကတော့ သက်ပြင်းမောလေးတစ်ခုကိုသာ ချလိုက်မိသည်။

ကိုမင်းဟန်နှင့်ချစ်သူတွေ ဖြစ်ခဲ့ကြတုန်းက ကိုမင်းဟန်တသူမ၏လက်ကလေးကို ကိုင်ခဲ့ဖူးသည်။ ယခုလည်း ဇော်ဇော်က သူမ၏လက်ကို ကိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ . . . ဘာစားမလဲ . . ."

"ဟင့်အင်း . . . မမ စားခဲ့ပြီးပြီ . . မင်းပဲစား . . ."

သူမ ဘာမှမစားချင်သော်လည်း မရဘဲ ဇော်ဇော်က နန်းကြီးသုပ်နှစ်ပွဲမှာသည်။ ပြီးတော့ သူမ အကြိုက်ကိုပင် မမေးတော့ဘဲ ကော်ဖီနှစ်ခွက်မှာသည်။

ထိုအခိုက်မှာပင် ဇော်ဇော့်လက်ကိုင်ဖုန်းက အသံမြည်လာသဖြင့် ဇော်ဇော်က ဖုန်းကိုနားထောင်လိုက်၏။

"ဇော် . . နင် အခုဘယ်မှာလဲ . . ."

ဆူဆန်၏ အသံ။

"ငါ အပြင်မှာ . . ."

"တစ်ယောက်တည်းလား . . ဇော် အပြင်သွားတာ ဘာလို့ တို့ဆီ ဖုန်းမဆက်တာလဲ . . ."

"မဆက်ချင်လို့ကွာ . . သက်သက်ရှုပ်နေမှာစိုးလို့ . . ငါအခု မမနဲ့စားသောက်ဆိုင်မှာ . . ."

"ဟယ် . . . ဘယ်ဆိုင်မှာလဲ . . ဆူဆန် အေမီ့ကိုခေါ်ပြီး လာခဲ့မယ် . . ."

"မလာနဲ့ကွာ . . ."

"မရဘူး . . မရဘူး . . . လာမှာပဲ . . ."

ဇော်ဇော်က ဘာမပြော ညာမပြောဖြင့် ဖုန်းကို ပိတ်လိုက်သည်။ ငွေစင်ဟန်က ဇော်ဇော့်လုပ်ရပ်ကို မျက်မှောင်လေးကုတ်၍ ကြည့်မိသည်။ ထိုအခါ ဇော်ဇော်က ပြုံးလေသည်။

"မမ . . ."

"ဟင် . . ."

"ကျွန်တော် ဘာလို့ အခုလို ပြောင်းလဲလာရတာလို့ ထင်သလဲ"





"အင်း . . မမ အထင်ပြောရရင် . . ဇော်ဇော် စိတ်မဆိုးနဲ့နော်"

"မဆိုးပါဘူး . . ကဲ . . ပြော . . ."

"ကိုမင်းဟန်ကြောင့်လို့ ထင်တယ် . . ဟိုတစ်လောက ကိုမင်းဟန်က ဇော်ဇော့်ကို စကားနဲ့လည်း စော်ကားတယ် . . ပြီးတော့ ကိုယ်ထိလက်ရောက်လည်း စော်ကားသွားတယ် . . အဲဒါတွေကို ဇော်ဇော် နာကြည်းသွားတယ် . . ဒါကြောင့် ယောကျ်ားစစ်စစ်ရဲ့ ဘဝကို လိုချင်လာတယ် . . အဲဒီတော့ ကြိုးစားတယ် . . ."

ဇော်ဇော် ရယ်လေသည်။ သွားပေါ်အောင် ရယ်သည်မို့ ညီညွတ်ဖြူဖွေးသောသွားလေးတွေက ပေါ်လာသည်။ ငွေစင်ဟန်သည် ဤချာတိတ်၏ မျက်နှာကို ငေးကြည့်မိသွားသည်။

"မမ ပြောတာ မှန်သင့်သလောက် မှန်တယ်ဗျ . . ဒါပေမယ့် ကျွန်တော် အခုလို ပြောင်းလဲလာအောင် နောက်ထပ်တစ်ကြောင်းရှိသေးတယ် . . ."

"အဲဒါ ဘာလဲ ဟင် . ."

ဇော်ဇော်သည် မဖြေဘဲ . . မမ၏မျက်နှာကို စေ့စေ့စပ်စပ်ကြည့်နေလေသည်။ မမ၏မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းတို့သည် တင့်တယ်စွာလှနေ၏။

အနီးကပ်မြင်ရသဖြင့် မမ၏မျက်တောင်ကော့တွေကသိသာနေ၏။ ဇော်ဇော်သည် ဘာမှပြန်မပြောဘဲ နန်းကြီးသုပ်ကို နှန်းဖြင့်နယ်နေလေ၏။

"မမ . . နန်းကြီးသုပ်စားလေ . ."

"မမ မေးတာကို ဖြေဦးလေ . . ."

"အခု မဖြေချင်သေးဘူး . ."

"ဒါဖြင့် ဘယ်တော့ ဖြေမှာလဲ . . တကတည်းတော် . . မေးခွန်းလေးတစ်ခုရဲ့အဖြေကို ဖြေဖို့ ဈေးကိုင်နေလိုက်တာ . ."



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . လက်ဝှေ့ကြိုးဝိုင်းထဲက ကျွန်တော့်ပြိုင်ဘက်ကို အလဲထိုးပြီးနိုင်တဲ့နေ့မှာ အဲဒီ့မေးခွန်းကို ကျွန်တော်ဖြေမယ် . ."

ငွေစင်ဟန်သည် ဇော်ဇော့်ကို ဖျတ်ခနဲကြည့်လိုက်သည်။ ဇော်ဇော်သည် သူမကို ပြန်မကြည့်ဘဲ အင်းလျားရေပြင်ဆီသို့သာ ကြည့်နေ၏။



(၇)

"ဟယ် . . ဇော်ရယ် . . . နင်ဘာတွေ လျှောက်လုပ်နေတာလဲ . . အေမီတို့တော့ နားမလည်နိုင်အောင်ဖြစ်နေပြီ . . တို့တွေများ အခုလို Body Building ကစားတာတို့၊ လက်ဝှေ့သင်တာတို့ကို အရမ်းစိတ်ညစ်နေပြီ . . . ကြည့်ပါဦး . . အရင်က သွယ်သွယ်လေး ကြည့်လို့ကောင်းတဲ့ အေမီ့လက်မောင်းဟာ အခုဆိုရင် ကြွက်သား အဖုကြီးတွေ ထွက်လာနေပြီ . . ဘယ်လောက် စိတ်ညစ်ဖို့ကောင်း သိုက်သလဲ . . ."

"ဟုတ်တယ် ဇော်ရဲ့ . . ဆူဆန်တို့က ဒါတွေကို စိတ်ညစ်နေမှန်းနေသလောက် ဇော်ကျတော့ အရမ်းကိုတက်ကြွနေတယ် . . ကြည့်ပါဦး . . ဇော့် ကိုယ်လုံးကြီးဟာ အရင်နဲ့တူသေးရဲ့လားလို့ . . အခုတော့ ဘာရယ် . . အိုလံပစ်နေ့ လက်ဝှေ့ပွဲမှာ ဇော်က တက်ထိုးဦးမယ် ဟုတ်လား . . ."

ဇော်ဇော်တစ်ဦးတည်း သဲအိတ်ကို ကြုံးထိုးနေခိုက် ဆူဆန်နှင့်အေမီဘေးကိုရောက်လာပြီး သူတို့ကြားထားသော သတင်းကို ဇော



www.burmeseclassic.com

www.burmeseclassic.com



မေးနေ၏။ ဇော်ဇော်ကလည်း သဲအိတ်ကို နှစ်ချက်သုံးချက်လောက် ဆက်တိုက်ထိုးပစ်ပြီး ရပ်လိုက်၏။

"ဟုတ်တယ်ကွ . . မင်းတို့လည်း ငါ့လိုပဲ တက်ထိုးမယ် မဟုတ်လား . . ."

"အို . . လူကြားလို့မှမကောင်းတယ် . . တော်ကြာ လက်ဝှေ့ကြိုးဝိုင်းထဲ အခြောက်တွေ ဝင်လာတယ်ဆိုတပြီး ဝိုင်းဟားနေကြပါဦးမယ် . . ."

"ဆူဆန်တို့တော့ ပိုက်ဆံတွေ ဒေါ်လာတွေ သိန်းနဲ့ချီပြီး ပေးတာတောင် ဒေါ်လာပဲ ယူမယ် . . တက်တော့ မထိုးဘူး . ."

"ဟဲ့ ကောင်မ . . ကြိုက်တတ်လှချည်လား . . နင်နာနေပါဦးမယ် . . . ."

"မဟုတ်သေးဘူးကွ . . မင်းတို့ကို ငါမေးမယ် . . မင်းတို့ တကယ်ပဲ . . ဒီအခြောက်ဘဝကို ခုံမင်နေကြပြီလား . ."

"အို . . ဇော်ကလည်း တို့တွေက အခြောက်မဖြစ်သေးပါဘူး . . ဘယ်လိုပြောရမလဲဆိုတော့ ယောကျ်ားတစ်ပိုင်း မိန်းမတစ်ဝက် . ."

"ခစ်ခစ် . . ပြောပုံကကြည့် . . ယောကျ်ားတစ်ပိုင်း မိန်းမတစ်ဝက်တဲ့ . . သူမို့ ပြောတတ်တယ် . . တကယ်ကတော့ လုပ်မနေပါနဲ့ဟယ် . . အခြောက်က အခြောက်ပဲပေါ့ . . ."

"လာကွာ . . ဒီမှာရပ်ပြောရတာ ခြေထောက်ညောင်းတယ် . . ဟောဟိုက ခုံတန်းမှာ သွားထိုင်ပြီး စကားပြောကြမယ်"

ဇော်ဇော်က ခေါ်သဖြင့် သူတို့ခုံတန်းလျားမှာ ရောက်သွားကြ၏။

"ကဲ . . ငါမေးတာကို ဖြေကြစမ်းပါဦး . . မင်းတို့ ဒီ အခြောက်ဘဝကို ခုံမင်နေကြပြီလား . . ."





"ဟင်း ဟင်း . . ဘယ်လိုပြောရမလဲတောင် မသိဘူး . . တို . . တီတီကျကျကြီးမဟုတ်တာတောင် နည်းနည်းတော့ ခုံမင်မိသလိုပဲ . . ကိုယ့်အချင်းချင်းပေမယ့် . . အဲဒီလိုကြီး ဖြေရတာ ရှက်လိုက်တာဟယ် . . ."

"ကောင်မရယ် . . လုပ်မနေပါနဲ့ . . ညည်းလား ရှက်မှာ"

ဇော်ဇော်သည် သူငယ်ချင်းနှစ်ယောက်ကိုကြည့်ပြီး စိတ်မသက်မသာ ဖြစ်သွားမိသည်။ သူ့သူငယ်ချင်းနှစ်ယောက်၏ယောကျ်ားစစ်စစ်ဖြစ်လိုသောစိတ်သည် ဖီးရိုးပါတကား။

"အင်း . . ဒီအတိုင်းဆိုရင်တော့ မင်းတို့နဲ့ငါ လက်တွဲဖြုတ်ရလိမ့်မယ် . . ထင်တယ်ကွာ . ."

သည်ကောင်နှစ်ကောင် ငြိမ်ကျသွားသည်။

"တို့တွေဟာ ဟိုးအထက်တန်းကတည်းက ပေါင်းလာတဲ့ သူငယ်ချင်းတွေ . . တစ်ယောက်နဲ့တစ်ယောက် ဝါသနာတူ . . စရိုက်တူ . . ဆိုးတိုင်ပင် ကောင်းတိုင်ပင်တွေ . . ဒါပေမယ့် မင်းတို့ရဲ့ စိတ်တွေဟာ အရင်လိုပဲရှိသေးတယ် . . . ငါပြောင်းလဲသွားတဲ့နောက် . . မင်းတို့ကိုပါ ငါ့လိုဖြစ်စေချင်တယ် . . နည်းနည်း ကြိုးစားကြည့်ကြပါလား သူငယ်ချင်းတို့ . . မလွယ်မှန်းသိပေမယ့် ကြိုးစားကြည့်ရင်တော့ ဖြစ်လာမှာပါကွာ . . တစ်ခုတော့ရှိတယ် . . မကြိုးစားဘဲနဲ့ . . ဒီအခြောက်ဘဝကိုပဲ ခုံမင်နေတယ်ဆိုရင်မတော့ စောစောက ငါပြောသလိုပဲ . . တို့တွေ လက်တွဲဖြုတ်ကြတာပဲ ကောင်းလိမ့်မယ် . . ."

"ဘာဖြစ်လို့ လက်တွဲဖြုတ်ရမှာလဲ ဇော်ရဲ့ . . ဆက်ပေါင်းနေရင်လည်း ဖြစ်ရဲ့သားနဲ့ . . ."

"မဖြစ်ဘူးကွာ . . ယောကျ်ားရဲ့သူငယ်ချင်းဟာ ယောကျ်ားစစ်စစ်ဖြစ်မှ . . မိန်းမရဲ့သူငယ်ချင်းဟာလည်း မိန်းမစစ်စစ်ဖြစ်မှ



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းလို့သင်းလို့ ပိုကောင်းတယ် . . မင်းတို့ ဒီဘဝက မကျွတ်ချင်ဘူးဆိုရင်တော့ မင်းတို့လိုပဲ ဘဝတူတစ်ယောက်ထပ်ရှာလိုက်ပေတော့ . . ငါတော့ ယောက်ျားစစ်စစ် သူငယ်ချင်းကိုပဲ ရှာပေါင်းတော့မယ် . . ."

ဆူဆန်နှင့်အေမီသည် ချက်ချင်းပင် မျက်ရည်တွေကျလာသည်။

"ပြောရက်လိုက်တာဟယ် . . ဩော် . . လက်စသတ်တော့ ဇော်က တို့တွေကို စွန့်သွားဖို့ စဉ်းစားနေပြီကိုး . . ."

"ရက်စက်လိုက်တာ ဇော်ရယ် . . ဟင့် . . ."

"တိတ်ကြစမ်းကွာ . . ယောက်ျားတစ်ယောက်ဖြစ်ပြီး ငိုမနေကြနဲ့ . . ငါပြောတာ မင်းတို့နားလည်လား . . မင်းတို့လက်ရှိဘဝကို စိတ်နာကြ . . ပြီးရင် ယောက်ျားစစ်စစ်ဘဝကိုရအောင်ကြိုးစား . . ငါ အိုလံပစ်နေ့လက်ဝှေ့ကြိုးဝိုင်းထဲက အဆင်းမှာ မင်းတို့ယောက်ျားစစ်စစ်ဖြစ်နေတာကို ငါမြင်ချင်တယ် . . . ဒါပဲ . . ."

ထိုအခိုက်မှာပင် ခြံရှေ့သို့ ကားတစ်စီးထိုးဆိုက်လာသဖြင့် သူတို့ လှမ်းကြည့်လိုက်ကြသည်။ ကားပေါ်မှ နေကာမျက်မှန်အနက်တပ်ထားသော လူတစ်ယောက်က ခပ်ဖြည်းဖြည်းဆင်းလာပြီး ဖွင့်ထားသော ခြံတံခါးမှ အိမ်ဝင်းထဲသို့ဝင်လာသည်။ ထိုလူသည် အိမ်ရှိရာသို့သွားမည်ပြုပြီးမှ ဇော်ဇော်တို့အုပ်စုကို မြင်သွားသဖြင့် ဇော်ဇော်တို့ရှိရာသို့ လျှောက်လာ၏။

သူသည် တဖြည်းဖြည်းနီးလာပြီး ဇော်ဇော်တို့အနီးသို့ရောက်သောအခါ နေကာမျက်မှန်ကို ချွတ်လိုက်၏။ ထိုအခါ ဇော်ဇော်သည် ထိုလူကို ချက်ချင်းမှတ်မိသွားသည်။

"ကိုမင်းဟန် . . ."

"ဩော် . . ဇော်ဇော်က ဒီရောက်နေတာကိုး . . ဟင် . . .



မင်း ဒီမှာ လက်ဝှေ့လာသင်နေတယ် ဟုတ်လား . . ဟား . . ဟား . . လူရယ်စရာတွေတော့ ဖြစ်ကုန်ပြီကွ . . ဟိုဘက်က အတောင်တွေလည်း အခြောက်တွေပဲ . . အင်း . . ဆရာကြီးကို အကြံပေးဦးမှပဲ . . လက်ဝှေ့လောက သိက္ခာကျပါတယ် . . ဆက်မသင်ပေးပါနဲ့တော့လို့ . . ဟား . . ဟား . ."

ဇော်ဇော်သည် လက်သီးကိုဆုပ်၍ မတ်တတ်ထရပ်လိုက်သည်။ မြင့်မားသော သူ့အရပ်သည် ကိုမင်းဟန်ထက် နှစ်လက်မလောက်ကို မြင့်နေ၏။

"ခင်ဗျား . . ဒီ့ထက် စော်ကားလာရင် ကျုပ် လက်ပါလာလိမ့်မယ် . . ကိုမင်းဟန် . . ဒါပေမယ့် ဒီတစ်ခါဆိုရင်တော့ ဟိုတစ်ခါကလို ဖြစ်မှာမဟုတ်ဘူး . . ."

"ဩော် . . . မင်းက သုံးယောက်တစ်ယောက် အားကိုးနဲ့ ကျယ်တာလား . . အေးပေါ့လေ . . ဆရာကြီးရဲ့ အရှိန်အဝါကလည်း ရှိနေတော့ ဒီစကားမျိုး ပြောရဲနေပြီပေါ့ . . ."

"ဘာမှမဆိုင်ဘူး . . ဘယ်သူမှမရှိလည်း ခင်ဗျားလို လူကို ကျုပ် ကောင်းကောင်းဆုံးမနိုင်နေပြီ . . ."

"ဟား . . ဟား . . မိန်းမလျာဘဝက မနေ့တစ်နေ့က ကျွတ်တဲ့ကောင်ကများ . . ငါ့ကို လာခြိမ်းခြောက်နေသေးတယ် . . ကောင်းပြီလေ . . မင်းလို မခြောက်တတ် ခြောက်တတ်ကောင်နဲ့ငါလိုကောင် ယှဉ်ရမှာ သ,နတယ် . . ဒီတော့ မင်းတကယ်သတ္တိရှိရင် . . ငါစိန်ခေါ်မယ့် အိုလံပစ်နေ့ မြန်မာ့ရိုးရာ လက်ဝှေ့ပွဲမှာ မင်းဝင်ထိုးမလား"

"ဟာ . . လုပ်စမ်းပါ . . ကြိုက်တဲ့နေရာ . . ကြိုက်တဲ့နေ့ပြော . . . ကျုပ် ထိုးမယ် . . ကြည့်စမ်းပါ . . ကျုပ် သွေးရဲသလား . . ခင်ဗျား သွေးရဲသလားဆိုတာ သိသွားစေရမယ် . ."

"ကောင်းတယ် . . ငါကလည်း ဒါမျိုးမှကြိုက်တယ် . . အင်း





www.burmeseclassic.com

www.burmeseclassic.com



တကယ်ယောက်ျားစစ်မစစ် . . . အဲဒီနေ့မှ ငါကြည့်မယ် . . ပြော်ဦးမယ် . . ငါလည်း ဦးစိန်သံမဏိဆိုတဲ့ လက်ဝှေ့သမားဟောင်းကြီးကိုခေါ်ပြီး မျိုးဆက်သစ်လက်ဝှေ့သမားလူငယ်တွေ မွေးထုတ်ဖို့ လုပ်နေတာကွ . . ငါတို့လေ့ကျင့်ပေးနေတဲ့လူငယ်တွေထဲက စိန်ငမန်းဆိုတဲ့ကောင်ဟာ အရမ်းကောင်းတယ် . . အေး . . အဲဒီနေ့မှာ မင်းနဲ့တွေ့ပေးမယ် . . ."

"ဟယ် . . မလုပ်နဲ့ ဇော် . . မတော်တဆ . . ."

"ရှင် ဘယ်လိုလူလဲ . . အဲ . . ခင်ဗျား ဘယ်လိုလူလဲ . . ဆူဆန်တို့ကို သက်သက်မဲ့လည်း လာစော်ကားသေးတယ် . . ဆူဆန်တို့ သူငယ်ချင်းကိုလည်း ဒုက္ခရောက်ဖို့ လာလုပ်နေသေးတယ် . ."

"ဇော် . . သူပြောတာကို နားမထောင်နဲ့နော် . . လက်မခံဘူးလို့ ညည်းလိုက် . . ."

ဇော်ဇော်က သူ့သူငယ်ချင်းတွေဘက်သို့ လက်ကာပြလိုက်သည်။ သူ့တစ်ကိုယ်လုံးသွေးတွေ ဆူပွက်နေလေပြီ။ သို့သော် သူသည် သူ့စိတ်ကို သူထိန်းထားနိုင်ပါသည်။

"ကောင်းပြီလေ . . အဲဒီစိန်ငမန်းနဲ့ ကျုပ်ထိုးမယ် . . သဘောတူတယ် . ."

"ဟယ် . . . အို . . ဇော် . . ."

"မင်း သေသေချာချာ စဉ်းစားဦးနော် ဇော်ဇော် . . ဟိုက တကယ့်ယောက်ျားအစစ် . . မင်းထက်အလုံးအထည်လည်း ကြီးတယ် . . ငါ့ကို မကျေနပ်တာတစ်ခုတည်းနဲ့တော့ မင်းကြိုးဝိုင်းထဲ မဝင်သင့်ဘူး . . ."

"ကျုပ် ယောက်ျားပါ . . စကားကို နှစ်ခါထပ်မပြောဘူး"

ထိုအခိုက်မှာပင် အိမ်ပေါ်မှဆရာကြီး ဆင်းလာသဖြင့် ကိုမင်းဟန်က ဇော်ဇော့်ကို ခေါင်းတစ်ချက်ဆတ်ပြပြီး ဆရာကြီးဆီသို့





လျှောက်သွား၏။ ဆရာကြီး၏နောက်မှာတော့ ငွေစင်ဟန်က လိုက်ဆင်းလာသည်။ ငွေစင်ဟန်သည် ကိုမင်းဟန်ကို တွေ့လိုက်သောအခါ မျက်နှာပျက်သွားသည်။ ပြီးတော့ ဇော်ဇော်ရှိရာသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။

ဇော်ဇော်ကတော့ သဲအိတ်ရှိရာသို့ ပြန်ရောက်သွားပြီး သဲအိတ်ကို တဘုန်းဘုန်းထိုးပစ်နေ၏။ ငွေစင်ဟန်လည်း ဘာလုပ်ရမည်မသိဖြစ်သွားကာ ကိုမင်းဟန်ကို ကွေ့ရှောင်ပြီး ဇော်ဇော်ရှိရာသို့ လျှောက်သွားလိုက်၏။

"ဇော့်ကို ဟိုလူ လာစော်ကားသေးလား . . ."

"မစော်ကားပါဘူး . ."

"တော်သေးတာပေါ့ . . မမက စိုးရိမ်လို့ . . ."

"မမ . . ."

"ဟင် . . ."

"ဆရာကြီး . . လက်ဝှေ့လောကကနားခဲ့ရတာဟာ ဦးစိန်သံမဏိဆိုတာကြောင့်ဆို . . ဆရာကြီး ဘယ်လိုဒဏ်ရာရခဲ့လို့ပဲ"

ငွေစင်ဟန်သည် အတိတ်ကိုပြန်တွေးမိပြီး မျက်နှာကလေးအိုသွားလေသည်။ သူမသည် ဤအကြောင်းတွေကို တခြားလူတစ်ဦးတစ်ယောက်ကို ပြန်မပြောချင်ခဲ့။ သို့သော် ဇော်ဇော်က မေးလာသောအခါ သူမကိုယ်တိုင် လိုလိုချင်ချင်နှင့်ပြောမိသွားလေသည်။

"မမ ခပ်ငယ်ငယ်က ဆိုပေမယ့် အဲဒီနေ့ကို မမ ကောင်းကောင်းမှတ်မိနေတယ် . . ဖေဖေနဲ့ဦးစိန်သံမဏိဟာ စတုတ္ထအချီအထိ အရှုံးအနိုင်မပေါ်ကြဘူး . . နှစ်ယောက်စလုံးလည်း ထိထားလိုက်တာ ဖူးရောင်နေကြပြီ . . အဲ . . နောက်ဆုံးအချီမှာတော့ ဖေဖေက ခြေထောက်ကိုဝိုက်ပြီး ဦးစိန်သံမဏိကို ကန်တယ် . . ဒါပေမယ့် ဦးစိန်သံမဏိက ရှောင်လိုက်လို့ လွတ်သွားတယ် . . အဲဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



တင် ဖေဖေက ဦးစိန်သံမဏိကို တစ်ဟုန်ထိုး ဖိထိုးတော့တာပေါ့ . . ဦးစိန်သံမဏိ အလဲထိုးခံရတော့မယ့် အခြေအနေမှာ ဖေဖေ့ခြေထောက်ကို သံမှိုလေးတွေ စူးသွားတော့တယ် . . ."

ဇော်ဇော် အံ့အားသင့်သွားလေသည်။ လက်ဝှေ့ကြိုးဝိုင်းပေါ်မှာ ဘယ်က သံမှိုတွေ ရောက်လာပါလိမ့်။

"ဖေဖေလည်း ရုတ်တရက်ဆိုတော့ ခြေထောက်ကလည်း နာဆိုတော့ နောက်ကိုတစ်လှမ်းပြန်ဆုတ်ပြီး ခြေထောက်က သံမှိုတွေကို ဆွဲနုတ်ဖို့ ကြိုးစားတော့တာပေါ့ . . အဲဒီတော့ ဦးစိန်သံမဏိက အခွင့်အရေးရသွားပြီး ဖေဖေ့ရင်ဘတ်နေရာကို ဒူးနဲ့ဆင့်ဆင့်ပြီး တိုက်လို့ ဖေဖေ အလဲထိုးခံလိုက်ရတယ် . . နံရိုးနှစ်ချောင်းလည်း ကျိုးသွားတယ် . . ."

"သံမှိုတွေက ဘယ်ကရောက်လာတာလဲ မမ . ."

"မသိဘူး . . ဖေဖေ့စိတ်ထင်ပြောရရင် ဦးစိန်သံမဏိ ပစ်ချတာတော့ မဖြစ်နိုင်ဘူးတဲ့ . . ပရိသတ်ထဲက တစ်ယောက်ယောက်က လှမ်းပစ်လိုက်တာ ဖြစ်နိုင်တယ်တဲ့ . . ."

"တောက် . . ."

ဇော်ဇော် တောက်ခေါက်သံသည် ကျယ်လွန်းလှသဖြင့် ခပ်လှမ်းလှမ်းမှာ ကစားနေသည့် ဆူဆန်နှင့် အေမီက လှမ်းကြည့်သည်။

"ဟဲ့ . . . အေမီ . . ."

"ဟင် . . . ဘာလဲ . . နင် နားချင်နေပြီလား ဆူဆန်"

"မဟုတ်ပါဘူးဟဲ့ . . ဇော့်အကြောင်း အတင်းပြောမလို့ . . ဇော်ကြည့်ရတာ တို့ထက် မမကို ပိုခင်နေသလိုပဲနော် . . ရိုးမှရိုးရဲ့လား မသိဘူး . ."

"အေးလေ . . တို့နဲ့များ ကွာပါ့ . . တို့တွေများ ဘယ်မိန်းကလေးတွေ့တွေ့ ဘယ်တော့မှ မရိုးသားတဲ့မျက်လုံးနဲ့ မကြည့်ဘူး





. . ယောကျ်ားလေးတွေ တွေ့ရင်သာ . . ဟီဟိ . . ."

"ဟဲ့ ကောင်မ . . နင် အတော်ထနေပါလား . . ဒါနဲ့ စောစောက ဇော် ပြောတာ နင်ဘယ်လိုသဘောရသလဲ . . နင် ယောကျ်ားစစ်စစ်ဘဝကိုပဲ ရွေးမလား . . ဒီဘဝကိုပဲ ဆက်ရွေးမလား . ."

"ခက်တယ် ဟယ် . . တို့အဖြစ်က ဘာနဲ့တူသလဲဆိုတော့ . . နေတိုးနဲ့သင်ဇာဝင့်ကျော်ကြားမှာရောက်နေတဲ့ သူတွေလိုဖြစ်နေပြီ . . ."

"ဟယ် . . နင့်ဥပမာက အဆန်းပါလား . . ရှင်းစမ်းပါဦးဟဲ့ . . ."

"ဒီလိုလေဟယ် . . တို့ယောကျ်ားစစ်စစ်ဘဝကိုရွေးလိုက်ရင်တော့ . . ဟီဟိ . . သင်ဇာဝင့်ကျော်နဲ့နီးရမှာ . . အဲ . . အခြောက်ဘဝကိုပဲ ရွေးလိုက်ရင်တော့ . . ဟီဟိ . . နေတိုးနဲ့ . . ."

"တော်စမ်း ဆူဆန် . . နင် စိတ်ကူးယဉ်မနေစမ်းနဲ့ . . အရူးထမနေစမ်းနဲ့ . . မှန်းစရာရှားလို့အေ . . နင်မို့ နေတိုးတို့ သွားမှန်းတယ် . . ငါသာဆို . . ."

"ဟင် . . လုပ်စမ်းပါဦး . . နင်က ဘယ်သူ့ကိုမှန်းနေလို့လဲ"

"ရှက်လည်း ရှက်ပါတယ်အေ . . . အာနိုး . ."

"နင် အတော်ထပါလား အေမီ . . . "

ဆူဆန်နှင့်အေမီကတော့ ထုံးစံအတိုင်း တဟီးဟီး တဟားဟား ဖြစ်နေကြလေပြီ။

www.burmeseclassic.com



(၈)

ဆောင်းဥတု၏ နံနက်ခင်းသည် မြူနှင်းတွေ ထူထပ်နေလေ၏။ ဇော်ဇော်သည် နံနက်ခင်း ခြောက်နာရီကတည်းက ဆရာကြီး ဦးမိုးကြိုးထံမှာ ရောက်နေပြီး လက်ဝှေ့ရေးကျင့်လျက်ရှိသည်။ သူ့အရောင်အတိမ်းနှင့် ထိုးနှက်ဟန်သည် ကျားတစ်ကောင်အလား မာန်ဟုန်ပြင်းလျက်ရှိသည်။ အေးမြသောဆောင်းမှာဖြစ်သော်လည်း ဇော်ဇော့်တစ်ကိုယ်လုံး ချွေးတွေစို့ရွှဲနေလေပြီ။

ဦးမိုးကြိုးသည် ဇော်ဇော့်ကစားဟန်ကိုကြည့်ပြီး ကျေနပ်သွားသည်။ ဇော်ဇော်သည် ရောက်ခါစကနှင့် ဘာမှမဆိုင်တော့ပြီ။ ရှည်သောအရပ်နှင့်လိုက်လျောညီထွေဖြစ်သည့် အသားစိုင်တွေထွက်လာသည်၊ ပြီးတော့ ကိုယ်လုံးကိုယ်ထည်သည် ယောကျ်ားပီသလာ၏။ ယခုအချိန်၌ ဇော်ဇော့်နောက်ကြောင်းကို သိမထားသည့် လူသည် ယခင်က ဇော်ဇော်တစ်ယောက် ခပ်နွဲ့နွဲ့ယောကျ်ားတစ်ယောက်ဖြစ်ခဲ့သည်ဟု ပြောလျှင်ယုံနိုင်လိမ့်မည်မဟုတ်ပါ။

ဇော်ဇော်သည် အိုလံပစ်နေ့ လက်ဝှေ့ပွဲအတွက် ကိုမင်းဟာန်





နှင့် စကားပြောပြီးလိုက်ကတည်းက စိတ်ဓာတ်တက်ကြွနေသည်။ သူ့ဖခင် ဦးကျော်ဇေယျကတော့ ထိုကိစ္စအတွက် စိတ်နည်းနည်းဝေ့သည်။ လက်ဝှေ့ကြိုးဝိုင်းတို့သည် ကြမ်းတမ်းလွန်းသည်မဟုတ်ပါလော။ မတော်တဆများ ထိမိခိုက်မိတစ်ခုခုဖြစ်ခဲ့သည်ရှိသော် မခက်လော။

"သား . . တကယ်ပဲ ဆုံးဖြတ်ပြီးပြီလား . . ."

"ဟုတ်ကဲ့ . . ."

"တကယ်ကတော့ သားရယ် . . အခု အခြေအနေလောက် ရောက်လာတာကိုက ဖေဖေတို့အနေနဲ့ ကျေနပ်စရာကောင်းနေပါပြီ . . ဒီအခြေအနေမှာ သား Body Building မကစားချင်တော့ဘူး . . လက်ဝှေ့မကစားချင်တော့ဘူး . . ကျောင်းပဲပြန်တက်ချင်ပြီ ဆိုရင်လည်း ဖေဖေ ဘာမှကန့်ကွက်စရာ မရှိပါဘူး . ."

"မဟုတ်ဘူး ဖေဖေ . . ကျွန်တော်ကိုယ်၌က ထိုးချင်လို့ပါ"

"နောက်တစ်ခု ဖေဖေ ပြောဦးမယ် သား . . တကယ်ကတော့ ယောကျ်ားပီသမှုကို တိုင်းတာနဲ့နေရာမှာ ကိုယ်ခန္ဓာကြံ့ခိုင်မှု တစ်ခုတည်းနဲ့ တိုင်းတာတာ မဟုတ်ဘူး . . သား . . ယောကျ်ားတစ်ယောက်ရဲ့ ရှိသင့်တဲ့စိတ်ဓာတ်နဲ့ပဲ တိုင်းတာတာပါ . . ဒီကမ္ဘာမှာ ခန္ဓာကိုယ် သေးကွေးကြုံလှီပေမယ့် . . ယောကျ်ားပီသတဲ့ ယောကျ်ားတွေ . . . သူ့ရဲကောင်းတွေ၊ ပညာရှင်တွေ အများကြီးပါ . . အခုဆိုရင် . . . သားမှာ အဲဒီစိတ်ဓာတ်လည်း ရနေပြီထင်တယ်"

"ယောကျ်ားပီသတဲ့ စိတ်ဓာတ်ဟုတ်လား ဖေဖေ . ."

"အင်း . . ရဲစွမ်းသတ္တိရှိမှု၊ အနစ်နာခံမှု၊ တည်ကြည်မှု၊ ပြောရရင်တော့ အတော်ကလေးကို စဉ်းစားပြီး ပြောရလိမ့်မယ်"

ဇော်ဇော်သည် ဖခင်ဖြစ်သူနှင့်ပြောခဲ့မိသောစကားတွေကို မြန်ကြားနေမိသည်။ ခဏနေတော့ သူ့ဘေးသို့ မမငွေစင်ဟန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ မမသည် နံနက်ခင်းနှင့်အတူ လတ်ဆတ်နေ၏။ နုညက်နေသော ပါးပြင်ဝင်းဝင်းတွင် သနပ်ခါးတွေကို တွေ့သည်။ ဆံပင်ကို တစ်ပတ်လျှိုထုံးထားသဖြင့် ရှိရင်းစွဲအသက်ထက် ပိုရင့်နေသလို ဖြစ်နေသော်လည်း ရုပ်ဆင်းအင်္ဂါသည် တင့်တယ်နေ၏။

"ဇော်ဇော် . . . မောင်လေး . . ခဏနားတော့ . . ကောက်ညှင်းပေါင်းစားရင်း ရေနွေးသောက်ရအောင် . . လာ . . ."

မမသည် ရှေ့မှသွားသည်။ ဇော်ဇော်၏ ရင်သည် မမ၏ အလှကြောင့် ငြိမ်းချမ်းနေ၏။ အိမ်ပေါ်သို့ လှေကားမှအတက်တွင် မမ၏ခြေသလုံးသားဝင်းဝင်းသို့ မရည်ရွယ်ဘဲ ကြည့်မိသွားသည်။ ထိုအခါ သူ့ရင်သည် လှုပ်ခနဲဖြစ်သွား၏။ မမကို သူ ချစ်မိနေပြီမှာ ကြာလေပြီ။ သူ ယခုလို ပြောင်းလဲလာရသည့် အကြောင်းအရင်းမှာ မမသည် အဓိကဖြစ်ပါသည်။

သို့သော် သည်အချိန်၌ သူ့မေတ္တာကို ဖွင့်ဟဖို့ခက်ပါသည်။ မမကလည်း သူ့ကို ယုံလိမ့်ဦးမည် မထင်ပါ။ ထို့အပြင် သူငယ်ချင်းတွေကိုလည်း သည်အကြောင်းဖွင့်ပြော၍ မဖြစ်ပါ။ ဟိုကောင်တွေက မယုံသည့်အပြင် သူ့ကို ဟားကြပါလိမ့်မည်။ အချစ်ဆိုသောအရာသည် မခေါ်ဘဲနှင့် အလိုလိုရောက်လာသောအရာဖြစ်ပါသလား။ ယခင်က မိန်းမဆိုလျှင် ချစ်မိဖို့နေနေသာသာ စိတ်ပင်မကူးမိသောအခြေအနေမှ မမကို ဘာကြောင့် သူချစ်မိသွားလေသနည်း။

မမထက်ချောမောလှပသော မိန်းကလေးတွေ ပတ်ဝန်းကျင်တစ်ခုလုံးမှာ ရှိနေပါလျက် မမကို သူချစ်မိသွားကခြင်းမှာလည်း ဆန်းပါသည်။

"ထိုင်လေကွာ . . ဘာကြောင့်ပြီး ရပ်နေတာလဲ . . ."

"ဟုတ်ကဲ့ ဆရာကြီး . . ."

"ဟောဒီမှာ ကောက်ညှင်းပေါင်း . . ဒါက ငါးခြောက်ဖုတ်





. . ဒီမှာက ရေနွေး . . ဪ . . ဒါနဲ့ မင်းကိုပြောရဦးမယ် . . စိန်ငမန်းက မင်းလောက်အရုပ်မရှည်ပေမယ့် . . လူကောင်တော့ မင်းထက် ပိုထွားတယ်ကွ . . မင်း အလေးချိန် ဘယ်လောက်ရှိသလဲ"

"တစ်ရာလေးဆယ့်ငါးပေါင်ပါ ဆရာကြီး . . ."

"အင်း . . ဒီကောင်က ပေါင်တစ်ရာ့ခြောက်ဆယ်လောက် ရှိမယ် . . အသက်ကလည်း မင်းထက် သုံးနှစ်လောက်ကြီးတယ် . . ဒါပေမယ့် ဒါတွေက ကြောက်စရာတော့ မဟုတ်ပါဘူးကွာ . . လုံးကောင်ထွားတဲ့ လက်ဝှေ့သမားတွေဟာ ကစားကွက်လေးလေ့ရှိတယ်ကွ . . သူတို့ကို ခပ်လေးလေး ကစားလို့မရဘူး . . အရှောင်အတိမ်း အတိုက်အခိုက်တွေဟာ သွက်မှ . . နောက်ပြီး စိန်ငမန်းရဲ့ထူးခြားချက်က လက်သီးပဲကွ . . ဒီကောင့်လက်သီးဟာ အတော်ကလေးပြောင့်တယ် . . ကြားတယ် . . မင်း အရမ်းသတိထားရမယ် . . တည့်တည့်ထိလို့ကတော့ကွာ . . အမှတ်စဉ်တောင် ဒိုင်လူကြီးရေလို့ရမှာမဟုတ်တော့ဘူး . . ."

ငွေစင်ဟန်သည် သူမ၏ဖခင်အေးမှာ ကျုံ့ကျုံ့လေးထိုင်နေပြီး ဇော်ဇော့်အတွက် စိုးရိမ်သွားမိလေသည်။ ခဏနေတော့ ဆူဆန်နှင့် အေမီတို့ ရောက်လာကြ၏။

"ဟယ် . . ကောက်ညှင်းပေါင်းတွေတော့ . . အများကြီးပဲ . . ဝင်စားကြရအောင် အေမီရယ် . . ."

"အေး . . စား . . မင်းတို့ပါစားဖို့ အများကြီးဝယ်ထားတာ"

အေမီတို့သည် ကောက်ညှင်းပေါင်းနှင့်ငါးခြောက်ဖုတ်တို့ကို ဆွဲယူကြလေတော့သည်။ ဆရာကြီးက ပြုံးပြီး စောစောက စကားကို ပြန်ဆက်သည်။

"တို့တစ်ခု စဉ်းစားရမှာက . . လက်ဝှေ့ကြိုးဝိုင်းထဲမှာ မရိုးသားတဲ့ကိစ္စတွေပဲ . . ငါတုန်းက ဖြစ်ခဲ့တဲ့ပြဿနာကို မင်းသိတယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား . . "

"ဟုတ်ကဲ့ . . . ဆရာကြီး . . . "

ထိုပြဿနာတွေကို ဇော်ဇော်က ပြန်ဖောက်သည်ချထားသဖြင့် ဆူဆန်တို့နှစ်ယောက်လည်း သိနှင့်နေလေပြီ။

"အို . . အဲဒီလောက်ကတော့ ဆူဆန်တို့က အပျော့ပါ . . သူတို့ဘက်က မရိုးမသားလုပ်လာရင် ဆူဆန်တို့ကလည်း ပြန်လုပ်မှာပေါ့ . . အဲဒီ စိန်ငမန်းရဲ့ ကျောကို သားရေကွင်းနဲ့ပစ်ပေးဖို့က ဆူဆန်ရဲ့တာဝန် . . . . "

"ကျော သားရေကွင်းနဲ့ပစ်လို့ကတော့ ဘာထူးမှာတဲ့လဲ . . မသကာ ဂျင်ကလိနဲ့ပစ်တယ်ဆို ဟုတ်သေး . . . "

"ဟော့ကောင်တွေ တော်ကြစမ်း . . မင်းတို့ဘာသာ ကောက်ညှင်းပေါင်း ဆက်စားနေကြစမ်း . . အလကား ဝင်ဝင်ရှုပ်တယ်"

"မဟုတ်ပါဘူး ဆရာကြီး . . ဒီလို မရိုးမသားလုပ်ရပ်တွေ လုပ်လာရင် အေမီတို့ဘက်ကလည်း ပြန်ပြီး ပြင်ဆင်ထားသင့်တာပေါ့ . . နောက်ပြီး အေမီ တစ်ခုပြောပါရစေ . . လက်ဝှေ့လောကမှာ အင်းအိုင်အဆောင်လက်ဖွဲ့တွေဟာလည်း အရေးကြီးတယ်ဆိုတာ ဒါတော့ . . ဇော်ဇော့်အတွက်လည်း အဆောင်လက်ဖွဲ့အင်းအိုင်ချောင်းကန် . . . မြစ် . . . ပင်လယ် . . . "

"ဟဲ့ ကောင်မ . . . ဘာတွေလျှောက်ပြောနေတာလဲ . . "

"ဆောရီး . . ဆရာကြီး . . အေမီ မှားသွားလို့ . . အဲဒီ အင်းအိုင်တွေလည်း အေမီတို့ စီစဉ်သင့်တယ် . . . "

"တစ်ခုတော့ရှိတယ်ဟဲ့ . . အေမီရဲ့ . . ဇော်ဇော့်မှာ သေလုမျောပါးအခြေအနေရောက်ရင် အသက်ရှူချောင်စေမယ့်အကွက်တစ်ကွက်တော့ရှိတယ် . . . "

ဆရာကြီးဦးမိုးကြိုးကလည်း စကားအကောင်း ပြောမရ





တော့သဖြင့် သူတို့ပြောတာ နားထောင်နေလိုက်သည်။

"ပြောပါဦးဟယ် . . နင်က ဒီလိုအကွက်တွေတောင် ရှာထားနိုင်ပြီဆိုတော့ ငါ့ထက်တော့ ပိုတော်သွားပြီ . . . "

"ဒီလိုဟဲ့ . . ဇော်ဇော် မရှုနိုင် မကယ်နိုင်ဖြစ်လာရင် လုပ်ရမှာက . . ဒိုင်လူကြီးကို အကာအကွယ်ယူပြီး လက်ဝှေ့ကြိုးဝိုင်းထဲမှာ လှည့်ပတ်ပြေးဖို့ပဲ . . . "

"တိတ်စမ်း . . . "

ဆရာကြီးက ဟောက်လိုက်မှ သည်ကောင်နှစ်ကောင် ငြိမ်သွား၏။

"ဘယ့်နှယ်ကွာ . . လက်ဝှေ့ကြိုးဝိုင်းထဲမှာ စိန်ပြေးတမ်းတစားဖို့များ မင်းတို့မို့လို့ စဉ်းစားတယ် . . ဘာပဲဖြစ်ဖြစ်ပေါ့ကွာ . . ဇော်ဇော်ရဲ့ပြိုင်ဘက်ဟာ ဝါရင့်လက်ဝှေ့သမားကြီးတွေလောက်တော့ အဆင့်မမြင့်သေးပေမယ့် မင်းအရမ်းတော့ ဂရုစိုက်ရလိမ့်မယ် . . ဒီတော့ ဒီနေ့ကစပြီး မင်း ပြင်းပြင်းထန်ထန်ကို လေ့ကျင့်ရလိမ့်မယ် . . . "

"ဟယ် . . ဆရာကြီး . . ဒါဆို အဲဒီလက်ဝှေ့ပြိုင်ပွဲကြီးမှာ အေမီတို့နှစ်ယောက်က ဝင်မပြိုင်ရတော့ဘူးပေါ့နော် . . . ဝမ်းသာစရာကြီး . . . "

"ဟုတ်တယ် . . ဝမ်းတော့သာစရာပဲ . . . ဒါပေမယ့် တို့သင်ထားရတဲ့ပညာတွေ အလကားဖြစ်သွားမှာကိုတော့ နှမြောသား . . ဒီဟီ . . . "

www.burmeseclassic.com



ငွေစင်ဟန်သည် ခရေပင်လမ်းကလေးမှာ တစ်ယောက်တည်းလမ်းလျှောက်ရင်း ပြန်လာခဲ့သည်။ ထိုအခိုက်မှာပင် ကားတစ်စီးက သူမ၏အနီး၌ ထိုးရပ်လိုက်၏။ သူမ ကားကိုကြည့်လိုက်သည့်အခါ ကားတံခါးက ဖြည်းဖြည်းပွင့်သွားပြီး ကားထဲက ကိုမင်းဟန်ထွက်လာသဖြင့် သူမ၏ ရင်ထဲဒိတ်ခနဲဖြစ်သွားမိသည်။ သည်လူ သူမကို နှောင့်ယှက်ဦးမလို့လား မသိ။

"ငွေစင် သင်တန်းက ပြန်လာတာလား . ."

"ကျွန်မ ဘယ်ကပြန်လာလာ . . . ရှင် သိစရာမလိုပါဘူး"

"ငွေစင်ကလည်းကွာ . . ကိုယ့်ကိုတွေ့လိုက်တာနဲ့ ဘုတောတောတာကိုး . . ."

ကိုမင်းဟန်သည် ငွေစင်ဟန့်ရှေ့မှာပိတ်၍ ရပ်လိုက်သည်။

"ရှင် ကျွန်မရှေ့ကဖယ်ပါ ကိုမင်းဟန် . . ကျွန်မ လွတ်လွတ်လပ်လပ်သွားပါရစေ . . ."

"ခဏလေး ငွေစင် . . ကိုယ့်မှာ ပြောစရာစကားတွေရှိတယ် . . အဲဒီတော့ ကိုယ့်ကားပေါ် ခဏလောက်တက်လိုက်ပါလား . . ကိုယ်တို့ တစ်နေရာရာမှာ တစ်ခုခုစားရင်း စကားပြောကြတာပေါ့"





"ကျွန်မ ပြောပြီးပြီပဲ . . ရှင်နဲ့စကားပြောစရာ ဘာကိစ္စမှ မရှိဘူး . . ."

ကိုမင်းဟန်သည် တဟင်းဟင်းရယ်လေသည်။

"ကိုယ့်မှာတော့ ပြောစရာ စကားတွေအများကြီးပဲ ငွေစင်ရဲ့ . . အဲဒီ့ထဲမှာ ငွေစင်ရဲ့ ဖော်ဖော့်အကြောင်းလဲပါတယ် . ."

ငွေစင်ဟန်သည် တွေခနဲ တစ်ချက်ဖြစ်သွား၏။ ဖော်ဖော့်အကြောင်းဆိုပါလား။ သည်လူ ဘာတွေများ အကောက်ကြံမလို့ပါလိမ့်။

"လာပါ . . ကိုယ် ငွေစင့်ကို စကားပဲပြောမှာပါ . . ပြီးရင် အိမ်အရောက်လဲ ပြန်ပို့ပေးပါ့မယ် . . ."

"ကောင်းပြီလေ . . ကျွန်မ ရှင့်ရဲ့ ဂုဏ်သိက္ခာကို ယုံကြည်ပြီး လိုက်နာထောင်ပါ့မယ် . . ဒါပေမယ့် အချိန်ကတော့ ခဏပဲရမယ်နော် . . ."

ငွေစင်ဟန် ကားပေါ်ရောက်သွားသည်နှင့် ကိုမင်းဟန်က စားသောက်ဆိုင်တစ်ဆိုင်သို့ ကားကိုမောင်းသည်။ ပြီးတော့ ကော်ဖီ နှစ်ခွက်မှာသည်။

"ငွေစင် ဘာစားဦးမလဲ . . ."

"ဟင့်အင်း . . ကဲ . . ရှင်ပြောစရာရှိတယ်ဆိုတာသာ ပြော"

"ဒီလို ငွေစင် . . ဖော်ဖော့်ကို ကိုယ့်စကားနဲ့လည်း မှိုချိုးမှစ်ချိုး ပြော . . ကိုယ်ထိလက်ရောက်လည်း ထိုးကြိတ်ခဲ့ရတာ ဘာကြောင့်လို့ ငွေစင်ထင်သလဲ . . ."

ငွေစင်ဟန် အံ့ဩသွားမိလေသည်။ ကိုမင်းဟန်၏ စကားက ဆန်းသည်။ ဖော်ဖော့်အပေါ်တွင် ထိုသို့ပြုခဲ့ရသည်တို့သည် အကြောင်းရှိနေပါသည်တဲ့။ ထိုအကြောင်းသည် ဘာကြောင့်နည်းဟု သူမကို မေးနေလေသည်။ အဖြေကို သူမ စဉ်းစားကြည့်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



မရပါ။ ထို့ကြောင့် ခေါင်းကိုသာ ခပ်လေးလေး ခါပြလိုက်မိသည်။

ကိုမင်းဟန်သည် ခပ်ပြုံးပြုံးမျက်နှာပေးနှင့် ဆက်ပြောပြန်သည်။

"အမှန်တော့ ဇော်ဇော် ယောကျ်ားပြန်ပီသလာဖို့ ကိုယ်သူ့ကိုတမင်စော်ကားလိုက်ရတာ . . အဲဒီလိုလုပ်ဖို့ကိုလည်း ဦးကျော်ဇေယျကပဲ တမင်ခိုင်းခဲ့တာ . . ."

"ဟင် . . ."

သည်တစ်ခါ အံ့အားသင့်မှုက ပိုကြီးလေသည်။ သူမသည် ဘာကိုမှ နားမလည်တော့အောင် စိတ်ရှုပ်ထွေးသွား၏။

"ငွေစင် အံ့အားသင့်သွားတယ် ထင်တယ် . . ပြီးတော့ နားလည်းမလည်တော့ဘူး မဟုတ်လား . . ဒီလို ငွေစင်ရဲ့ . . ဇော်ဇော့်အဖေ ဦးကျော်ဇေယျနဲ့ ကိုယ့်အဖေ ဦးကျော်တင့်က ငယ်သူငယ်ချင်းတွေ . . တစ်နေ့တော့ စကားစပ်မိရင်းနဲ့ ဇော်ဇော့်အကြောင်း ပြောဖြစ်သွားကြရော ဆိုပါတော့ . . အဲဒီတော့မှ ဇော်ဇော်တစ်ယောက် Body Building သင်တန်းတက်နေတာရော . . မြန်မာ့လက်ဝှေ့သင်နေတာရော ကိုယ့်အဖေက သိလိုက်ရတယ် . . အဲဒီမှာတင် ဇော်ဇော့်အဖေ ဦးကျော်ဇေယျက ဗီလိန်တစ်ယောက် သူ့ဇာတ်လမ်းမှာထည့်ဖို့ စဉ်းစားတော့တာပဲ . . နောက်ဆုံး ခပ်တိုတိုပြောရရင် . . ဇော်ဇော်တစ်ယောက် ပြန်ပြီးယောကျ်ားပီသလာဖို့ကိစ္စမှာ ဦးကျော်ဇေယျက ကိုယ့်ကို အကူအညီတောင်းတယ် . . ဘာဖြစ်လို့လဲဆိုတော့ ငွေစင့် ချစ်သူဟောင်းအနေနဲ့ဝင်တာက ပိုပြီးသူ့ရဲ့စိတ်ကို ထိထိခိုက်ခိုက်ဖြစ်လိမ့်မယ်လို့ ယူဆလို့တဲ့ . . ."

ငွေစင်ဟန်သည် ဘာမှပြန်မပြောနိုင်ဘဲ တွေတွေကလေးဖြစ်နေရှာသည်။

"ငွေစင် . . ."





"ရှင် . . ."

"ကိုယ့်အနေနဲ့က ဒီလို ကိုယ်နဲ့ဘာမှမတော်စပ်တဲ့ လူတစ်ယောက်ကို အကြောင်းမဲ့စော်ကားဖို့ကို စိတ်မပါတာ အမှန်ပဲ . . ဒါကြောင့် . . ဦးကျော်ဇေယျတောင်းတဲ့ အကူအညီကို ကူညီဖို့ ကိုယ်အတော်ကလေး စဉ်းစားခဲ့တယ် . . နောက်ဆုံးမှာတော့ ကိုယ်သဘောတူလိုက်တယ် . . အဲဒါ ဘာကြောင့်လို့ ငွေစင်ထင်သလဲ"

"အို . . ငွေစင် ဘယ်သိပါ့မလဲ . . ."

ကိုမင်းဟန်သည် နူးညံ့စွာ ပြုံးလေသည်။ ပြီးမှ အသံကို ခပ်တိုးတိုး ပြန်၍ပြောသည်။

"အဲဒီလို သဘောတူလိုက်တာဟာ ငွေစင့်ကြောင့်ပဲ . . . ငွေစင်တာဝန်ယူထားရတဲ့ကိစ္စကို အောင်မြင်စေချင်လို့ ကိုယ့်ကို ဇော်ဇော် ရွံမုန်းချင်မုန်းပါစေတော့ဆိုပြီး လူကြမ်းဝင်လုပ်လိုက်မိတာပါ . . ဘာပဲဖြစ်ဖြစ်ပေါ့လေ . . ဇော်ဇော်ဟာ အပြောင်းလဲကြီးတော့ ပြောင်းလဲသွားတယ် . . အဲဒါဟာ ငွေစင် အောင်မြင်တာပဲပေါ့ . . ဒါပေမယ့် ဇော်ဇော့်အမြင်မှာတော့ ကိုယ်ဟာ လူရမ်းကားတစ်ယောက် . . စိတ်ကောင်းမရှိတဲ့ လူတစ်ယောက်လို့ ထင်သွားမှာပဲ . . ကိုယ့်အနေနဲ့ကတော့ ဇော်ဇော်ကိုယ့်အပေါ် ဘယ်လိုထင်ထင် သိပ်ဂရုမစိုက်ပေမယ့် . . ငွေစင့် စိတ်ထဲမှာကိုယ့်ကို အထင်သေးစက်ဆုပ်သွားမှာကို အရမ်းစိုးရိမ်တယ် . . ."

"ရှင် အခုပြောနေတာတွေအားလုံး အမှန်တွေချည်းပဲလား"

"ဟုတ်တယ် ငွေစင် . . ငွေစင် မယုံရင် ဦးကျော်ဇေယျကို တိုက်ရိုက်မေးကြည့်နိုင်ပါတယ် . . ."

ငွေစင်သည် ခေါင်းကလေးကို ခပ်ဖြည်းဖြည်းခါရမ်းလိုက်၏။

"ဆရာကလည်း ငွေစင့်ကိုမတိုင်ပင်ဘဲ . . ဘာတွေလျှောက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေလဲ မသိဘူး . ."

"ငွေစင့်ကိုတိုင်ပင်ပြီးမှလုပ်ရင် သရုပ်မပီမှာစိုးရတာပေါ့ ငွေစင်ရယ် . . သရုပ်ဆောင်နေသလို ဖြစ်သွားရင် ဇော်ဇော်က အကင်းပါးတာပဲ . . ရိပ်မိသွားနိုင်တယ် . . အခုလိုဆိုတော့ ငွေစင်ကတောင် ကိုယ့်ကိုဒေါသတကယ်ထွက်ပြီး ရိုက်လိုက်သေးတာပဲ . ."

"အဲဒါအတွက်တော့ ငွေစင်တောင်းပန်ပါတယ် . . ဒီလိုမှန်းမှမသိတာ . . ဒါပေမယ့် ရှင် ဇော်ဇော့်ကို အားနဲ့ထိုးလိုက်တာကတော့ လွန်လွန်းတယ် . . ."

"ဟား . . ဟား . . သရုပ်ဆောင်သလို မဖြစ်အောင်လုပ်လိုက်တာ . . နည်းနည်းလက်လွန်သွားတယ် . . ကိုယ်လည်း သူ့အတော်ခံလိုက်ရတယ်ဆိုတာ သိလို့ စိတ်မကောင်းပါဘူး . ."

"ငွေစင် . . ."

ငွေစင်ဟန်သည် ကိုမင်းဟန်ကို ကြည့်လိုက်သည်။

"ကိုယ်တောင်းပန်ပါတယ် . . . ငွေစင် အထင်လွဲခဲ့တဲ့ ဝတ်ရည်ဟာ ကိုယ်နဲ့ဘာမှမဖြစ်ခဲ့ပါဘူး . . ."

အကြည့်နှစ်ခု ဆုံမိကြသည်။ ကိုမင်းဟန်၏ အကြည့်သည် နူးညံ့သိမ်မွေ့နေလေ၏။

"ကျွန်မ အဲဒါတွေ ဘာမှမကြားချင်ဘူး . . ."

"ငွေစင် မကျေနပ်ရင် ဝတ်ရည်ကိုခေါ်ပြီး ကိုယ်ရှင်းခိုင်းပါ့မယ် . . . ငွေစင် ကိုယ့်ကိုအထင်လွဲပြီး ကိုယ်တို့နှစ်ယောက် ဇာတ်လမ်းပြတ်ပြီးတဲ့နောက်ပိုင်းမှာလည်း ကိုယ့်ဘဝထဲကို ဘယ်မိန်းကလေးမှ မဝင်စေခဲ့ပါဘူး . . ငွေစင် မယုံရင် စုံစမ်းကြည့်နိုင်ပါတယ် . . ကိုယ်လေ ငွေစင်ကလွဲလို့ ဘယ်မိန်းကလေးကိုမှ မချစ်နိုင်ပါဘူး"

ငွေစင်ဟန်သည် မျက်လွှာချလိုက်မိသည်။

"ငွေစင် . . ."





ကိုမင်းဟန်သည် ငွေထုတ်ရှင်းလိုက်ပြီး ပြန်ဖို့ထိုင်ရာမှ ထသဖြင့် ငွေစင်ဟန်လည်း ထိုင်ရာမှထလိုက်သည်။ သူတို့နှစ်ယောက်သည် ကားပေါ်ရောက်သည်အထိ စကားမပြောဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



ညဆယ့်တစ်နာရီထိုးပြီဖြစ်သော်လည်း ငွေစင်ဟန်တစ်ယောက် အိပ်ရာသို့ မဝင်နိုင်သေးဘဲ အိမ်ရှေ့သံဇကာနားတွင် ထိုင်ရင်း အပြင်သို့ငေးကြည့်နေမိသည်။ ယနေ့ညသည် လပြည့်ညဖြစ်သဖြင့် ကောင်းကင်မှ လစန္ဒာက ပြည့်ဝစွာနေ၏။ ဆောင်းည၌ လေပြည်သည် သူမ ထိုင်နေရာသို့ ဝေ့ဝဲတိုက်ခတ်လျက်ရှိသည်။

ညနေက ထမင်းဝိုင်းမှာ ဖေဖေပြောခဲ့သည့်စကားတွေကို ပြန်ကြားလာမိသည်။

“သမီး အမေ . . မရှိတော့တဲ့နောက်ပိုင်းမှာ ဖေဖေပဲ အမေ . . ဖေဖေပဲ အဖေဆိုတော့ သမီးကို ပွင့်ပွင့်လင်းလင်း ဖေဖေ မေးချင်တယ် . . . မောင်မင်းဟန်ကို သမီး ဘယ်လိုသဘောထားသေးလဲ . . .”

အမှန်အတိုင်းပြောရလျှင် ဖေဖေ့စကားကြောင့် သူမ တုန်လှုပ်သွားရပါသည်။ ကိုမင်းဟန်သည် ဖေဖေ့ကိုပင် လာရောက်စည်းရုံးနေပြန်ပြီလား မသိပါ။

“သမီးတို့ ဇာတ်လမ်းက ပြီးခဲ့ပါပြီ ဖေဖေ . . .”

“မဟုတ်သေးဘူး သမီး . . တစ်ခါတလေမှာ အထင်လွဲ





တာတစ်ခုကြောင့်လည်း အမှန်တရားနဲ့ဝေးသွားတတ်တယ် . . ပြီးခဲ့တဲ့ကိစ္စတွေကို သမီးအနေနဲ့ပြန်သုံးသပ်သင့်တယ် . . နောက်ပြီး ဖေဖေ့အမြင်ပြောရရင် မောင်မင်းဟန်ဟာ ငွေမျက်နှာကိုကြည့်လွန်းပေမယ့် သမီးအပေါ်မှာတော့ တကယ်မေတ္တာရှိတယ်လို့ထင်တယ် . . မိန်းမကိစ္စလည်း ရှုပ်မယ်ဆို ရှုပ်နိုင်တဲ့လူဖြစ်ပေမယ့် သူ့အတော်ကလေးကို တင်းရှင်းတာတွေ့ရတယ် . . .”

“ဖေဖေ့ကို သူလာတွေ့သေးလား ဖေဖေ . . .”

ဖေဖေ ပြုံးပါသည်။ ပြီးမှ ခေါင်းညိတ်သည်။

“ခေတ်ပညာတတ် . . ပိုက်ဆံလည်း ချမ်းသာတယ် . . သမီးကိုလည်း ချစ်တယ် . . သမီး ပြန်စဉ်းစားဖို့တော့ ကောင်းပြီ”

“သမီးကတော့ ဘာဖြစ်လို့လဲ မသိဘူး . . သူ့ကိုစိတ်ကုန်သွားပြီ . . .”

“အင်းလေ . . အချိန်တွေတော့ ရှိပါသေးတယ် . .”

ဖေဖေ့ကို ပြောခဲ့သည့်စကားအတိုင်း ကိုမင်းဟန်အပေါ် သူမ တကယ်ကိုစိတ်ကုန်သွားပြီလား . . ငွေစင်ဟန်သည် သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်မိသည်။ ထိုခဏ၌ သူမ၏စိတ်ထဲသို့ ဇော်ဇော်ကရောက်လာသည်။ သည်ချာတိတ်သည် မိန်းမလျာဘဝမှ အပြောင်းအလဲမြန်စွာနှင့် ယောကျ်ားစစ်စစ်ဘဝသို့ ကူးပြောင်းလာသည်။

ယခုဆိုလျှင် ဇော်ဇော့်ကို မိန်းမလျာဟုပြော၍မရနိုင်တော့ပါ။ စကားပြောဆိုရာတွင်လည်းကောင်း၊ အမူအကျင့်တွေမှာလည်းကောင်း၊ သွားလာရာမှာလည်းကောင်း၊ မိန်းမလျာဟန်ပန်တွေ ပျောက်ကုန်ပြီး ယောကျ်ားစစ်စစ်၏ ဟန်ပန်တွေဖြစ်လာသည်။ သည်အတိုင်းဆိုလျှင် သိပ်မကြာခင်အချိန်အတွင်း၌ သူမ တာဝန်ယူထားခဲ့ရသည့်ကိစ္စတွေ ပြီးဆုံးသွားပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူမကလည်း ဦးကျော်ဇေယျ၏ ကုမ္ပဏီမှာ မူလတာဝန်များကို ပြန်လည်ထမ်းဆောင်။ ဇော်ဇော်ကလည်း ကျောင်းပြန်တက်။ ဒါမှမဟုတ် . . . သူဖခင်ဆန္ဒရှိသည့်အတိုင်း နိုင်ငံခြားမှာ ပညာသွားသင်။ သူ့လမ်းသူလျှောက်၊ ကိုယ့်လမ်းကိုယ်လျှောက်။

ဇော်ဇော်သည် တွေ့ကာစကနှင့်မတူဘဲ သူမအပေါ်ပို၍ တွယ်တာလာသည်ကတော့ သေချာပါသည်။ ပြီးတော့ သူမကို အစ်မရင်းတစ်ယောက်နှယ် ဂရုစိုက်သည်။ ဇော်ဇော့်လို မောင်လေးတစ်ယောက် သူမ၏ဘဝမှာရှိခဲ့လျှင် မည်မျှကောင်းလေမည်နည်းဟု ခဏခဏစဉ်းစားမိ၏။ နေ့စဉ်ပြောဆိုထိတွေ့နေရသောကြောင့် သံယောဇဉ်တွယ်နေမိလေပြီ။ ငွေစင်ဟန်သည် ဇော်ဇော့်အကြောင်းကိုစဉ်းစားရင်း ပြုံးလိုက်မိပြန်၏။

တစ်နေ့ကတော့ ဇော်ဇော် စောစောစီးစီးရောက်လာပြီး သူမကို အထုပ်တစ်ထုပ်လာပေးသည်။ ဘာတွေပါလိမ့်ဟုတွေးရင်း သူပေးသော အထုပ်ကိုဖွင့်ကြည့်မိသောအခါ ငွေစင်ဟန်သည် တခစ်ခစ်ရယ်လေသည်။ ကြည့်ပါဦး . . ဇော်ဇော် မိန်းမလျာဘဝတုန်းကသုံးသည့် ပစ္စည်းတွေ၊ အလှပြင်ကိရိယာတွေ၊ အလှကုန်ပစ္စည်းတွေ၊ အားလုံးတန်ဖိုးကြီးမားသည့် ပစ္စည်းတွေ။

"အဲဒါတွေ မမယူလိုက်တော့ . . ."

ဇော်ဇော်သည် ခိုးခိုးခစ်ခစ် ရယ်နေသည့်သူမကိုကြည့်ပြီး ရှက်ကိုးရှက်ကန်းနှင့် ခပ်တိုးတိုးပြောသည်။

"ဘရာစီယာတွေရော မပါဘူးလား . ."

"ဟာဗျာ . . မမကလည်း . . ."

ဇော်ဇော်သည် ရှက်ပြီးမျက်နှာကြီး နီသွားသည်။ သူမကိုလည်း ရဲရဲမကြည့်တော့။ နောက်ရက်တွေမှာတော့ ဇော်ဇော်ပြောလိုက်၍ပင်ဖြစ်မည်။ ဆူဆန်နှင့်အေမီတို့လည်း သူတို့အထုပ်တွေ သူမ





ကိုလာပေးသည်။ သူတို့ကျတော့ ပစ္စည်းတွေကစုံသည်။ ကလစ်တွေလည်းပါသည်။ ဆံညှပ်တွေလည်း ပါသည်။ အို . . စုံလို့ပါပဲ . . မှုတ်ခုံမွေးဆွဲခဲတံ၊ နှုတ်ခမ်းနီ၊ ပြီးတော့ ဆူဆန်ဆီကဆိုလျှင် စကပ်တွေ၊ ဂါဝန်တွေပင် ပါသေး၏။

"အလှကုန်ပစ္စည်းတွေကလည်း များလိုက်တာကွယ် . . ဆိုင်တစ်ဆိုင်တောင် ဖွင့်လို့ရမယ် . . ."

"ဟင်း . . ဟင်း . . ဆူဆန်တို့လည်း လှချင်ဇောနဲ့အကုန်လျှောက်ဝယ်တာ . . ဒါတောင် ဘာဟုတ်သေးလို့လဲ . . အိမ်မှာ အများကြီး ကျန်သေးတယ် . . ."

"ဟယ် . . ."

ငွေစင်ဟန် မျက်လုံးပြူးသွားလေသည်။ အေမီကလည်း ပြုံးရွှင်ပြောပြန်သည်။

"အစတုန်းက . . အေမီတို့နှစ်ယောက်အလှပြင်ဆိုင်ဖွင့်ဖို့ စိတ်ကူးသေးတယ်မမရဲ့ . . ဒါကြောင့်ဆံပင်ဖြောင့်တာ . . ကောက်တာတွေလုပ်တဲ့စက်တွေတောင် ဝယ်ထားသေးတယ် . . ."

မြတ်စွာဘုရား . . ငွေစင်ဟန်က ဘုရားတသောအခါ ဇော်ဇော်ကရယ်လေသည်။

"မမကို ဒီပစ္စည်းတွေပေးတာ ကျေးဇူးတင်ပါတယ် . . ဒါပေမယ့် ဆူဆန်ရဲ့ဟောဒီပစ္စည်းတွေတော့ မမ မဝတ်ရဲဘူး . . မင်းတာတွေက သန့်ရဲ့လား . . ."

ငွေစင်ဟန်က ဘရာစီယာတွေ၊ စကပ်တွေ၊ ဂါဝန်တွေကို မြှောက်ပြပြီးမေးလိုက်သောအခါ ဆူဆန်က စပ်ဖြဖြနှင့်ဖြေသည်။

"ဒါတွေက အသစ်တွေ မမရဲ့ . . ဆူဆန်ဝတ်ဖို့တောင် မဝတ်ကြည့်ရသေးဘူး . . မမနဲ့တော့ တော်မယ်ထင်ပြီး ဆွဲထုတ်လာတာ"

ထိုအခိုက်မှာပင် ဆရာကြီးဦးမိုးကြိုးက သူတို့အနားသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသဖြင့် ဆူဆန်နှင့်အေမီက ပြန့်ကျဲနေသော ပစ္စည်းတွေကို မြန်မြန်ဖွက်ဖို့ ကြိုးစားလိုက်သော်လည်း မမီတော့ပါ။ ဦးမိုးကြိုးသည် ဘာတွေပါလိမ့်ဟု စူးစမ်းရင်းက ကြမ်းပြင်ပေါ်မှာကျနေသော အထည်တစ်ထည်ကိုကောက်ယူလိုက်သည်။ ပြီးတော့ ဖြန့်ကြည့်လိုက်ပြီး ကပျာကယာပြန်ပစ်ချလိုက်၏။

"ဟ . . ဘယ့်နှယ့်ဟာကြီးပါလိမ့် . . အထဲမှာ ရေမြှုပ်တွေလည်းပါတယ် . . ."

"ခစ် ခစ် . . ဆရာကြီးက မပြောမဆိုဘဲ ကောက်ကြည့်တာကိုး . . အဲဒါက ဆူဆန်တို့မှားပါလာတဲ့ဟာပါ . . ဟင်း . . ဟင်း . . ကိုယ်လုံးအလှအောက်ခံဘောင်းဘီပါ . . ."

"ထွီ . . ."

"မမက ကိုယ်လုံးလှပြီးသားဆိုတော့ ဒါကြီးမလိုပါဘူးဟယ် . . နင်ပဲ ပြန်ယူသွားလိုက်ပေါ့ . . . ဒါမှမဟုတ်လည်း နင့်အစ်မကို ပေးလိုက်ပေါ့ . . နင့်အစ်မက ကိုယ်လုံးသေးတယ် မဟုတ်လား"

"အောင်မယ် . . ငါ ဟိုတစ်ခါ သူ့ကိုပေးဝတ်ကြည့်ပြီးပြီ . . အဲဒါသူက ယားလို့ဆိုပြီး မဝတ်တော့ဘူး . ."

"ဒါဆိုလည်း နင့်အမေကို ပေးဝတ်လိုက်ပေါ့ . . ."

"ဟယ် . . ငါ့အမေကျတော့ မတော်ဘူးဟဲ့ . . အမေ့ကိုယ်လုံးကြီးကို နင်သိတယ်မဟုတ်လား . . အမေ့အတွက်ဆိုရင်တော့ စပါယ်ရှယ်အော်ဒါမှာမှရမယ် . . ခစ် ခစ် . . ."

ဦးမိုးကြိုးသည် မျက်လုံးပြူးပြီးရင်း ပြူးလာ၏။

"ဟေ့ကောင်တွေ . . . တော်ကွာ . . ."

ပြီးတော့ ခပ်မြန်မြန်ပင် သူတို့အနားမှ ထွက်သွားတော့သည်။

"ကန်တော့ ဆရာကြီး . . ကန်တော့ . . ."





ဆူဆန်က ဆက်ပြောပြန်သည်။

"ကိုယ်လုံးအလှဘောင်းဘီအဝတ်ကောင်းလို့ ဆူဆန်အရွတ်ကောင်းကောင်းကွဲသေးတယ် မမရဲ့ . . တစ်ခါတုန်းက ဆူဆန် အဲဒီဘောင်းဘီအောက်ခံဝတ်ပြီး ဗိုလ်ချုပ်ဈေးမှာ ဈေးသွားဝယ်တယ် . . အဲဒီမှာ ဘယ်လိုက ဘယ်လိုဖြစ်တယ်မသိပါဘူး . . အထဲက ရေမြှုပ်တစ်ခုပြုတ်ကျကျန်ခဲ့တာ . . ဆူဆန်ကလည်း ဘယ်သိမလဲ . . မော်ဒယ်လ်တွေလို ခြေထောက်ကို ဟောဒီလိုတစ်လှမ်းချင်းတစ်လှမ်းချင်း နောက်ကကြည့်ရင် ဘယ်လောက်အကြည့်ရဆိုးလိုက်မလဲ . . ခစ်ခစ် . . . အဲဒါကိုလေ . . . ခပ်နောက်နောက်အကောင်တွေက ဆူဆန့်နောက်လိုက်လာပြီး . . ဟေ့ . . မင်းဟာ မွေးရာပါလားတဲ့ . . ခစ်ခစ် . . ကောင်စုတ်တွေ . . သူတို့မို့ ပြောတတ်တယ် . ."

ငွေစင်ဟန်လည်း သူတို့နှင့်ရောပြီး ရယ်မိပါသည်။ ဆူဆန်တို့နှင့်စကားပြောရတာ ပျော်စရာတော့ကောင်းပါသည်။ ငွေစင်ဟန်သည် သူတို့အကြောင်း ပြန်စဉ်းစားပြီး ပြုံးလိုက်မိသည်။ သူမ ဘာကြောင့် မအိပ်ချင်သေးတာပါလိမ့်ဟုလည်း စဉ်းစားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



(၉)

အားကစားလ အထိမ်းအမှတ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ကျင်းပမည့်နေ့ရက်နှင့် နေရာကိုပင်သတ်မှတ်ပြီးသွားလေပြီ။ ယခုဆိုလျှင် ပြိုင်ပွဲကျင်းပဖို့တစ်လလောက်သာလိုတော့သည်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ လက်ဝှေ့သမားရွက်ဝုန်းသီးများသာမက ဝါသနာရှင်များကလည်း စိတ်ဝင်စားသည်။ ထိုနေ့ပြိုင်ပွဲတွင် လက်ရှိရွှေခါးပတ်ဆုရှင်နှင့်စိန်ခေါ်သူ လက်ဝှေ့သမား၏ ပွဲကြီးပွဲကောင်း၊ ရေကုန်ရေခမ်းထိုးသတ်ကြမည်ဖြစ်သဖြင့် ပရိသတ်ကလည်း အာရုံစိုက်နေကြ၏။

ကိုမင်းဟန်သည် လက်ဝှေ့ပွဲဖြစ်မြောက်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အပြီးသတ်ဆွေးနွေးလျက်ရှိပြီး ထိုပြိုင်ပွဲမှာဝင်ရောက်ထိုးမည့် လက်ဝှေ့သမားများကတော့ ပြင်းပြင်းထန်ထန်လေ့ကျင့်နေကြလေပြီ။ တစ်ချိန်က လက်ဝှေ့အကျော်အမော် ဦးစိန်သံမဏိအထူးလေ့ကျင့်ပေးထားသည့် စိန်ငမန်းနှင့်လက်ဝှေ့ အကျော်အမော် ဦးမိုးကြိုး အထူးလေ့ကျင့်ပေးထားသည့် ဇော်ဇော်နိုင်





တို့၏ ပွဲသည်လည်း ပရိသတ်စိတ်ဝင်စားမည်မှာ သေချာပါသည်။

"ဇော့် . . လက်သီးတွေကတော့ အတော်ပြင်းနေပြီနော် . . ဟင်းဟင်း . . ဟိုဘက်က စိန်ငမန်းရဲ့မေးစေ့ကို တစ်ချက်တည်းနဲ့ အပိုင်ထိုး . . ဒါမှ ဒီကောင်ပက်လက်လန်မှာ . . ."

"ဟုတ်တယ် ဇော်ရဲ့ . . အဲဒီနေ့ကျရင် ဆူဆန်တို့အားလုံး အားရပါးရ လာအားပေးမှာ . . ပြီးတော့ ပရိသတ်အာရုံစိုက်လာအောင် ဆူဆန်က မီနီစကပ်ဝတ်လာခဲ့မယ် . . ဟင်း . . ဟင်း"

"ဟဲ့ကောင်မရဲ့ . . လက်ဝှေ့ပွဲကို မော်ဒယ်လ်ရှိုးများ နှင်ထင်နေသလား . . ဝတ်ချင်ရင် မက်ဆီစကပ်လောက်ဆိုတော်သေး . . ငါတော့ အဲဒီလောက်ပဲ ဝတ်မယ်စိတ်ကူးတယ် . . ."

"မက်ဆီစကပ် ဘာလုပ်မှာလဲ အေမီ . . ဒီလိုပွဲမျိုးမှာ ဒီလိုဝတ်တာက အခွင့်အရေးပဲ . . ငါအေ . . ဘစ်ကီနီတောင်ဝတ်ပြလိုက်ချင်တာ . . ."

"ဟဲ့ကောင်မ . . အရှက်မရှိတဲ့ကောင်မ . . ."

ဇော်ဇော်သည် သူ့သူငယ်ချင်းနှစ်ယောက်၏ အပြောအဆိုကြောင့် စိတ်ပျက်လက်ပျက်ဖြစ်သွားမိသည်။ သည်ကောင်နှစ်ကောင်၏ဘဝသည် ယခုလိုပင် စခန်းသွားကြတော့မည် ထင်ပါသည်။

"မင်းတို့နှစ်ကောင်ကို ငါပြောထားတာ မှတ်မိတယ် မဟုတ်လား . . . အဲဒီလက်ဝှေ့ပွဲပြီးတဲ့နေ့မှာ မင်းတို့ဆီက အဖြေတစ်ခုကို ပြတ်ပြတ်သားသား သိချင်တယ် . . ."

"အို . . အချိန်တွေအများကြီး လိုပါသေးတယ် ဇော်ရဲ့ . . စိတ်ရှည်ရှည်ထားစမ်းပါ . . တကတည်းတော် . . သူကပဲ စိတ်တိုနေရသေးတယ် . . ကဲပါ . . ဒီနေ့ သင်တန်းကို ခပ်စောစောပဲဆင်းလိုက်ပြီး ပလာဇာသွားကြရအောင် . . မမကိုပါ ခေါ်ခဲ့မယ် . . ဇော်လည်း လိုက်ခဲ့ရမယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ဘာသာသွားကြကွာ . . မမလည်းအားမှာမဟုတ်ဘူး"

ဆူဆန်သည် ဇော်ဇော့်ကို မျက်စောင်းထိုးကြည့်ပြီး အိမ်ကြီးဆီသို့ မျက်စိကိုဝေ့ကြည့်သည်။ ပြီးတော့ အသံခပ်တိုးတိုးဖြင့်မေး၏။

"ဇော့်ကိုမေးရဦးမယ် . . မှန်မှန်ဖြေနော် . . အချင်းချင်းတွေဆိုပြီး မလိမ်ရဘူး . . ဇော်နဲ့မမ ချစ်နေကြပြီလား . . ."

အေမို့စကားကြောင့် ဇော်ဇော်အံ့ဩသွားမိလေသည်။ သည်ကောင်တွေ သူ့စိတ်ကို ဘယ်လိုသိနေပါလိမ့်ဟု အံ့ဩသွားမိခြင်းဖြစ်သည်။

"ဟာ . . ပေါက်ကရတွေကွာ . . မမ ကြားသွားလို့ စိတ်ဆိုးနေပါဦးမယ် . . ."

"အောင်မယ် . . လုပ်မနေနဲ့ဇော်ဇော် . . တို့ ရိပ်မိတယ် . . မမကိုကြည့်တဲ့ ဇော့်မျက်လုံးတွေက မရိုးသားဘူး . . ပြီးတော့ မမကလည်း ဇော့်ဆို အရမ်းဂရုစိုက်တာပဲ . . တို့ မိန်းကလေးချင်းသိတယ် . . မမကလည်း နင့်ကိုကြိုက်နေတာ . . ."

"ဒုက္ခပါပဲကွာ . . မင်းတို့မိန်းကလေးချင်း ဟုတ်လား . . ဘယ်ကဘယ်လို မိန်းကလေးချင်းဖြစ်သွားရတာလဲ . . ."

"အဲဒါ နင်ညံ့တာပဲ . . တို့လိုကောင်တွေက မိန်းကလေးတွေရဲ့စိတ်ကိုလည်း မိန်းကလေးတွေထက် ပိုသိတယ် . . . ပြီးတော့ ယောကျ်ားတွေထက်လည်း ယောကျ်ားစိတ်ကို ပိုသိတယ် . . ."

"ဒါ့ကြောင့် တို့ကို သူများတွေက နှစ်ဖက်ချွန်လို့ခေါ်တာပေါ့ဟဲ့ . . ဟိုဘက်လည်း ထူးချွန်တယ် . . ဒီဘက်လည်း ထူးချွန်တယ် . . ခစ် ခစ် . . ."

"ဟဲ့ကောင်မနော် . . အတော်ထ . . ."

သူတို့နှစ်ယောက် ရယ်ကြပြန်သည်။

"ကဲပါ . . ဟုတ်တယ်မဟုတ်လား . . နင် ဝန်ခံလိုက်စမ်းပါ





ဇော်ရယ် . . တို့တွေဟာ သူငယ်ချင်းအရင်းကြီးတွေပါ . . ဆိုးတိုင်ပင်ကောင်းတိုင်ပင် . . . ဒီသူငယ်ချင်းတွေပဲရှိတာ . . ."

ဇော်ဇော်သည် လက်ဝှေ့လေ့ကျင့်နေခြင်းကို ရပ်လိုက်သည်။ ပြီးတော့ သူ့သူငယ်ချင်းတွေဘက်သို့ လှည့်လိုက်သည်။

"မမဆီကိုတော့ ဒီစကား ပြန်မရောက်စေနဲ့ကွာ . . . ငါ့ကို ကတိပေး . . ."

"ပေးတယ် . . ပေးတယ် . . ."

"အင်း . . ဟုတ်တယ် . . ငါ မမကို စတွေ့ကတည်းက စိတ်ဝင်စားခဲ့တယ် . . ဒါပေမယ့် ငါ့စိတ်ကိုငါချိုးနှိမ်ခဲ့တယ် . . မချစ်မိအောင်နေခဲ့တယ် . . အဲဒီလိုနေတဲ့ကြားထဲကပဲ . . မမကို ငါချစ်မိသွားတယ် . . ပြီးတော့ မမရှေ့မှာ ကိုမင်းဟန်ဆိုတဲ့လူ . . ငါ့ကိုစော်ကားတော့ ငါအရမ်းရှက်သွားတယ် . . မမ ငါ့ကိုအရမ်းအထင်သေးသွားမှာကို စိုးတယ် . . ဒါနဲ့ပဲ . . ငါဒီဘဝကလွတ်ဖို့ ကြိုးစားတော့တာပေါ့ . . ."

"ငါတို့လည်း ထင်တော့ထင်သားပဲ . . ဒါနဲ့မမကရော . . နင့်ကို ပြန်ကြိုက်နေပြီလား . ."

သည်လိုဆိုတော့လည်း သူ့သူငယ်ချင်းတွေက လေးလေးနက်နက် တွေးဖြစ်ကြကုန်သည်။

"လောလောဆယ်တော့ ငါဖွင့်မပြောရဲသေးဘူးကွ . . ဘာဖြစ်လို့လဲဆိုတော့ မမစိတ်ထဲမှာ ငါ့ကို ယောကျ်ားလို့ မထင်မှာစိုးသေးလို့ပဲ . . ."

"အင်း . . ဟုတ်တော့ဟုတ်တယ် . . တို့တွေတောင် အခုဆိုအရင်ထက် ယောကျ်ားစိတ်ဓာတ် ပိုရလာပေမယ့် လူတွေကတော့ တို့ကို အခုထိအခြောက်လို့ ထင်နေတုန်း . . ."

"အောင်မယ် . . နင်လား ယောကျ်ားစိတ်ပိုရလာတာ . .



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်နေ့ကတောင် နှုတ်ခမ်းနီထပ်ဝယ်တဲ့ကောင်ကများ . . ."

"ဟဲ့ . . မဆိုစလောက်လေးတော့ မိန်းမစိတ်ကျန်ဦးမှာပေါ့ဟဲ့"

"အင်း . . . နင့်မဆိုစလောက်ကလည်း . . ကိုယ်လုံးလှ ဘောင်းဘီဝယ်နေတုန်းပဲ . . ပြီးတော့ ငါမပြောလိုက်ချင်ဘူး . . ဟိုဟာလည်း ဝယ်သေးတယ် . . ."

"ဟဲ့ကောင်မ . . မဟုတ်တာတွေ လျှောက်မပြောနဲ့နော်"

"ကဲပါ . . စောသေးတာပဲ . . တို့တွေ ရှော့ပင်းထွက်ကြရအောင် . . ဇော်လည်း လိုက်ခဲ့ . . မမကိုလည်း တို့ပြောပြီးပြီ . . ဆရာကြီးကို သွားပြောကြမယ် . . ."

ခဏနေတော့ ဆရာကြီး၏ ခွင့်ပြုချက်ရသဖြင့် သူတို့အားလုံး ရှော့ပင်းစင်တာတစ်ခုသို့ ဈေးဝယ်ထွက်ကြသည်။ ဇော်ဇော်သည် ရှပ်အင်္ကျီအကွက်တစ်ထည်ကို ဝတ်ထားပြီး အောက်ကတော့ ချည်ချောပုဆိုးအကွက်စိပ်ကလေး ဝတ်ထားသည်။ ငွေစင်ဟာန်ကတော့ မြန်မာဆန်ဆန်ပဲဝတ်ချင်သော်လည်း ဆူဆန်တို့အစာင်းတိုက်တွန်းသဖြင့် ဂျင်းဘောင်းဘီနှင့် ကိုယ်ကျပ်အင်္ကျီကိုသာ ဝတ်လိုက်ရသည်။

လှပသောကိုယ်ခန္ဓာကြောင့် ဇော်ဇော်သည် မမကို ငေးကြည့်မိပါသည်။ ပြီးတော့ မမ၏အလှအတွက် ပီတိဖြစ်ရပါသည်။ သူတို့သည် ဇော်ဇော့်ကားပေါ်မှာပဲ ထိုင်လိုက်ကြပြီး ဇော်ဇော်က ကားမောင်းသည်။ မမက ဇော်ဇော့်ဘေးမှာ။ ဟိုနှစ်ကောင်ကတော့ နောက်မှာ . .။

"စကားမစပ်ဟယ် . . အိမ်က ငါ့ဖေဖေက ငါ့ကို နိုင်ငံခြားမှာကျောင်းသွားတက်ဖို့ ပြောနေတယ်။ ဒီမှာဆိုရင်တဲ့ ဒီက ပတ်ဝန်းကျင်နဲ့ဆိုတော့တဲ့ . . ရှက်ပြီးကျောင်းတက်ချင်မှာမဟုတ်ဘူးတဲ့။ နိုင်ငံခြားမှာဆိုရင်တော့တဲ့ . . ပတ်ဝန်းကျင်အသစ် . . စိတ်သစ်လူ





သစ် . . ဘဝသစ်နဲ့ကျောင်းကို စိတ်ပါလက်ပါတက်နိုင်လိမ့်မယ်တဲ့"

"ဟဲ့ကောင်မ . . နင့်ကိုလည်း အဲဒီလိုပြောသလား . . ထူးတော့ထူးဆန်းတယ်ဟဲ့ . . ငါ့ဖေဖေကြီးလည်း ငါ့ကိုအဲဒီလိုပြောတယ် . . ဧကန္တ . . လူကြီးတွေ တိုင်ပင်ထားကြပြန်ပြီ ထင်တယ်"

"ကောင်းတော့ ကောင်းပါတယ်လေ . . နိုင်ငံခြားမှာဆိုရင် သန့်သန့်လေး . . ဟာဇ် . . ဟင်း . . ဗီလင်ပဲ"

"ဟဲ့ကောင်မ . . စိတ်ကူးလျှောက်ယဉ်မနေနဲ့ . . ငါ့အဖေ ကျောင်းသွားတက်ခိုင်းနေတာ . . အိန္ဒိယမှာ . . ."

"ဟယ် . . သေပြီဆရာ . . ."

ငွေစင်ဟာန်နှင့်ဇော်ဇော်သည် နောက်ကနှစ်ကောင်၏ စကားတွေကြောင့် ရယ်နေမိသည်။ ဇော်ဇော်က ကားကိုညင်ညင်သာသာပဲမောင်းနေသည်။

"ဇော်ဇော့်အဖေကရော . . ဒါပေမယ့် ကျွန်တော်က မသွားချင်ဘူး . . ဒီမှာပဲနေပြီး . . ဖေဖေ့ကုမ္ပဏီမှာပဲ ဝင်လုပ်ချင်ပြီ . . ကျောင်းလည်း ဆက်မတက်ချင်တော့ဘူး . ."

"အို . . နိုင်ငံခြားမှာ ပညာသွားသင်ဖို့ကိစ္စဆိုတာ တော်ရုံတန်ရုံအခွင့်အရေးမဟုတ်ဘူးလေ ဇော်ဇော် . . တချို့တွေဆို ဘာမှမတတ်နိုင်တဲ့ကြားကတောင်မှ အတင်းကြိုးစားပြီးသွားကြရတာ . . ဇော်ဇော်တို့ဆိုရင် ဘယ်လောက်ကုသိုလ်ထူးသလဲ . . ရေကန်အသင့် . . ကြာအသင့် . . ဒီလိုအခွင့်အရေးမျိုးကို ဇော်ဇော်လက်မလွှတ်သင့်ဘူး . . ."

ဇော်ဇော် သက်ပြင်းတစ်ချက် ခပ်လေးလေးချလေသည်။

"အင်းလေ . . အခုတော့ ကျွန်တော် ဘာမှတိတိကျကျ မပြောနိုင်သေးဘူး . . လက်ဝှေ့ပွဲပြီးမှပဲ ဒီကိစ္စကိုဆက်စဉ်းစားမယ်"

ခဏကြာတော့ ကားက ရှော့ပင်းစင်တာသို့ရောက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ကားပါကင်မှာ ကားကိုရပ်လိုက်သည်။ ပြီးတော့ ဇော်ဇော်က မမဆင်းဖို့ ကားတံခါးကို သူကိုယ်တိုင် လာဖွင့်ပေးသည်။ သည်အခြင်းအရာကို အေမီတို့က မျက်စောင်းထိုးလေသည်။

"ဟဲ့ .. ဇော် .. တို့အတွက်လည်း တံခါးဖွင့်ပေးဦး .."

"အောင်မာ .. မင်းတို့ယောက်ျားတွေမဟုတ်လား .. ကိုယ့်ဘာသာဖွင့် ..."

ငွေစင်ဟန်သည် ဇော်ဇော်က ယခုကဲ့သို့ သူမကို ဂရုစိုက်သဖြင့် ပီတိဖြစ်သွားသော်လည်း ဟိုနှစ်ကောင်က လှမ်းနောက်သဖြင့် ရှက်သွားမိသည်။

"မဟုတ်ဘူးလေဟယ် .. တို့လည်း မမလိုပဲ .. အားနွဲ့တဲ့ဘဝမျိုးပဲ ..."

"ဟုတ်တယ်ဟဲ့ .. ငါဆိုရင်လေ .. တံခါးတောင် တွန်းဖွင့်ဖို့ အားမရှိဘူး .. ခစ် ခစ် ..."

"ခွေးကောင်တွေ ..."

ရှောပင်းစင်တာထဲဝင်သောအခါ မမနှင့်ဇော်ဇော်က တစ်တွဲ။ အေမီနှင့်ဆူဆန်ကတစ်တွဲ။ ထိုအခိုက်မှာပင် လူနှစ်ယောက်က သူတို့ဆီသို့ တည့်တည့်လျှောက်လာပြီး ဇော်ဇော့်ရှေ့မှာ လာပိတ်ရပ်သည်။ ကိုယ်လုံးထွားထွား ဂင်တိုတိုကောင်က ဇော်ဇော့်ကိုမေးသည်။

"မင်းနာမည် ဇော်ဇော်နိုင်လားကွ ..."

ဇော်ဇော် ထိုဂင်တိုတိုလူကို ပြန်ကြည့်လိုက်သည်။ သည်လူမည်သူနည်း။ အသက်ကတော့ သူ့ထက်သုံးလေးနှစ်လောက် ကြီးမည်။ မျက်ပေါက်ကျဉ်းကျဉ်း၊ ဆံပင်တိုတိုလူ .. ပြီးတော့ မျက်နှာမှာ ဝက်ခြံအမာရွတ်တွေလည်း အပြည့်။

"ဟုတ်တယ် .. ဒါနဲ့ခင်ဗျားက ကျွန်တော့်ကို သိလို့လား"

"အေး .. သိတယ် .. မင်းနာမည် ဇော်ဇော်နိုင်ဆိုတာ



လည်း သိတယ် .. မင်း မိန်းမလျှာဖြစ်ခဲ့တာလဲ သိတယ် .."

ဇော်ဇော့်သွေးတွေ ချက်ချင်းဆူပွက်လာသည်။ သည်လူသည် သူ့ကိုအကြောင်းမဲ့ လာစော်ကားနေလေပြီ။

"ခင်ဗျား .. ဘယ်သူလဲ ..."

ဇော်ဇော်သည် နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်သည်။ မမရှေ့တွင်ဖြစ်သဖြင့် လိုအပ်မည်ဆိုပါက သူ ဒီကောင့်ကိုထိုးရပေတော့မည်။ ထိုလူကတော့ ဇော်ဇော့်ပခုံးကို လှမ်းပုတ်ရင်းဖြေသည်။

"ငါ့နာမည် စိန်ငမန်း ..."

"ဟင် ..."

ငွေစင်ဟန်လည်း အံ့အားသင့်သွားသည်။ လက်ဝှေ့ပွဲတွင် ဇော်ဇော်နှင့်ယှဉ်ပြိုင်ထိုးသတ်မည့်လူ။ သည်လူသည် ဇော်ဇော့်ကို မည်သို့သိနေပါလိမ့်။ သို့သော် ကိုမင်းဟန်ထံမှ ဇော်ဇော့်အကြောင်းကို သိရနိုင်သကဲ့သို့ ကိုမင်းဟန်၏ အစီအစဉ်ဖြင့်ပင် ဇော်ဇော့်ဓာတ်ပုံကို ရဖို့မခဲယဉ်းပါ။

"ဪ .. ခင်ဗျားက စိန်ငမန်းဆိုတာကိုး ..."

"အင်း .. ငါက ငါ့ပြိုင်ဘက်ကို ကျားကျားလျားလျားပဲ ထင်ထားတာ .. ဟေ့ကောင် .. မင်း ဖြစ်ရဲ့လားကွ .. မဖြစ်ရင်လည်း ပြော ကိုယ့်လူ .. ပြိုင်ပွဲက နုတ်ထွက်လိုက်ဖို့ အချိန်မီသေးတယ်"

စိန်ငမန်း၏အဖော်ကလည်း ဘေးကဝင်ပြောသည်။ ဇော်ဇော်သည် စိန်ငမန်း၏ ပခုံးကို အသာပြန်ပုတ်လိုက်သည်။

"ကြိုးဝိုင်းပေါ်မှာ ကျုပ်တို့တွေ့ကြတာပေါ့ ..."

စိန်ငမန်း၏မျက်ပေါက်သည် ပို၍ကျဉ်းသွားသည်။ ပြီးတော့ ပြုံးစစလုပ်သည်။

"ကောင်းပြီ .. ငါ သွားမယ် ..."

စိန်ငမန်းကလည်း ဇော်ဇော့်ပခုံးကို ပြန်ပုတ်ပြီး လှည့်ထွက်

www.burmeseclassic.com



သွားသည်။ ထိုအခါမှ ဆူဆန်နှင့်အေမီက သူခိုးပြေးမှထိုးကွင်းထ လုပ်လေတော့သည်။

"လူကိုက . . ဘာရုပ်မှမထွက်တဲ့ကောင်ကများ . . စောစောကများ . . သူ့ကိုငါ ပါးရိုက်ချင်လိုက်တာ . . လက်ကိုယားနေတာပဲ"

"အေးဟယ် . . ငါလည်း သူ့ကိုကုပ်ဆွဲချင်လိုက်တာ . . လက်သည်းတွေကို ယားနေတာပဲ . . ."

ဇော်ဇော်ကတော့ စိန်ငမန်း၏ ကျောကိုလှမ်းကြည့်နေရင်းက လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။ ပထမဦးဆုံးအကြိမ်အဖြစ် သူ့ကိုယ်သူ သံသယဝင်သွားသည်။ စိန်ငမန်းလို ခပ်ကြမ်းကြမ်းကောင်ကို သူတကယ်နိုင်အောင် ထိုးနိုင်ပါမည်လော။ ထိုနေ့တွင် သူရှုံးခဲ့သည်ရှိသော မမက သူ့ကိုအထင်ကြီးပါဦးမည်လော။ အရှုံးနှင့်ဆက်နွယ်ပြီး သူ့ကိုယောကျ်ားမပီသသေးဟု ထင်သွားလေမည်လော။

ထိုသို့သာ ရှုံးခဲ့သည်ရှိသော သူ၏မျှော်လင့်ချက်တွေသည် ပြိုကျပျက်စီးသွားရလေတော့သည်။ အကယ်၍သာ သူ့အနေနှင့်စိန်ငမန်းကို နိုင်အောင်ထိုးသတ်နိုင်ခဲ့လျှင်တော့ ထိုနေ့မှာပင် သူသည် မမကို သူမိန်းမလျာဘဝက ကျွတ်ခဲ့ရသည့်အဓိကအကြောင်းအရင်းကို ပြောပြရင်း မမကိုချစ်နေသည့်အကြောင်းဖွင့်ပြောမည်။

"ဇော်ဇော် . . လာလေ . . မမတို့အထဲဝင်ရအောင် . . . ဆူဆန်တို့တောင် ဝင်သွားပြီ . . ."

မမက သူ့လက်မောင်းကို ပုတ်လိုက်မှ သူ သတိဝင်လာသည်။ မမနှင့်သူ နှစ်ယောက်တွဲပြီး ရှောပင်းစင်တာထဲသို့ ဝင်သောအခါ သူ ရင်တွေ ခုန်နေလေသည်။



"ငွေစင် . . ."

ငွေစင်ဟန်သည် ကိုမင်းဟန်ကို မကြည့်ရဲဘဲ။ ကားပြတင်းမှ တစ်ဆင့် ကန်ရေပြင်ကို ခပ်ငေးငေးလေးပဲ ကြည့်နေလိုက်သည်။

"ကိုယ် ငွေစင့်ကို ချစ်တယ် . . ."

သူမ တုန်လှုပ်သွားမိသည်။ သည်စကားကို သူမ ယခင်ကလည်း ကြားခဲ့ရဖူးသည်။ ယခုလည်း ကိုမင်းဟန်က ပြန်ပြောနေပြန်လေပြီ။ ကိုမင်းဟန်သည် သူမကိုဘာကြောင့်ချစ်ခဲ့၍ သူမကလည်း ကိုမင်းဟန်ကို ဘာကြောင့်ပြန်ချစ်ခဲ့မိပါလိမ့်။ သို့သော် ယခုတော့မှ ကိုမင်းဟန်၏ ဒုတိယမြောက်ချစ်ခွင့်ပန်မှုခြင်းအပေါ် ကြည်နူးသာယာစိတ်မဖြစ်မိဘဲ တုန်လှုပ်ခြင်းသာ ဖြစ်မိသည်။

"အဲဒါ ကိုယ့်မေတ္တာကို ငွေစင် လက်ခံပေးပါနော် . . ."

"အမှန်အတိုင်းပြောရရင် . . . ကျွန်မတို့နှစ်ယောက်က အသွင်မတူဘူး . . ကိုမင်းဟန် . . ကျွန်မက ကိုမင်းဟန်ထက်စာရင် အများကြီးဆင်းရဲတယ် . . နောက်ပြီး စရိုက်ခြင်းလည်း မတူဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စရိုက်ခြင်းမတူတာက ညှိလို့ရပါတယ် . ."

"ရှင်တကယ်တမ်းရွေးသင့်တာက ဝတ်ရည်ကိုပဲ . . ဝတ်ရည်က ကျွန်မထက်စာရင် ပိုလည်းလှတယ် . . ပိုလည်းချမ်းသာတယ်"

"မဟုတ်သေးဘူး ငွေစင် . . ဝတ်ရည်ကို ကိုယ်စိတ်မဝင်စားဘူး . . ချစ်လည်းမချစ်ဘူး . . ဝတ်ရည်ကသာ ကိုယ့်ကိုအတင်းကပ်ခဲ့တာ . . အဲဒါကိုပဲ ငွေစင်အထင်လွဲသွားတာ . . တကယ်ကတော့ အချစ်ဆိုတာမှာ ပိုလှတာ မလှတာ . . ပိုချမ်းသာတာ မချမ်းသာတာ တို့ဟာ အရေးမကြီးပါဘူး . . ချစ်ခြင်းမချစ်ခြင်းကသာ အရေးကြီးတာပါ . . ."

ကိုမင်းဟန်သည် စကားကိုရပ်လိုက်သည်။ ငွေစင်ဟန်က ထိုအခါမှ ကိုမင်းဟန်ကိုလှည့်ကြည့်သည်။

"ဘာပဲဖြစ်ဖြစ် . . ငွေစင် ကိုယ့်မေတ္တာကို လက်ခံပါ . . ပြီးတော့သေသေချာချာ ပြန်ပြီးစဉ်းစားပေးပါ . . ."

ငွေစင်ဟန်က ဘာမှပြန်မဖြေသောအခါ ကိုမင်းဟန်က ကားစက်ကို နှိုးလိုက်သည်။ ပြီးတော့ ကားကို လမ်းပေါ်သို့ဖြည်းဖြည်းလေးမောင်းတက်သည်။ ထိုအခိုက်မှာပင် လမ်းမမှာမောင်းလာသော ကားထဲမှ ဆူဆန်နှင့်အေမီက ကိုမင်းဟန်နှင့်ငွေစင်ဟန်ကို မြင်သွားလေသည်။

"ဟယ် . . ဟိုကားပေါ်မှာပါသွားတာ . . မမနဲ့ကိုမင်းဟန်မဟုတ်လား . . ."

"အေး . . ဟုတ်တယ် . . ငါလည်းတွေ့တယ် . . ဩော် . . မမတောင် ကိုမင်းဟန်နဲ့ပြန်တွဲနေပြီပဲ . . ငါတို့ဖော်ဖော်တော့ သနားပါတယ် . . ဘယ်လိုလုပ်မလဲ အေမီ . . ."

"အင်း . . ဟိုကောင်ကလည်း မမကို အရူးအမူးဆိုတော့ ဒီအကြောင်းသိသွားရင် စိတ်ထိခိုက်သွားမှာ . . စိတ်ကိုမထိန်းနိုင်





မသိမ်းနိုင်ဖြစ်ပြီး . . တို့လို မိန်းမလျှာဘဝပြန်ရောက်ချင် ရောက်ဦးမှာ . . ဒီတော့ ဒီအကြောင်းကို ဖော့်ကိုမပြောဘဲနေကြရအောင်"

"မပြောဘဲနေရင် ပိုဆိုးမယ်ဟဲ့ . . စောစောစီးစီး သိရရင်ပိုပြီး အခံရသက်သာတာပေါ့ . . အခုပဲ ငါဖုန်းဆက်ပြောလိုက်မယ်"

အေမီက ဆူဆန့်စကားအဆုံးမှာ တောက်တစ်ချက်ခေါက်လိုက်သည်။ ထိုတောက်ခေါက်သံသည် မိန်းမလျှာတို့၏ တောက်ခေါက်သံမဟုတ်ပါ။ ယောကျ်ားစစ်စစ်တို့၏ တောက်ခေါက်သံမျိုးဖြစ်သွားသည်။ ဆူဆန်သည် ချက်ချင်းပင် သူ၏လက်ကိုင်ဖုန်းနှင့် ဖော်ဖော့်ထံသို့ ဆက်သွယ်လိုက်၏။

"ဖော်လား . . ဆူဆန်ပါ . . ဘာလုပ်နေလဲ . . မြန်မာ့လက်ဝှေ့ပွဲအခွေဟောင်းတွေကို အခွေပြန်ဖွင့်ကြည့်နေတယ် . . ဟုတ်လား . . တို့လား . . အခုပဲ လေယာဉ်ကွင်းက ပြန်လာတာ . . အစ်မက စင်္ကာပူသွားမယ်လေ . . အဲဒါ လိုက်ပို့တာ . . . အေမီလည်းပါတယ်"

ဆူဆန်သည် အံတစ်ချက်ကြိတ်လိုက်သည်။

"ဖော် . . ."

"ဟင် . . ."

"တို့တွေ ဖော့်ကိုပြောစရာရှိတယ် . ."

"ဟာ . . ဝမ်းသာလိုက်တာ . . မင်းတို့ယောကျ်ားစစ်စစ်ဘဝကို ရွေးကြတော့မယ်ပေါ့ . . ."

"မဟုတ်ဘူး . . ."

"ဘယ်လိုလဲကွာ . . ဘာဖြစ်လို့များ . . မင်းတို့ဒီဘဝကို ခုံမင်နေကြတာလဲ . . ကြိုးစားကြစမ်းပါကွာ . . ငါလည်း ကူညီနေတာပဲ . ."

"ဖော် . . ."

"ဟေ့ကောင် ဆူဆန် . . မင်း ဘာဖြစ်နေတာလဲ . ."



www.burmeseclassic.com

www.burmeseclassic.com



"ဇော့်မမ . . ကိုမင်းဟန်နဲ့ပြန်တွဲနေပြီ . . ."

"ဟင် . . ."

ဆူဆန်သည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ငါတို့ အခုလေးပဲ . . သူတို့အတွဲကို ကားပေါ်မှာတွေ့လိုက်တာ . ."

ဇော်ဇော်သည် သူကြည့်နေသည့် မြန်မာ့လက်ဝှေ့ပွဲအဟောင်းအခွေတွေကို ပိတ်လိုက်သည်။ ယခု ဆူဆန့်ဆီကကြားလိုက်ရသော သတင်းကိုသူမယုံပါ။ မမသည် ကိုမင်းဟန်လိုယောကျ်ားမျိုးကို ပြန်တွဲလိမ့်မည် မထင်ပါ။ ထိုနေ့က မမကိုယ်တိုင်ပင် ကိုမင်းဟန်ကို ဒေါသတကြီးရိုက်ပစ်ခဲ့သည် မဟုတ်ပါလော။

"တို့အမြင်မမှားဘူးဇော် . . အေမီလည်း မြင်လိုက်တယ် . . ရော့ . . အေမီ . . ဇော့်ကို နင်မြင်တာ ပြောပြလိုက်ဦး . . ."

"ဟုတ်တယ် ဇော်ရဲ့ . . . အေမီလည်း မြင်လိုက်တယ် . . သူတို့ကတော့ တို့ကို မြင်ပုံမရပါဘူးဟယ် . . ရှေ့ခန်းမှာ နှစ်ယောက်တွဲပြီးထိုင်နေတာ . ."

ဇော်ဇော်၏ နှုတ်ခမ်းသည် တင်းတင်းစေ့သွားသည်။ သူ့သူငယ်ချင်းနှစ်ယောက်သည် အခိုင်အမာပြောဆိုနေကြခြင်းဖြစ်ပြီး သူ့ကိုနောက်နေကြခြင်းလည်း ဟုတ်ပုံမရပါ။

"ကိုမင်းဟန် ကားဆိုတာလည်း သေချာတယ် . . ကားနံပါတ်က . . . ."

အေမီသည် ကားနံပါတ်ကိုပါရွတ်ပြသည်။ ဇော်ဇော်၏မျက်နှာသည် မှုန်မှိုင်းသွားသည်။ ယခင်က တောက်ပြောင်စူးရှနေသောမျက်လုံးအစုံသည် ဖျော့တော့မှုန်မှိုင်းသွားသည်။

"အဲဒါ ဇော်ကြိုသိထားရအောင် တို့ပြောတာ . . ဇော် ကိုယ့်စိတ်ကိုကိုယ်ထိန်းနော် . . မဟုတ်တာတွေ လျှောက်မလုပ်နဲ့ . . ဒါ





. . မနက်ဖြန်မှတွေ့မယ် . . ဘိုင့်ဘိုင် . . ."

အေမီက ဖုန်းကိုပိတ်သွားသော်လည်း ဇော်ဇော်ကတော့ ဖုန်းကို မပိတ်မိသေးဘဲ ငိုင်နေမိသည်။ သူ၏မျှော်လင့်ချက်တွေ ပြိုကျခဲ့လေပြီလား . .။

နောက်ရက်များတွင် သူသည် ဘာဖြစ်နေသည်ကို မမနှင့်အခြားသူတွေ မရိပ်မိအောင် ကြိုးစားနေခဲ့သည်။ မမနှင့်လည်း ရယ်ရယ်မောမော စကားတွေပြောဖြစ်ခဲ့သည်။ သို့သော် သူ့ရင်ထဲတော့ မချိ။ မမနှင့်ကိုမင်းဟန်တွဲနေသည်ဆိုသည့် သတင်းကိုကြားခဲ့ရပြီးသည့် တတိယမြောက်နေ့မှာတော့ သူကိုယ်တိုင်ပင် မမနှင့်ကိုမင်းဟန်ကို တွဲလျက်တွေ့လိုက်ရလေသည်။

ထိုနေ့က သူ မမဆီသို့ နံနက်စောစောရောက်သွားခဲ့သည်။ သူ့စိတ်ကူးက မမနှင့်သူအပြင်ထွက်၍ နံနက်စာစားမည်။ ပြီးတော့ ဆရာကြီးအတွက်လည်း စားစရာတွေဝယ်ကာပြန်မည်။ အိမ်ရောက်၍ ခဏနားပြီးသည်နှင့် လက်ဝှေ့ရေးကျင့်မည်ဆိုပြီး နံနက်စောစောရောက်သွားခဲ့ခြင်းဖြစ်သည်။

ကိုမင်းဟန်၏ကားကို မမတို့ခြံဝမှာပင်တွေ့ရကတည်းက သူ စိတ်ထင့်သွား၏။ အိမ်ပေါ်သို့လှမ်းကြည့်လိုက်သောအခါ အိမ်ရှေ့ခန်းမှာထိုင်လျက် စကားပြောနေသည်ကို တွေ့လိုက်ရသည်။ သူတို့နှစ်ယောက်၏ဟန်ပန်သည် ရင်းရင်းနှီးနှီး ရယ်ရယ်မောမော။

ဇော်ဇော်သည် ကားကို စက်ပြန်နှိုးသည်။ မမတို့အတွက် သူအနှောင့်အယှက် မပြုလိုတော့ပါ။ ချက်ချင်းပင် ဝမ်းနည်းလာလေသည်။ အချစ်ဆိုတာ ဘာမှန်းမသိခင်တုန်းက ဘာကိုမှမခံစားခဲ့ဖူးပါ။ လွမ်းခြင်း၊ ဆွေးခြင်း စသည့်ဝေဒနာတွေကို ဆိုဝေလာထေး။ ယခုတော့ဖြင့် ဇော်ဇော်သည် ရင်နှင့်မဆန့်အောင်ပင် ခံစားရလေပြီ။

လုပ်ရက်လိုက်တာ မမရယ် . . ဒီလိုလူမျိုးနဲ့များ မမပြန်

www.burmeseclassic.com


တွဲရက်တယ် . .။ ကျွန်တော့်ကို စော်ကားခဲ့တဲ့လူ။ ကျွန်တော့်ကို ထိုးခဲ့တဲ့လူ။ လူမဆန်တဲ့လူ။ ဒီလူကို ကျွန်တော့်မျက်နှာကိုတောင် မထောက်ဘဲ။ ပြန်တွဲရက်တယ်ဗျာ . . ကျွန်တော် ဘယ်လိုလုပ်ရမလဲ ဟင် . . လက်ဝှေ့ပွဲပြီးရင် ကျွန်တော် မမကိုသိပ်ချစ်တယ်ဆိုတာ ပြောမလို့ . . လက်ဝှေ့ပွဲမှာလည်း နိုင်ချင်လွန်းလို့ အခုဆိုရင် ကျွန်တော် မနားမနေ လက်ဝှေ့ကျင့်နေမိတာ။

မမ ကျွန်တော့်ကို နည်းနည်းလေးမှ အထင်မကြီးဘူးလား ဟင် . . ကျွန်တော် ယောကျ်ားစစ်စစ်ပြန်ဖြစ်နေပြီဆိုတာ မမမယုံသေးဘူးလား ဟင် . . .။

ဇော်ဇော်သည် ရင်ထဲမှာ တိတ်တဆိတ်စကားတွေပြောနေရင်း ကားကိုပြန်နောက်ဆုတ်ပြီး မောင်းထွက်ခဲ့သည်။ သူ့ကားကို မမတို့မြင်လိုက်ပုံတော့မရ။ လမ်းမသို့ရောက်သောအခါ သူ့မျက်လုံးအိမ်မှာ မျက်ရည်တွေပြည့်လာ၏။ သည်မျက်ရည်တွေသည် သူ ယောကျ်ားစစ်စစ်ပြန်ဖြစ်မှကျသော ပထမဆုံးမျက်ရည်ဖြစ်သည်။ မျက်ရည်မကျအောင် မျက်တောင်ကိုပုတ်ခတ် ပုတ်ခတ်လုပ်သော်လည်း မရဘဲ ပါးပေါ်သို့ စီးကျလာခြင်းဖြစ်သည်။



"မင်းတို့ကို ငါတောင်းပန်ချင်တာတစ်ခုက ဒီအကြောင်းကို မမ လုံးဝမသိပါစေနဲ့ . . မမနဲ့ကိုမင်းဟန် ပြန်တွဲနေတာကို တို့သိတယ်ဆိုတာကို မမ လုံးဝမသိပါစေနဲ့ . . မင်းတို့လည်း ဒီတစ်ခါ ထပ်တွေ့ရင် မမြင်ချင်ယောင်သာဆောင်နေကြ . . ."

"နင် အရမ်းတော့ ခံစားရမှာပဲနော် . . ဇော် . ."

"ခံစားရတာပေါ့ကွာ . . ရင်ကွဲမတတ်ခံစားရတာပေါ့ . . ဒါပေမယ့် ငါကယောကျ်ားပဲကွာ . . ."

ဇော်ဇော့်ခုတင်ပေါ်မှာပင်ထိုင်ပြီး သုံးယောက်သား ခပ်တိုးတိုးစကားပြောနေမိခြင်းဖြစ်သည်။ ဇော်ဇော်၏မျက်နှာသည် ယခင်တထက်ပိုတည်ငြိမ်လာသည်။

"မဆိုင်ပါဘူးဟယ် . . ယောကျ်ားပေမယ့် နင်ကအချစ်ဆိုတာကို ခုမှခံစားဖူးတာ . . အဲဒီ့တော့ ပိုခံစားရမှာပဲ . ."

"ဇော် . . နင် တို့ကိုမရှက်နဲ့ . . အမှန်အတိုင်းဖြေ . . နင် . . မမကိုသိပ်ချစ်တာပဲလား . . ."

ဇော်ဇော်သည် ပင့်သက်ရှိုက်လိုက်သည်။

"အင်း . . မမကို ငါသိပ်ချစ်တယ်ကွာ . ."



www.burmeseclassic.com

www.burmeseclassic.com



"အေးဟယ် . . တို့လည်း စာနာပါတယ် . . ဒါနဲ့ ဇော်ကို မေးရဦးမယ် . . နင် လက်ဝှေ့ပွဲကို ဝင်ထိုးဦးမှာလား . ."

ဆူဆန့်အမေးကြောင့် ဇော်ဇော်က ခပ်ဖွဖွရယ်လေသည်။

"အသည်းကွဲတာက အသည်းကွဲတာတစ်ပိုင်း . . လက်ဝှေ့ကိစ္စက လက်ဝှေ့ကိစ္စတစ်ပိုင်းကွ . . ငါဘယ်လောက်ခံစားနေရပါစေ . . လက်ဝှေ့ကိုတော့ ဖြစ်တဲ့နည်းနဲ့ ဖြစ်အောင်ထိုးမယ် . . ပြီးတော့ စိန်ငမန်းကိုလည်း နိုင်အောင်ကိုထိုးမယ် . . ."

"အေးဟယ် . . တို့လည်း ဘယ်လိုအကြံပေးရမှန်းတောင် မသိတော့ဘူး . . ."

မနက်ကတော့ ဖေဖေက ဇော်ဇော့်အခန်းထဲရောက်လာပြီး လက်ဝှေ့ပွဲကိစ္စ စကားလာပြောသည်။

"ဒီအချိန်မှာ သားအနေနဲ့စဉ်းစားဖို့ကောင်းပြီ သား . . သားရဲ့အပြုအမူအပြောအဆိုအနေအထိုင်တွေက ယောကျ်ားစစ်စစ်ဘဝကိုရနေပြီဆိုတာ ပြနေပြီပဲ . . ဒီလိုအန္တရာယ်များတဲ့ လက်ဝှေ့ကြိုးဝိုင်းထဲကို မဝင်ပါနဲ့တော့ သားရယ် . . စာရင်းပေးထားပြီးမှ ဖျက်လိုက်ရင်လည်း ရတာပဲ . . ဘယ်သူသိတာမှတ်လို့ . . ဖေဖေ့သဘောကတော့ သားကြိုးဝိုင်းထဲ မဝင်စေချင်ဘူး . . ဒီလောက် သားပြောင်းလဲလာတာကိုပဲ ဖေဖေ ကျေနပ်လှပါပြီ . . ."

"မဟုတ်ဘူး ဖေဖေ . . ကျွန်တော်ကိုယ်တိုင်က လက်ဝှေ့ကြိုးဝိုင်းထဲကိုဝင်ကြည့်ချင်လို့ . . ပြီးတော့ ကျွန်တော့်ကိုယ်ကျွန်တော်လည်း စမ်းသပ်မှုတစ်ခုလုပ်နေတာ . . ကျွန်တော်နဲ့စိန်ငမန်းလည်း အပြန်အလှန်စိန်ခေါ်ပြီးပြီ ဖေဖေ . . ဒီတော့ ကျွန်တော် သူနဲ့ထိုးကို ထိုးရမယ် . . ."

ဖေဖေက အူပခုံးကို သိုင်းဖက်လေသည်။

"သားရယ် . . . ဖေဖေ သားနိုင်မယ်လို့ ယုံကြည်ပါတယ်





. . ပြီးတော့ သား နိုင်ပါစေလို့ ဖေဖေ ဆုတောင်းပေးနေမယ်"

"ဖေဖေ အဲဒီနေ့ပွဲကို လိုက်ကြည့်မယ် မဟုတ်လားဟင်"

"ဖေဖေ မလိုက်ဘူး သား . . ဖေဖေ အိမ်မှာပဲ သားနိုင်အောင် ဆုတောင်းပေးနေမယ် . . ဘာဖြစ်လို့လဲဆိုတော့ လက်ဝှေ့ပွဲတို့မည်သည် ဘယ်သူနိုင်နိုင် . . ဘယ်သူရှုံးရှုံး တစ်ယောက်နဲ့ တစ်ယောက် ထိကြတာချည်းပဲ . . သားကို ထိမိခိုက်မိမှာမျိုးကို ဖေဖေ . . အဖေတစ်ယောက်အနေနဲ့ သားကိုသိပ်ချစ်တဲ့ အဖေတစ်ယောက်အနေနဲ့ မကြည့်ရက်ဘူး . . ဒါကြောင့် ဖေဖေ သားရဲ့လက်ဝှေ့ပွဲကို မလိုက်ဘဲ အိမ်ကပဲ ဆုတောင်းပေးနေမယ် . . ."

ဖေဖေ့မျက်ဝန်းမှာ မျက်ရည်စတွေ တွေ့ရသည်။ ဇော်ဇော်လည်း ဖေဖေ့မျက်ရည်တွေကြောင့် စိတ်ထိခိုက်သွားမိသည်။

"ဖေဖေ . . . ."

"ဟင် . . . ဘာလဲသား . . ."

"တကယ်လို့ လက်ဝှေ့ပွဲမှာ ကျွန်တော်နိုင်ခဲ့ရင် ဖေဖေ ဘာဆုပေးမှာလဲ . . ."

ဦးကျော်ဇေယျသည် ပြုံးလေ၏။

"သား လိုချင်တာတောင်း . . ဖေဖေ ပေးမယ် . ."

ဇော်ဇော့်ရင်ထဲ လှိုက်ကျသွားမိသည်။ ကျွန်တော် မမကို ချစ်နေတာ ဖေဖေ မသိပါဘူး . . အစကတော့ ကျွန်တော် လက်ဝှေ့ပွဲမှာနိုင်ရင် မမနဲ့ကိစ္စကို သဘောတူခိုင်းမလို့ပါ ဖေဖေ . . ဒါပေမယ့် အခုတော့။

ဇော်ဇော်၏မျက်နှာညှိုးကျသွားသဖြင့် ဦးကျော်ဇေယျက ဗျာပျာသလဲ မေးသည်။

"ဖေဖေ မပေးနိုင်မှာစိုးလို့လား သား . . သားအတွက်ဆိုရင် ဖေဖေ ဘာမဆို ပေးနိုင်ပါတယ် သားရယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဇော်သည် မျက်ရည်တွေဝဲလာသည်။

"အလကားပြောတာ ဖေဖေ . . ကျွန်တော် ဘာမှတောင်းစရာမလိုအောင် ကျွန်တော့်ဘဝက ပြည့်စုံနေပြီပဲ . . ."

ဦးကျော်ဇေယျသည် ထိုအခါမှ ဇော်ဇော့်ပခုံးကို ခပ်ဖွဖွ ပုတ်ကာ သားဖြစ်သူကို နှုတ်ဆက်ပြီး အခန်းထဲမှထွက်သွားသည်။ ဇော်ဇော်သည် ဖခင်ဖြစ်သူနှင့်မနက်ကပြောခဲ့သော စကားတွေကို ပြန်စဉ်းစားမိတိုင်း ငိုင်နေ၏။



လက်ဝှေ့ပွဲကျင်းပဖို့က တစ်ပတ်လောက်ပဲ လိုတော့သည်။ ဇော်ဇော်၏ အမောလုံမှု၊ ကြံ့ခိုင်မှုတို့က အလွန်ပင်ကျေနပ်စရာကောင်းသလို သူနှင့်ယှဉ်ပြိုင်ထိုးသတ်မည့် စိန်ငမန်း၏အစွမ်းတွေကိုလည်း တစ်ဆင့်စကားဖြင့် ကြားနေရသည်။

စိန်ငမန်းသည် ဆရာဖြစ်သူ ဦးစိန်သံမဏိကဲ့သို့ပင် ကျွမ်းကျင်ထက်မြက်ပါသည်တဲ့။ ဆရာကလည်း လက်ကုန်သင်ပေး၍ တပည့်ကလည်း ပြင်းပြင်းထန်ထန်လေ့ကျင့်နေလေသည်တဲ့။ သူ့ ကစားတွက်ကို ဝါရင့်လက်ဝှေ့ကျော်ကြီးများကပင် ချီးမွမ်းကြပါသည်တဲ့။

ထိုသို့သော အခြေအနေတွေကို ကြားသောအခါ ဇော်ဇော်ကလည်း စိုးရိမ်မသွားဘဲ ယခင်ထက်ပို၍ တိုးကာလေ့ကျင့်သည်။ တစ်နေ့ကတော့ သဲအိတ်ကိုထိုးနေရင်းနှင့် သဲအိတ်ပေါက်သွားတော့သည်။ ထိုအခါ ဆရာကြီးက ချီးမွမ်းလေသည်။

"ကောင်းတယ် ဇော်ဇော် . . အဲဒီလို သဲအိတ်ပေါက်အောင် ထိုးနိုင်တဲ့ လက်သီးမျိုးနဲ့သာ စိန်ငမန်းရဲ့မျက်နှာကို စိုင်ပိုင်နိုင်နိုင် ထိလိုက်ရရင် ပွဲပြီးပြီသာမှတ် . . ."

ဇော်ဇော့်ကို ထိုသို့ချီးမွမ်းနေတာကို ဆူဆန်တို့ကြားသွား



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ဆရာကြီးကို မျက်စောင်းထိုးကြလေသည်။ ပြီးတော့ ခပ်တိုးတိုးစကားပြော၏။

"ဟဲ့ ကောင်မ . . နင့်မှာ ဘာလိတ်မားပါလား . . . "

"မပါဘူးဟဲ့ . . ဘာလိတ်မားဆောင်ထားရအောင် ငါတို့မှာ ရိတ်စရာ အမွေးမှမရှိဘဲ . . ဘာလဲ . . နင် ရိတ်မလို့လား ဆူဆန် . . နင့်လည်းဟယ် . . ခြေသလုံးမွေးတွေကို အိမ်က ကတည်းက ရိတ်လာတာ မဟုတ်ဘူး . . . "

"ခြေသလုံးမွေးရိတ်မလို့ မဟုတ်ဘူးဟဲ့ . . ငါက ခြေသလုံးမွေးဆို ဘယ်တော့မှမရိတ်ဘဲ ဆေးနဲ့ပဲ ချွတ်ပစ်တာ . . . နင်လည်း သိသားနဲ့ . . အခုဟာက သဲအိတ်ကို ဘာရိတ်မားနဲ့လှီးမလို့ . . . "

"ဟယ် . . မဟုတ်က ဟုတ်ကဟယ် . . ဆရာကြီးသိရင် နင့်ကို ဆဲလိမ့်မယ် . . ဒါနဲ့နေပါဦး . . အဲဒီလို သဲအိတ်ကို ဘာလိတ်မားနဲ့လှီးပြီးရင် နင်က ဘာလုပ်မလို့လဲ . . . "

"ခစ် ခစ် . . ဆရာကြီးရှေ့မှာ သဲအိတ်ကို တင်ပါးနဲ့ ဟောဒီလို . . ဟောဒီလို တိုက်လိုက်ရင် သဲအိတ်ထဲက သဲတွေထွက်ကျလာပြီး ဆရာကြီး အံ့ဩသွားအောင်လို့ . . ဟင်း ဟင်း . . . "

"အင်း . . နင်သာ စိန်ငမန်းနဲ့ထိုးရရင် စိန်ငမန်းတော့ မလွယ်ဘူး . . နင့် တင်ပါးဒဏ် အတော်ခံရမယ် . . . "

"ဟယ် . . ကောင်စုတ် . . မမိုက်ရိုင်းနဲ့နော် . . . "

ဆူဆန်တို့နှစ်ယောက်က တခစ်ခစ်ရယ်ကြသည်။ ထိုအချိန်တွင် ငွေစင်ဟန်သည် အိမ်ပေါ်မှနေ၍ ဇော်ဇော် လက်ဝှေ့ရေလေ့ကျင့်နေသည်ကို ခပ်ငေးငေးကြည့်နေမိသည်။ ချာတိတ်သည် ယောက်ျားပီပီသသကြီး ဖြစ်နေပါပကော။ ရင်အုပ်သည် ကားနေပြီး ကိုယ်အထက်ပိုင်းမှာ ကြွက်သားအဖုဖုအထစ်ထစ်သည် ချွေးတွေဖြင့် စိုကာ ပြောင်လက်လျက်ရှိ၏။



(၁၁)

ဇော်ဇော့်လက်ကိုင်ဖုန်းကို ဆက်ကြည့်သောအခါ ဖုန်းပိတ်ထားကြောင်း ပြန်ဖြေသည်။ ဇော်ဇော့်သူငယ်ချင်းတွေဖြစ်သည့် ဆူဆန်နှင့်အေမီထံသို့ ဖုန်းဆက်ကြည့်သောအခါ သူတို့ထံလည်း ဇော်ဇော်ရောက်မလာသလို ဘယ်သွားမှန်းလည်း မသိပါဟု ပြန်ဖြေကြသည်။

ထိုအခါ ငွေစင်ဟန်သည် စိတ်ပူစပြုလာသည်။ မနက်ကတော့ သူမ ဦးကျော်ဇေယျထံ ဖုန်းဆက်ပြီး ဇော်ဇော့်အခြေအနေကို တင်ပြခဲ့သည်။ ထိုအခါ ဦးကျော်ဇေယျက သူမ စကားဆုံးအောင် နားထောင်နေပြီး အောက်ပါအတိုင်း ပြန်ပြောခဲ့သည်။

"သမီး . . ဇော်ဇော် တစ်ခုခုဖြစ်နေတယ်လို့ အန်ကယ် ထင်တယ် . . သူ့မှာ ဘာပြဿနာရှိလို့လည်း မသိဘူး . . ဒီရက်တွေမှာ အရယ်အပြုံးလည်း သိပ်မရှိဘူး . . အခန်းပဲအောင်းနေတာ များတယ် . . . ဟိုတလောကတော့ အန်ကယ့်ကို လက်ဝှေ့ပွဲပြီးတာနဲ့ နိုင်ငံခြားမှာ ကျောင်းသွားတက်ချင်တယ်လို့ ပြောတယ် . . . အရင်က

www.burmeseclassic.com



နိုင်ငံခြားမှာ ကျောင်းသွားတက်ဖို့ကို ခါးခါးသီးသီးငြင်းတဲ့ကောင်က"

ငွေစင်ဟန် အံ့သြသွားပါသည်။ ဇော်ဇော် ဘာတွေဖြစ်နေသည်လဲ သူမ မသိပါ။ သည်နေ့ ဇော်ဇော် သူမထံ ရောက်မလာခဲ့ပါ။ Body Building သင်တန်းလည်း လာမတက်သလို၊ သူမ၏ဖခင် ဦးမိုးကြိုးနှင့်လည်း လက်ဝှေ့လာမကျင့်ပါ။ ထို့ကြောင့် သူမ စိတ်ပူပြီး ဇော်ဇော့်အိမ်သို့ ဆက်ကြည့်သောအခါ မနက်စောစောကတည်းက ကားနှင့်ထွက်သွားကြောင်းသာ ပြော၏။

"ဘာတဲ့လဲ သမီး . . ."

"မသိဘူး ဖေဖေ . . သူ ဘယ်ရောက်နေမှန်း ဘယ်သူမှ မသိကြဘူး . . ."

"အင်း . . ရက်က ဘာမှမလိုတော့ဘူး . . ဒီအချိန်မှာ ပြင်းပြင်းထန်ထန်လေ့ကျင့်ထားနိုင်မှ . . ဒီကောင် သတ္တိများကြောင်သွားသလားကွယ် . . ."

"အဲဒီလိုတော့ မဟုတ်ဘူး ထင်ပါတယ် ဖေဖေ . ."

"ပြောလို့မရဘူး သမီး . . သူက အစကတည်းက စိတ်ဓာတ်ပျော့ညံ့ပုံရတယ် . . ဒါကြောင့်မို့လည်း ဒီလိုဘဝမျိုးကို ရောက်သွားခဲ့ရတာ . . ."

"သူ စိတ်ဓာတ်မပျော့ညံ့ပါဘူး ဖေဖေ . . သမီး အသိဆုံးပါ"

ထိုအချိန်တွင် ဇော်ဇော်သည် လက်ဝှေ့ပွဲကျင်းပပြုလုပ်မည့် အားကစားရုံ၌ ရောက်နေလေသည်။ အပြင်မှာတော့ ပိုစတာကြီးများ ပင် တင်ထားပြီးလေပြီ။ နာမည်ကြီးလက်ဝှေ့သမားများ၏ ပုံများကြားတွင် သူနှင့်စိန်ငမန်း၏ပုံကိုလည်း တွေ့ရသည်။ ဇော်ဇော်သည် အခမ်းအနားပြင်ဆင်နေကြသူတွေကို ငေးကြည့်နေမိသည်။ ခန်းမကြီး၏ အလယ်မှာတော့ လက်ဝှေ့ထိုးသတ်ကြမည့် ကြိုးဝိုင်းစင်မြင့်ကြီးက ရှိနေသည်။



သူသည် ကြိုးဝိုင်းဆီသို့ လျှောက်သွားသည်။ အခမ်းအနားပြင်ဆင်နေသူတွေက ကိုယ့်အလုပ်ကိုယ်လုပ်နေပြီး သူ့ကိုမည်သူမျှ ဂရုမစိုက်ကြ။ နောက်ထပ် သုံးရက်ဆိုလျှင် သည်ကြိုးဝိုင်းထဲမှာ သူနှင့် စိန်ငမန်း ရေကုန်ရေခမ်း လက်ဝှေ့ထိုးသတ်ကြရပေတော့မည်။ ပြင်ဆင်လုပ်ကိုင်နေသူတွေကို ဂရုပြု၍ကြည့်မိပြန်သည်။ ထိုလူတွေကြားမှာ ကိုမင်းဟန်ကိုများ တွေ့ဖလေမလားဟု ရှာကြည့်သော်လည်း မတွေ့။

လက်ဝှေ့ပွဲစီစဉ်သူသည် အခမ်းအနားပြင်ဆင်နေချိန်မှာမှာ ရှိနေဖို့မလိုအပ်ပါ။ သည်ကိစ္စလောက်ကို သူ့လက်အောက်ငယ်သားတစ်ယောက်လောက်နှင့် လွှဲထားလိုက်လျှင်လည်း ဖြစ်သည်ပဲ။ ယခုအချိန်လောက်ဆိုလျှင် မမနှင့်ကိုမင်းဟန်တို့နှစ်ယောက် စားသောက်ဆိုင်တစ်ဆိုင်မှာ ရောက်နေလေမလား သို့မဟုတ် ပန်းခြံတစ်နေရာရာများ ရောက်နေလေမလား။

သူသည် လက်ဝှေ့စင်မြင့်ကြီးပေါ် အသာလှမ်းတက်လိုက်ပြီး ကြိုးဝိုင်းထဲသို့ လျှိုဝင်လိုက်သည်။ ထိုအခါ သူ့ရင်ထဲ စိုးရိမ်လာပြန်သည်။ စိန်ငမန်းကို သူနိုင်မှနိုင်ပါမည်လား။ ဤလက်ဝှေ့ကြိုးဝိုင်းသည် သူ့အတွက် နာကျင်ရှုံးနိမ့်စေမည့်နေရာဖြစ်လေသလော။ ရှေ့ဖြစ်လာမည့်ကိစ္စတွေကို ကြိုမြင်ရလျှင် ကောင်းမည်။ သူရှုံးမည်လား။ နိုင်မည်လား။ ဇော်ဇော်သည် ယောင်ဝါးယောင်လေးပြုံးမိသွားသည်။ ထိုသို့ အနာဂတ်ကို ကြိုသိလျှင်ရော ဘာထူးမည်နည်း။

ရှုံးရှုံးနိုင်နိုင် သည်အချိန်မှတော့ ဘွာခတ်၍မရတော့ပြီ။ သူသည် ပခုံးနှစ်ဖက်ကို တွန့်လိုက်မိသည်။ သည်နေ့တစ်နေ့လုံး သူ စိတ်လေပြီး သင်တန်းတွေလည်း တစ်ခုမှမသွားဘဲ ကားတစ်စီးဖြင့် ခြေဦးတည့်ရာ လျှောက်သွားနေမိသည်။ ရန်ကုန်ဆိပ်ကမ်းကိုလည်း ရောက်သည်။ မြစ်ပြင်မှာ သွားလာနေသည့် ရေယာဉ်တွေကို

www.burmeseclassic.com



အခိပ္ပါယ်မဲ့ ငေးမောမိသည်။ ပြီးတော့ ကားကိုကားပါကင်တစ်ခုမှာ ရပ်ထားခဲ့ပြီး မြို့ထဲသို့ ဦးတည်ရာမဲ့လျှောက်သည်။

ရုပ်ရှင်ဝင်ကြည့်ရကောင်းမည်လား။ စိတ်ကူးမိသေးသော်လည်း ကြည့်ချင်စိတ်ကမရှိ။ ထို့ကြောင့် လမ်းသာဆက်လျှောက်သည်။ နောက်တော့ ဗိုက်ထဲဆာသလိုလိုရှိလာသည်နှင့် စားသောက်ဆိုင်တစ်ဆိုင်သို့ဝင်၏။ ပြီးတော့ ရည်ရွယ်ချက်မရှိပါဘဲလျက် အရက်ပြင်း နည်းနည်းသောက်ပြီး ထမင်းစားသည်။

သူသည် ပူလောင်ခါးသက်လွန်းသော အရက်၏အရသာကြောင့် အားရပါးရပြုံးသည်။ သူ့ဘဝမှာ ဤအရက်သည် ပထမဆုံးဖြစ်သည်။ ယခုလို အရက်သောက်တာ မမ မြင်လျှင် သူ့ကို ဘာပြောလေမည်နည်း။ သေချာတာတစ်ခုကတော့ ဇော်ဇော့်ကို ပြင်းပြင်းထန်ထန် ဆူပေလိမ့်မည်။ ထို့အပြင် နောက်မသောက်ဖို့လည်း တားပေလိမ့်မည်။

နေလယ်ရောက်သောအခါ လက်ဝှေ့ပွဲကျင်းပမည့် အားကစားရုံ၏အခြေအနေကို သိချင်သဖြင့် သွားကြည့်သည်။ ကြိုးဝိုင်းထဲမှာ ခင်းကျင်းနေပြီးသော် အောက်သို့ပြန်ဆင်းခဲ့သည်။ သည်ကပြန်လျှင် ဘယ်သွားရကောင်းမည်နည်းဟု စဉ်းစားသည်။ အိမ်သို့လည်း မပြန်ချင်သဖြင့် နောက်ဆုံးတွင် မမတို့အိမ်ကိုပင် ကားကိုမောင်းသွားလိုက်သည်။

သူ့ကား ခြံရှေ့မှာရပ်လိုက်သည်နှင့် မမသည် အိမ်ပေါ်မှ ဝမ်းသာအားရ ပြေးဆင်းလာသည်။

"ဟယ် . . ဇော်ဇော် . . တစ်နေ့လုံး ဘယ်လျှောက်သွား နေတာလဲ . . မမလည်း စိတ်ပူလို့ မင်းဆီလည်း ဖုန်းဆက်သေး တယ် . . အန်တီ့ဆီလည်း ဆက်တယ် . . ဆူဆန်တို့ဆီလည်း ဆက် တယ် . . လာ လာ . . ဖေဖေလည်း မင်းကိုမျှော်နေတယ် . . အရေး





ကြီးတာလေးတွေ သင်ပေးဦးမလို့တဲ့ . . ."

မမသည် သူ့လက်ကိုကိုင်ပြီး အိမ်ပေါ်သို့ ခေါ်သွားသည်။ ဦးမိုးကြိုးက မျက်မှောင်ကုတ်၍ကြည့်ရင်း လှမ်းပြော၏။

"ငါက မင်းမလာတော့ဘူးတောင် ထင်နေတာ . . ကဲ . . ဆိုပါဦး . . ဘယ်လျှောက်သွားနေတာလဲ . . ."

"ကျွန်တော့် ကိုယ်ရေးကိုယ်တာကိစ္စလေးတွေကြောင့်ပါ . . ဆရာကြီး . . . ."

မမကလည်း ကိုယ်ရေးကိုယ်တာဆိုသည့် အသုံးအနှုန်းကြောင့် မျက်မှောင်ကုတ်လေသည်။

"ကဲ . . . ဟုတ်ပြီ . . အဝတ်အစား သွားလဲ . . တို့တွေ လက်ဝှေ့ကျင့်လိုက်ကြရအောင် . . ချွေးထွက်များမှ သွေးထွက်နည်းမယ်ဆိုတဲ့ စကားဟာ တို့လက်ဝှေ့လောကရဲ့ စကားပဲကွ . . ."

နောက်တော့ အိမ်ဘေးကွက်လပ်မှာ ဆရာတပည့်နှစ်ယောက် လက်ဝှေ့ကစားကြသည်။ ဇော်ဇော်သည် လောလောဆယ် သူ့စိတ်ထဲမှာ ဖြစ်ပေါ်နေသည့် ခံစားမှုတွေကိုမေ့ထားပြီး လက်ဝှေ့ပေါ်မှာပင် အာရုံစိုက်ထားလိုက်၏။

သူတို့ အနားယူချိန်တွင် ညနေစောင်းသွားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ညဉ့်ဆယ်နာရီထိုးပြီဖြစ်သော်လည်း ဇော်ဇော် အိပ်မပျော်သေး။ အိပ်ရာထက်မှာ ဟိုဘက်သည်ဘက်လှိမ့်ရင်းက မမအကြောင်း စဉ်းစားမိပြန်သည်။ မမသည် ကိုမင်းဟန်နှင့်ပြန် အဆင်ပြေသွားပြီထင်ပါသည်။ ဆူဆန်တို့က မမနှင့်ကိုမင်းဟန်တို့အတွဲကို ထပ်တွေ့ကြောင်း ပြောကြသည်။ ထိုအခါ ဟက်တက်ကွဲနေသော နှလုံးသားကို ဆားထပ်သိပ်သကဲ့သို့ ခံစားရလေသည်။ သို့သော် မချိမဆန့်ခံစားရရုံမှတစ်ပါး သူ ဘာများတတ်နိုင်ပါဦးမည်နည်း။

ဆယ်နာရီခွဲသောအခါ မည်သို့မျှနေ၍မရသဖြင့် မမထံသို့ ဖုန်းဆက်လိုက်မိသည်။

"မမလား . . ကျွန်တော်ပါ . . ."

"ဪ . . . ဇော်ဇော် . . ဆယ်နာရီခွဲနေပြီလေ . . မအိပ်သေးဘူးလား . . သန်ဘက်ခါ လက်ဝှေ့ထိုးရတော့မှာ . . . အားပြည့်နေဖို့ လိုတယ် . . အိပ်တော့ . . ."

"ကျွန်တော် အိပ်လို့မပျော်ဘူး . . ."

"ညနေက လက်ဖက်ရည်သောက်ထားမိလို့လား . . ."





"မသောက်ပါဘူး . . ."

"ဒါဆို သန်ဘက်ခါအတွက် စိတ်လှုပ်ရှားပြီး မအိပ်နိုင်တာပေါ့ . . ."

ဇော်ဇော်သည် သက်ပြင်းတစ်ချက်ကြိတ်၍ ချလိုက်မိသည်။ မမ၏အသံလွင်လွင်ကလေးကို ဆက်၍ကြားရပြန်သည်။

"မမ ကိုယ်ချင်းစာပါတယ် . . ဇော်ဇော် စိတ်လှုပ်ရှားနေမှာပဲ . . ဒါပေမယ့်ကွာ . . မင်း . . အဲဒီနေ့ပွဲမှာ နိုင်ကိုနိုင်မှာပါ . . ငါ့မောင်ဆ တော်တာပဲဥစ္စာ . . ."

"မမ . . ."

"ဟင် . . ."

"ကျွန်တော် ယောက်ျားစစ်စစ် ဖြစ်ပြီလား ဟင် . . ."

"ဪ ကွယ် . . ."

ဇော်ဇော်သည် ဝမ်းနည်းလာပြန်သည်။ မမတွင် ချစ်သူရှိမနေခဲ့လျှင် မည်မျှကောင်းလေမည်နည်း။

"ဖြေပါ . . မမ . . ကျွန်တော် ယောက်ျားစစ်စစ်ဖြစ်ပြီလား"

မမ၏ သက်ပြင်းချသံတစ်ချက် ကြားရသည်။

"အဲဒီမေးခွန်းရဲ့အဖြေကို မမက ဖြေရမှာ မဟုတ်ဘူး . . မောင်လေးရဲ့ . . . ဇော်ဇော့်ဘာသာ ပြန်ဖြေရမှာ . . ကဲ . . အိပ်တော့နော် . . အိပ်ပျော်အောင် ကြိုးစားပြီးအိပ် . . . ."

"မမ . . ."

"ရှင် . . ဘာဖြစ်လို့ မမကို ခဏ ခဏ ခေါ်နေရတာလဲ"

"လက်ဝှေ့ပွဲနေ့ကျရင် မမ လာကြည့်မယ်မဟုတ်လား ဟင်"

"အင်းပေါ့ မောင်လေးရဲ့ . . မမတို့မြေတောင်မြှောက်ပေးလိုက်တဲ့ ချာတိတ်ကို မမတို့မှ အားမပေးရင် ဘယ်သူက အားပေးမှာလဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ညဥ့်နက်ပြီ . . မမလည်း အိပ်တော့နော် . . . ကျွန်တော်လည်း အိပ်တော့မယ် . . . ဂွတ်နိုက်နော် . . . မမ . . . ."

"အေးကွယ် . . . ဂွတ်နိုက် . . . ."

ဇော်ဇော်သည် တယ်လီဖုန်းကို ပိတ်ပစ်လိုက်သည်။ အိပ်မည်ဟုသာဆိုသည် မျက်လုံးက ကြောင်နေတုန်းပင် ဖြစ်၏။



## (၁၂)

လက်ထပ်ပွဲကျင်းပမည့်နေ့တွင် ဆူဆန်နှင့်အေမီတို့က ဇော်ဇော့်ထံ စောစောစီးစီးရောက်လာသည်။ ကျင်းပမည့်အချိန်က ညခုနစ်နာရီတိတိတွင်ဖြစ်၍ သူတို့မှာအချိန်တွေလိုနေသေးသည်။ ဇော်ဇော်ကလည်း ညက စောစောအိပ်ခဲ့သဖြင့် အိပ်ရေးဝနေသည်။

"ဇော်တော့ မသိဘူး . . တို့တော့ ညက စိတ်တွေလှုပ်ရှားပြီး တစ်ရေးမှ အိပ်လို့မရဘူး . . ."

"အေးဟဲ့ . . အိပ်လို့မရရတဲ့ကြားထဲ အိပ်မက်ဆိုးကလည်း မက်နေသေးတယ် . . ."

"ဘယ်လိုလဲ အေမီရဲ့ . . ညည်းဟာက အိပ်မရပေလို့ပဲ . . အိပ်လို့သာရလို့ကတော့ အိပ်မက်ဆိုးက ဘယ်လောက်မက်လိမ့်မလဲ . . ."

သူတို့နှစ်ယောက်သည် ဇော်ဇော့်ခုတင်ပေါ်တက်ထိုင်ပြီး စကားတွေပြောကြသည်။ ဇော်ဇော်ကတော့ သူ့သူငယ်ချင်းတွေလောက် စိတ်မလှုပ်ရှားပါ။ သူသည် ဆူဆန်တို့နှစ်ယောက်ကို ပြုံး

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိသည်။ သည်ကောင်နှစ်ကောင်ကတော့ မိန်းမလျှာဘဝဖြင့်ပင် အရိုးထုတ်ကြမည့်ကောင်တွေဖြစ်သည်။

"ရော . . . ဒါက လက်ဝှေ့ထိုးကာနီးကျရင် ဇော်ပါးစောင်ထဲမှာ ထည့်ပြီးငုံထား . . ."

"ဘာတွေလဲကွ . . ."

ဆူဆန်က သူ့လက်ကိုင်အိတ်ထဲက ပြောင်ပြောင်လက်လက် အရာကလေးတစ်ခုကို ထုတ်ပေးရင်းဖြေသည်။

"တို့မနေ့က ညနေက ဂမ္ဘီရပညာကျွမ်းတဲ့ဆရာကြီးတစ်ယောက်ဆီ ရောက်သွားကြတယ် . . . အောင်မလေး . . သွားလိုက်ရတဲ့ခရီးက အဝေးကြီး . . မှော်ဘီထိအောင် သွားရတာ . . ပင်ပန်းလိုက်တာဟယ် . . . လူကို သေလုမျောပါးပဲ . . ."

"ဟဲ့ ကောင်မ . . ဇော်မေးနေတာကို အရင်ဖြေလိုက်ဦးလေ"

"ဒီလို . . . ဒီဥစ္စာက ဂမ္ဘီရပညာနဲ့စီရင်ထားတဲ့အဆောင်လို့ခေါ်တယ် . . . အဲဒါကို ပါးစောင်မှာငုံပြီးထိုးရင် နိုင်လိမ့်မယ်တဲ့"

"မတော်တဆ ဗိုက်ထဲ မျိုချမိရင် ဒုက္ခရောက်နေပါဦးမယ်ကွာ . . ဘာမှန်းမသိ . . . ညာမှန်းမသိ . . . ထားလိုက်စမ်းပါ . ."

ဇော်ဇော်က ခေါင်းခါပြီးငြင်းသောအခါ အေမီက ထိုအဆောင်ကို ယူ၍ရှင်းပြပြန်သည်။

"ငါစိတ်ထင်တော့ နို့ဆီခွက်သံပြားနဲ့လုပ်ထားတာလို့ ထင်တယ် . . ဗိုက်ထဲကျသွားလည်း ဘာဖြစ်သေးလဲ . . နောက်တစ်နေ့အိမ်သာသွားရင် ပြန်ထွက်လာမှာပဲ . . ဟင်း ဟင်း . . ကဲ . . ဆူဆန် နောက်တစ်ခု ထုတ်ပါဦး . . ."

ထိုအခါ ဆူဆန်က ပစ္စည်းနောက်တစ်ခုကို ထုတ်ပြန်သည်။ သည်တစ်ခါ ထွက်လာသည့် ပစ္စည်းကတော့ အင်းပြားကလေးဖြစ်သည်။ ထိုအင်းပြားကလေးကလည်း ပြောင်လက်လက်ကလေးဖြစ်





သဖြင့် အေမီကပင် မှတ်ချက်ပြုပြန်သည်။

"ဒါလည်း နို့ဆီခွက်သံပြားနဲ့လုပ်ထားတာပဲ . . ဒါကို အင်းလို့ခေါ်တယ်တဲ့ . . . ရန်ကိုအောင်စေတဲ့ အင်းပေါ့ဟဲ့ . . ."

"နေပါဦး . . ဒါကိုရော ဘယ်လိုလုပ်ရမှာလဲ . . ပါးစပ်ထဲငုံရမှာပဲလား . . ."

"ခစ် ခစ် ∴ ဒါကိုတော့ ပါးစပ်ထဲ မငုံရဘူးတဲ့ . . ခစ်ခစ် ညှပ်ရမှာ . . ."

"မြတ်စွာဘုရား . . ."

ဇော်ဇော်က အလန့်တကြား ဘုရားတသောအခါ သည်ကောင်နှစ်ကောင် ရယ်ကြလေသည်။

"အလကားနောက်တာ . . ဒါကိုတော့ နင့်အင်္ကျီအိတ်ထဲထည့်ပြီး ဆောင်ထားရမယ်တဲ့ . . ဩော် . . ဒါနဲ့ဇော်က အင်္ဂါသားမဟုတ်လား . . တို့ နင့်အတွက် ဗေဒင်လည်း မေးခဲ့သေးတယ် . . ဘာတဲ့ . . ဥတု . . ဘောမ . . သူရဋ္ဌ . . မာရဋ္ဌ . . လေးဖြူ ∴ အင် . . ဇော်ပိုင် . . ဟာ . . ဟုတ်ပါဘူး . . ငါ ဘာတွေလျှောက်ရွတ်နေမိပါလိမ့် . . ."

"ခစ် ခစ် . . မျိုးကြီး၊ ဝိုင်ဝိုင်းလည်း ကျန်သေးတယ်တဲ့"

"သောက်ကောင်မ . . ငါ လျှာချော်သွားတဲ့ဟာကို နောက်နေသေးတယ် . . ဂမ္ဘီရဆရာကြီးရွတ်တဲ့ဟာကို ငါမှတ်မိသလောက် ပြန်ရွတ်ပြတာဟဲ့ . . အဲဒါ နင်မှချနိုင်မယ်တဲ့ . . ဒါပေမယ့် သူစီမံပေးတဲ့ကိစ္စတွေနဲ့မှ နိုင်မယ်တဲ့ . . ဟဲ့ကောင်မ . . ပစ္စည်းတွေ ထုတ်လိုက်ဦးလေ . . အများကြီး ကျန်သေးတယ် . . ."

"မြတ်စွာဘုရား . . ပစ္စည်းတွေကလည်း များလှချည်လား"

ဆူဆန်က စိတ်မရှည်တော့ဘဲ သူ့အိတ်ထဲက ကြွပ်ကြွပ်အိတ်ဖြင့်ထုတ်လာသော ပစ္စည်းတွေကို ဇော်ဇော့်အိပ်ရာပေါ်သို့ သွန်ချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ထိုပစ္စည်းတွေထဲမှာ စိတ်ပုတီးလည်းပါသည်။ သစ်ရွက်တချို့လည်းပါသည်။ ပြီးတော့ သနပ်ခါးတုံးတစ်တုံးလည်းပါသည်။

"နေပါဦး . . ဟောဒီ သနပ်ခါးတုံးက ဘာလုပ်ဖို့လဲ . . ."

"ဟင်း . . ဟင်း . . ဇော်တော့ အတော်ကလေးကို ဦးနှောက်စားနေပြီထင်တယ် . . ဒီလိုဟဲ့ . . ဒီသနပ်ခါးတုံးကြီးက လက်ဝှေ့ထိုးခါနီးမှာ သွေးလိမ်းသွားရမှာ . . ."

"ဟာ . . ငါ့ကို အခြောက်ဖြစ်အောင် ပြန်လုပ်နေပြန်ပါပြီ . . ဒီကောင်တွေ . . မှဟုတ်တရုတ်တွေ . . မလိမ်းဘူး . . မလိမ်းဘူး . . ပြီးတော့ ဘာအဆောင်မှလည်း မဆောင်သွားဘူး . . ."

"ဩော် . . ခက်သေးတော့တယ် . . ဇော်က လောကီ . . ဂမ္ဘီရပညာတွေကို မယုံဘူး ထင်တယ် . . အဲဒီ ဂမ္ဘီရဆရာကြီးက အရမ်းတော်တယ်နော် . . ဘာသိလို့လဲ . . ကဲ . . ဆူဆန် ဆက်ပြော . . ဆက်ပြော . . ."

"ဟောဒီ သားရေကွင်းကိုတော့ ဇော့်လက်မောင်းမှာ ပတ်သွားရမှာ . . ပြီးတော့ . . ဒီစိပ်ပုတီးကိုတော့ ဇော့်လည်ပင်းမှာဆွဲသွားရမယ် . . ဟောဒီ ချည်မန်းကွင်းကိုတော့ ဇော့်နားရွက်မှာ ပတ်ထားရမယ် . . ဒါကတော့ ချက်ကပ်ရမယ့် ပလာစတာ . . မှန်းစမ်း . . အင်း . . ဟန်ဒီပလာစတာပဲ . . . မတော်တဆ နဖူးတွေဘာတွေကွဲရင်လည်း ချက်ကခွာပြီး နဖူးကိုကပ်လို့ရတာပဲ . . ."

"မြတ်စွာဘုရား . . ."

ဇော်ဇော်ကတော့ ဘုရားကိုပဲ ဆက်တ,နေရ၏။ ဆူဆန်က ပါမင်းနှင့်မာကာပင်တစ်ချောင်းကို ကောက်ယူလိုက်ပြန်သည်။ ဖျက်မရသည့် အနီရောင်မှင်တောင့်ကြီး ဖြစ်သည်။

"ဒါကတော့ ဇော့်ဗိုက်မှာ ၈၊၈၊၆၊၀ အင်းရေးဖို့ ပါမင်းနှင့်မာကာပင် . . ."





"ဒုက္ခပါပဲကွာ . . ပရိသတ်ကတော့ ငါ့ကို ကြောင်တောင်တောင် ထင်တော့မှာပဲကွာ . . တော်ပြီကွာ . . ဆက်မပြောနဲ့တော့ . . မင်းတို့အဆောင်တွေအားလုံး လွှင့်ပစ်လိုက်တော့ . . . ဘာအဆောင်လက်ဖွဲ့မှ မပါဘဲ . . ငါ ဒီညထိုးမယ် . . ."

"ဟယ် . . ဇော် . . နှင် နိုင်အောင်လို့ ဒါတွေ . . ."

"ထားလိုက်စမ်းပါကွာ . . ကဲ . . . ငါ မျက်နှာသွားသစ်လိုက်ဦးမယ် . . . ပြီးရင် တစ်ခုခုထွက်စားပြီး လက်ဖက်ရည်သောက်ရအောင် . . ."

နောက်တော့ သူတို့အုပ်စု လက်ဖက်ရည်ထွက်သောက်ကြသည်။ ပြီးတော့ ဆရာကြီးဦးမိုးကြိုးဆီသွားပြီး အပေါ့စားလေ့ကျင့်ခန်းလေးတွေ ပြုလုပ်သည်။

"လက်ဝှေ့ထိုးခါနီးမှာ . . လေ့ကျင့်ခန်း ပြင်းပြင်းထန်ထန် မလုပ်နဲ့ကွ . . ဒဏ်ပိသွားမှာ စိုးရတယ် . . . ."

ခဏတဖြုတ်လေ့ကျင့်ပြီးသော ဇော်ဇော့်ကိုအိမ်မှာပြန်ပြီး အနားယူခိုင်းသည်။ သည်လိုနှင့်ပင် ညနေသို့ရောက်လာသည်။ ဖေဖေသည် မေမေနှင့်အတူ သူ့အခန်းထဲသို့လာ၍ အချိန်နီးနေပြီဖြစ်ကြောင်း လာသတိပေး၏။ ထို့ကြောင့် ဇော်ဇော် ရေချိုးခန်းဝင်ပြီး ရေချိုးသည်။ ရေချိုးခန်းမှမှန်တွင်မြင်နေရသော သူ့မျက်နှာကို မြင်ရသောအခါ မုတ်ဆိတ်ကျင်စွယ်တွေ အတော်ရှည်နေပြီဖြစ်ကြောင်း သတိပြုမိသော်လည်း မရိတ်ဘဲ သည်အတိုင်းထားလိုက်သည်။ ငါးနာရီခွဲသော် အစားအနည်းငယ်စားလိုက်သည်။ ထမင်းမစားဘဲ ပေါင်မုန့်မီးကင်ထောပတ်သုတ်နှင့် ကော်ဖီသာဖြစ်သည်။

ညနေခြောက်နာရီတွင် ဖေဖေ၊ မေမေတို့က သူ့ကိုဘုရားစင့်ရှေ့မှာ ဘုရားရှိခိုးကန်တော့ခိုင်းပြီး ပရိတ်ရေတိုက်သည်။ သူသည် ဖေဖေနှင့်မေမေကိုပါ ကန်တော့ပြီး ကားကိုခပ်သွက်သွက်



www.burmeseclassic.com

www.burmeseclassic.com



မောင်း၍ ဆရာကြီးဦးမိုးကြိုးထံသွားသည်။

"မမရော . . ဆရာကြီး . . ."

"စောစောက မောင်မင်းဟန်လာလို့ အပြင်ခဏလိုက်သွားတယ် . . ."

သူ မျက်မှောင်ကုတ်လိုက်သည်။ မမသည် ကိုမင်းဟန်နှင့် ဘာတွေများ ကိစ္စရှိနေရလေသနည်း။ သူ၏ လက်ဝှေ့ကိစ္စသည် မမတို့၏နှလုံးသားကိစ္စလောက် အရေးမကြီးတော့ပြီလော။ ဖော်ဖော်၏ မျက်နှာသည် ချက်ချင်းပင် မှုန်မှိုင်းသွား၏။

"ရော့ . . ဖော်ဖော် . . ဒီဝတ်ရုံကို မင်းဟိုကျရင် ခြုံထား"

ဦးမိုးကြိုးက သူလက်ဝှေ့ထိုးခဲ့စဉ်က ခြုံခဲ့သည့်ဝတ်ရုံအနီကြီးကို သူ့ကိုထုတ်ပေးသည်။ ဝတ်ရုံကြီးသည် နှစ်တွေကြာလှပြီဖြစ်သော်လည်း လတ်ဆတ်နေဆဲပင်ဖြစ်သေးသည်။

"ကဲ . . အချိန်နီးနေပြီကွာ . . . တို့တွေ သွားကြရအောင်"

"ဟင် . . မမရော . . ကျွန်တော့်လက်ဝှေ့ပွဲကို မလိုက်ဘူးလား ဟင် . . ."

"သူ လိုက်လာပါလိမ့်မယ် . . ."

ဆရာကြီးက စကားကို သံပြတ်ဖြင့်ပြောပြီး ရှေ့မှထွက်သွားသဖြင့် ဖော်ဖော်လည်း နောက်မှကပ်သွက်သွက်လိုက်ရသည်။ ပြီးတော့ ဆရာတပည့်နှစ်ယောက်လက်ဝှေ့ပြိုင်ပွဲဆီသို့ ထွက်ခဲ့ကြသည်။ လက်ဝှေ့ပြိုင်ပွဲကျင်းပမည့် အားကစားရုံတွင် မီးရောင်စုံတွေ ထွန်းညှိထားပြီး ပရိသတ်လည်း အတော်ကလေးကို များပြားစွာရောက်နေကြောင်း တွေ့ရသည်။

ရှေ့ဘက်ရှိ ပိုစတာတွင် သူလက်ဝှေ့ထိုးနေဟန်ပုံသည် သူ့ကို ပြန်ကြည့်နေ၏။ သတင်းထောက်အချို့သည် နာမည်ကြီး လက်ဝှေ့သမားများထံ အပြေးအလွှားချဉ်းကပ်ပြီး သတင်းယူနေကြသော်





လည်း သူ့ထံသို့တော့ တစ်ယောက်မှရောက်မလာကြပါ။ ထိုအချိန်မှာပင် ကားတစ်စီးထိုးဆိုက်လာပြီး လက်ဝှေ့သမားကြီးဦးစိန်သံမဏိနှင့် သူ့တပည့် စိန်ငမန်းတို့ ကားပေါ်မှ ဆင်းလာကြသည်။

သတင်းထောက်တွေသည် စိန်ငမန်းထံ ဝိုင်းသွားကြပြန်သည်။

"ဒီညမှာ . . စိန်ငမန်းနဲ့ယှဉ်ပြိုင်ထိုးသတ်မယ့်သူက ဘယ်သူလဲ . . ."

"ဖော်ဖော်နိုင်ဆိုတဲ့ ချာတိတ်ပါ . . ."

"စိန်ငမန်း . . ဒီပွဲအတွက် ဘယ်လောက်ပြင်ဆင်ခဲ့ရပါသလဲ . . ."

"သိပ်တော့ မပြင်ဆင်မိပါဘူး . . . ပုံမှန်ပါပဲ . . ."

"ဒီညပွဲမှာ စိန်ငမန်း နိုင်မယ်လို့ ထင်ပါသလား . . ."

"သိပ်သေချာတာပေါ့ . . ."

ဖော်ဖော်သည် စိန်ငမန်းနှင့်သတင်းထောက်တွေ အင်တာဗျူးသည်ကို ကြားနေရသည်။ ထိုအခိုက်မှာပင် သတင်းထောက်တွေကို စိန်ငမန်းက တစ်စုံတစ်ခုပြောလိုက်၍ ထင်သည်။ သတင်းထောက်တွေသည် ဖော်ဖော်အနီး ဝိုင်းလာကြပြန်သည်။

"ဖော်ဖော်နိုင် . . . ဟုတ်ပါတယ်နော် . . ."

"စိန်ငမန်းကို နိုင်ပါ့မလား . . ."

ဖော်ဖော်သည် ထိုမေးခွန်းကို မေးသည့်သတင်းထောက်ကို မော်မာတစ်ချက်ကြည့်ရင်း ဖြေလိုက်မိသည်။

"နိုင်မယ် . . ."

ထိုအခိုက်မှာ ဖော်ဖော့်သူငယ်ချင်းနှစ်ယောက်ဖြစ်သည့် ဆူဆန်နှင့်အေမီတို့ရောက်လာကြသည်။ ဖော်ဖော်သည် သူငယ်ချင်းနှစ်ယောက်၏ ဝတ်စားဆင်ယင်မှုကြောင့် အံ့သြသွားသည်။ ဆူဆန်



www.burmeseclassic.com

www.burmeseclassic.com





တို့နှစ်ယောက်သည် ယောက်ျားဆန်ဆန်ပင် ရှပ်အင်္ကျီနှင့်ပုဆိုးတွေကို ဝတ်ဆင်ထားကြသည်။ ဂါဝန်တို့၊ စကပ်တို့ကို ဝတ်မလာသည့်အပြင် ပို၍အံ့သြဖွယ်ကောင်းသည်မှာ သူတို့၏ဆံပင်ရှည်ကြီးတွေကို ညှပ်ထားခြင်းပင်တည်း။

"ဟာ . . ဟေ့ကောင်တွေ . . မင်းတို့ပုံစံပြောင်းလိုက်ကြပြီလား . . ."

"အေးကွ . . နင်ပဲ . . အဲ . . မင်းပဲ . . ဒီလိုမှ မပြောင်းရင် . . သူငယ်ချင်းအဖြစ်က လက်တွဲဖြုတ်မယ်ဆိုလို့ . . တို့ကောင်တွေ ရင်နာနာနဲ့ . . ခစ် ခစ် . . ပုံစံပြောင်းလိုက်ကြတာ . . ."

"ဟုတ်တယ် . . ဆူဆန်ဆို . . အဲ . . တင်အောင်စိုးဆို . . ဆံပင်ညှပ်နေတုန်း မျက်ရည်တောင်ကျတယ် . . ."

ဇော်ဇော် ကျေနပ်ပါတယ် . . သူ့သူငယ်ချင်းနှစ်ယောက်၏ ပခုံးကို အားရပါးရ ပြေးဖက်သည်။ အေမီက ငိုရှိုက်ရင်းပြော၏။

"တို့ကောင်တွေ တစ်သက်လုံး သူငယ်ချင်းတွေပေါ့နော်"

"အေးပေါ့ကွာ . . . သူငယ်ချင်းတွေပဲ ဥစ္စာ . . ."

ဦးမိုးကြီး၏မျက်နှာသည်လည်း ပြုံးနေ၏။ ခဏနေတော့ သူတို့တွေကို စီမံခန့်ခွဲရေးကော်မတီက လာခေါ်ပြီး အခန်းတစ်ခန်းမှာ နေရာချထားပေး၏။ လက်ဖွဲ့စင်မြင့်ကြီး ပတ်ပတ်လည်တွင် ဗီဒီယိုရိုက်ကူးမည့်အဖွဲ့ကလည်း အဆင်သင့်ဖြစ်နေလေပြီ။ ဆိုင်းဝိုင်းကလည်း ပတ်မကြီးကို တီးနေလေပြီ။ လက်ဖွဲ့ပွဲသည် ကြိုတင်ကြေညာထားသည့်အတိုင်း ညခုနစ်နာရီတိတိတွင် စတင်လေတော့သည်။





"ကဲ . . လက်ဖွဲ့ပွဲစတော့မယ် ကိုမင်းဟန် . . ကျွန်မတို့ပို့ပေးတော့ . . . "

ကိုမင်းဟန်သည် ကားမောင်းနေရင်းနှင့် ပြုံးလိုက်သည်။

"ငွေစင် ကိုယ့်ကိုအဖြေပေးတော့လေ . . . အဖြေပေးတာနဲ့ ကိုယ်ချက်ချင်း ကားကိုပြန်ကွေ့လိုက်မယ် . . . "

"ရှင် ဘယ်လိုလူလဲ . . ယုတ်မာမယ်တော့ မကြံနဲ့နော် . . "

"အချစ်မှာ ယုတ်မာတယ်ဆိုတာ မရှိဘူး . . ငွေစင် . . ကဲပါ . . ကိုယ်မေးတာကိုသာ ဖြေပါ . . . "

"ကျွန်မ မဖြေနိုင်ဘူး . . . "

"ဒါဆိုရင်လည်း ကိုယ်ခေါ်တဲ့နောက် . . ငွေစင် အေးအေးဆေးဆေးသာ လိုက်ခဲ့ပေတော့ . . . "

"ရှင် လူယုတ်မာ . . လှည့် . . ကားကိုခုချက်ချင်းပြန်လှည့်"

"ထားလိုက်စမ်းပါ ငွေစင်ရယ် . . ဒီဘာမဟုတ် ညာမဟုတ် တောမရောက် . . . တောင်မရောက် . . ချာတိတ်လေးတစ်ယောက်အတွက် ငွေစင့်စိတ်ထဲမှာ ဘာမှအလေးအနက်ထားမနေပါနဲ့ . . သူ နိုင်နိုင်ရှုံးရှုံး ဘာဖြစ်လာမှာမို့လို့လဲ . . . "



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး . . ရှင်မသိဘူး . . သူလက်ဖွဲ့ပွဲကို ကျွန်မ ကြည့်ရမှဖြစ်မယ် . . ."

"မလိုတော့ပါဘူး . . ကိုယ်ပြောသလိုပဲ . . ကိုယ့်လို လက်ဖွဲ့ပွဲစီစဉ်တဲ့သူတောင်မှ ဒီလက်ဖွဲ့ပွဲဟာ အရေးမကြီးတာ . . ငွေစင့်အတွက်လည်း ဒီအတိုင်းပဲ ဖြစ်စေချင်တယ် . . ."

ငွေစင်ဟန်သည် ဒေါသဖြစ်စွာဖြင့် ကိုမင်းဟန်ကို ထုရိုက်၏။ ထိုအခါ ကိုမင်းဟန်က တဟားဟား ရယ်လေသည်။



ဖော်ဖော်နှင့်စိန်ငမန်း၏ လက်ဖွဲ့ပွဲသည် ရှစ်နာရီတိတိမှာ စသည်။ ဖော်ဖော်သည် ပရိသတ်ထဲသို့ မျက်လုံးဝေ့ကာ မမကို ရှာသည်။ မမ ဘယ်ရောက်နေလေသနည်း။ နားနေခန်းထဲကလည်း မမအလာကို စောင့်သည်။ သို့သော် မမက ရောက်မလာသေးပါ။ ဖော်ဖော်သည် စိတ်ပူစပြုလာ၏။ မမ အန္တရာယ်များ ဖြစ်နေလေသလား။

ထိုအချိန်မှာပင် ဖော်ဖော်နှင့်စိန်ငမန်းတို့၏ ငါးချိစိန်ခေါ် ပွဲကို အစီအစဉ်ကြေညာသူက ကြေညာလိုက်သည်။ ဆရာကြီးဦးမိုးကြိုးသည် ဝတ်ရုံနီကြီးကို ဖော်ဖော့်ကိုယ်ပေါ်သို့ လွှမ်းခြုံပေးလိုက်ပြီး ဖော်ဖော့်တစ်ဖက်တစ်ချက်မှ ဆူဆန်တို့နှစ်ယောက်နှင့်အတူ ခန်းမထဲသို့ ထွက်လာသည်။

ကင်မရာမီးပွင့်တို့သည် တဖျတ်ဖျတ်ပွင့်သွားကြသည်။ ဇင်မြင့်ကြိုးဝိုင်းပေါ်တွင် စိန်ငမန်းက ရောက်နှင့်နေပြီး လက်ဖွဲ့ဈေးပြလျက်ရှိသည်။ ပရိသတ်၏ သြဘာသံတွေကို ကြားရသည်။

"ဘာမှမကြောက်နဲ့ဖော်ဖော် . . မင်း နိုင်မှာပါ . . ."

သူငယ်ချင်းတွေကလည်း သူ့ကို အားပေးသည်။ ဖော်ဖော်



www.burmeseclassic.com

www.burmeseclassic.com



သည် သူတို့ကို ပြန်ပြုံးပြလိုက်ပြီး လက်ဝှေ့စင်မြင့်ပေါ်သို့ လှမ်းတက်လိုက်သည်။ ပရိသတ်၏ဩဘာသံတွေ ထွက်လာပြန်သည်။ ဇော်ဇော်လက်ဝှေ့ကြိုးဝိုင်းထဲသို့ ခုန်ဝင်လိုက်သည်။

စိန်ငမန်းသည် သူ့ကိုမခိုးမခန့်ပြုံးကြည့်နေ၏။ ဇော်ဇော်လည်း မြူထည်ကြီးကိုခွာပြီး စင်ဘေးမှရပ်နေသည့် ဆရာကြီးသို့ လှမ်းပေးလိုက်သည်။

ဇော်ဇော့်ကိုယ်လုံးကိုယ်ထည်သည် လုံးကျစ်နေသည်။ သို့သော် ရှည်လျားနေသော အရပ်အမောင်းနှင့်ဖြစ်၍ ကိုယ်လုံးကိုယ်ထည် ထွားကြိုင်းမှုသည် သိပ်မပေါ်။

ကြိုးဝိုင်းထဲတွင် အားလုံးအဆင်သင့်ဖြစ်နေလေပြီ။ ဇော်ဇော်သည် လက်ဝှေ့ရေးစပြသည်။ ဆိုင်းဝိုင်းကြီးမှ တီးခတ်သံနှင့်အတူ သူ့ကိုယ်ခန္ဓာသည် ယိမ်းနွဲ့လှုပ်ရှားနေလေ၏။

ခဏနေတော့ ပြိုင်ပွဲစတော့မည်ဖြစ်ကြောင်း ကြေညာပြီး ဒိုင်လူကြီးက သူတို့နှစ်ယောက်ကိုခေါ်ယူပြီး လက်ဝှေ့စည်းကမ်းအကျဉ်းကို ရှင်းပြသည်။

ပြီးတော့ အမှတ်ပေးဒိုင်များ၏ စားပွဲမှခေါင်းလောင်းသံပေးလိုက်သည်နှင့် လက်ဝှေ့ပွဲ စလေတော့သည်။ ဇော်ဇော်သည် လက်သီးနှစ်ဖက်ကို မျက်နှာရှေ့မှာကွယ်ရင်း စိန်ငမန်းကို ထိုးသတ်ဖို့ချောင်းသလို စိန်ငမန်းကလည်း သူ့ကိုချောင်းနေသည်။

ခဏနေတော့ ဇော်ဇော်သည် စထိုးသည်။ စိန်ငမန်းက နောက်သို့ဆုတ်ရှောင်ရင်း ဇော်ဇော့်ကို ပြန်ထိုးသည်။ စိန်ငမန်း၏ လက်သီးချက်သည် အရှိန်အဟုန်ပြင်းပြီး အားမာန်အပြည့်ပါသဖြင့် ဇော်ဇော်သည် သတိကြီးစွာထား၍ရှောင်သည်။

နောက်တစ်ယောက်တစ်ပြန်စီ ထိုးကြပြန်သော်လည်း ချက်ကောင်းကိုမထိဘဲ ပွတ်ကာသီကာသာ ထိလေသဖြင့် မည်သူမျှ အထိမနာ။ ဇော်ဇော်သည် ခြေထောက်ကိုမြှောက်ကာ စိန်ငမန်း၏ မျက်နှာဆီသို့ လည်းကောင်း၊ ရင်ဝဆီသို့လည်းကောင်း၊ သုံးလေးချက်ဆင့်ကာ ဆင့်ကာကန်လိုက်သောတစ်ချီတွင် စိန်ငမန်း၏ မေးဆေ့သို့ထိသွားပြီး စိန်ငမန်းနောက်သို့ ယိုင်ကျသွားသည်။



ပရိသတ်၏ အားပေးသံတွေ ထွက်လာသည်။ စိန်ငမန်းသည် မဲ့ပြုံးတစ်ချက်ပြုံးပြီး အတင်းရှေ့သို့ ကြုံးတက်ကာ ဇော်ဇော့်ကို ဆက်တိုက်ဖိထိုးလာ၏။

ဇော်ဇော်က လက်သီးချက်တွေကို ကြိုးစားရှောင်တိမ်းရင်းက စိန်ငမန်း၏ ဟာနေသောမျက်နှာနေရာကို တစ်ချက်တစ်ချက်လှမ်းထိုးသည်။ သို့သော် စိန်ငမန်းကား မဖြုံ။ ဇော်ဇော့်လက်သီးတွေ သူ့မျက်နှာကိုထိသော်လည်း သူကမှုပုံမရ။

သို့နှင့် ပထမအချီသည် မည်သူမျှအထိမနာဘဲ ရှောင်လိုက်တိမ်းလိုက်၊ ပူးလိုက်ခွာလိုက်ဖြင့်ပင် ပြီးသွားခဲ့သည်။

ဇော်ဇော်သည် ကြိုးဝိုင်း၏ တစ်ဖက်ထောင့်တွင်ရပ်ရင်း ဆရာကြီး၏မှာကြားချက်တွေကို နားထောင်ရင်း မမကို ရှာမိပြန်သည်။ သို့သော် မမကိုလည်းကောင်း၊ ကိုမင်းဟန်ကိုလည်းကောင်း မတွေ့ရပါ။

ထို့နောက်မှာတော့ ဒုတိယအချီ စပြန်သည်။ သည်တစ်ခါတော့ နှစ်ယောက်စလုံးထိစပြုလာသည်။ စိန်ငမန်း၏ ဘယ်ဘက်လက်သီးသည် ဇော်ဇော့်မေးရိုးကို မိမိရရထိသကဲ့သို့ ဇော်ဇော် ခြေစိုက်ကန်ချက်သည် စိန်ငမန်း၏နားသည်သို့ မိမိရရထိလေသည်။ ဇော်ဇော်သည် လက်သီးချက်မေးရိုးပေါ်ကျလာသည်နှင့် နောက်သို့ယိုင်ကျသွားသည်။

မေးရိုးတစ်ခုလုံးကို အင်နှင့်အားနှင့်ရှိက်ချခံလိုက်ရသလို ခံစားလိုက်ရသည်။ သို့သော် မူးဝေသွားသည်အထိတော့ မဖြစ်ပါ။





www.burmeseclassic.com

www.burmeseclassic.com



စိန်ငမန်းကျတော့ သူ့ခြေထောက်ထိသွားသဖြင့် ကြိုးဝိုင်းကြမ်းပြင်သို့ ဒူးထောက်ကျသွားခဲ့ရသည်။ သို့သော် စိန်ငမန်းကား လက်ဝှေ့သမားကောင်းပီသစွာဖြင့် ချက်ချင်းပင် ပြန်ထနိုင်သည်။ ပရိသတ်၏အားပေးသံတွေက ပို၍ဆူလာသည်။ ဒုတိယအချီမှာတော့ နှစ်ဦးစလုံးပင် အထိနာပါသည်။

ဇော်ဇော့်မေးရိုးသည် ယောင်ကိုင်းစပြုလာပြီး စိန်ငမန်းကတော့ ဘယ်ဘက်မျက်လုံးပိတ်အောင် ဖူးယောင်လာလေပြီ။ သို့နှင့်ပင် ဒုတိယအချီပြီးသွားပြန်သည်။

ဇော်ဇော်သည် မမကိုရှာမိပြန်သည်။ မမကို မတွေ့သောအခါ စိတ်ဓာတ်နည်းနည်းကျလာသည်။ သူကတော့ဖြင့် လက်ဝှေ့ကြိုးဝိုင်းပေါ်မှာ သေလုမျောပါး ထိုးကြိတ်နေရသည်။ သူချစ်ရသော မမကတော့ သူ့ကို အသိအမှတ်ပြုပုံမရတော့ပါ။

တတိယအချီစသောအခါ စိန်ငမန်း၏တိုက်ကွက်က ပြောင်းလဲသွားပြီး အရှောင်အတိမ်း သိပ်မလုပ်တော့ဘဲ အနာခံကာ ချက်ကောင်းကို လှမ်းထိုးသော နည်းစနစ်ကို ပြောင်းသုံးသည်။

ဇော်ဇော်ကတော့ သူ့နည်းစနစ်အတိုင်းပင် အရှောင်အတိမ်းကို ခပ်သွက်သွက်ပြုပြီး ခပ်သွက်သွက်ပင်ပြန်ထိုးသည်။ ဇော်ဇော့်မျက်နှာ ဖူးဖူးယောင်နေလေပြီ။ စိန်ငမန်းလည်း ဖူးဖူးယောင်လေပြီ။

တစ်ချက်မှာတော့ ဇော်ဇော့်ရင်ဝကို စိန်ငမန်း၏ လက်သီးချက် မိမိရရထိသွားသဖြင့် ဇော်ဇော် ခွေလဲကျသွားသည်။

ပရိသတ်၏ အားပေးသံသည် ဆူညံသွားပြန်သည်။ ဇော်ဇော်သည် လဲရာမှချက်ချင်းပြန်ထဖို့ ကြိုးစားသည်။ သို့သော် ရင်ဝက ထိုးအောင့်ပြီး မူးဝေနေသဖြင့် ရုတ်တရက် ထမရ။

ထိုအခါ ဒိုင်လူကြီးက အမှတ်စဉ် လာရေ၏။ အမှတ်စဉ်





ခြောက်လောက်မှာ ပြန်ထလာနိုင်သဖြင့် ဆက်ထိုးကြ၏။ ဇော်ဇော်၏ ချက်ကောင်းကိုထိမိသွားသဖြင့် ဇော်ဇော့်လှုပ်ရှားမှုတွေက လေးလံလာသည်။ ထို့ကြောင့် နောက်ထပ် သုံးလေးလျက်လောက် ဆက်တိုက်ထိမိပြန်သည်။

ထိုအခိုက်မှာပင် တတိယအချီပြီးသွားသဖြင့် ဇော်ဇော် သက်သာရာရသွားသည်။ နောက်မို့ဆို သူအလဲထိုးခံရပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေစင်ဟန်သည် ကားပေါ်မှာ ရှိုက်ကြီးတငင် ငိုကြွေးနေမိသည်။ ကိုမင်းဟန်က ကားကိုစက်သပ်လိုက်သည်။ လမ်းကြောင်းတစ်လျှောက်မှာ ကားတွေရှင်းနေသည်။ ကိုမင်းဟန်က ငွေစင်ဟန့်ပခုံးကိုအသာလှမ်းကိုင်လိုက်သောအခါ ငွေစင်ဟန်က လက်ကိုဒေါသတကြီး ပုတ်ချလိုက်သည်။

"ရှင့်လိုလူမျိုးကို ကျွန်မ ဘယ်တော့မှမချစ်ဘူး ကိုမင်းဟန် . . . ဒါ ရှင်လိုချင်တဲ့ အဖြေပဲ . . ."

ကိုမင်းဟန်သည် ပြုံးဖို့ကြိုးစားသည်။ သို့သော် သူ့အပြုံးသည် မပီမသ။ သူသည် သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်သည်။

"အဲဒီ့ချာတိတ်အတွက် ငွေစင်တကယ်ပဲ စိတ်ပူသလား"

"ပူတယ် . . တကယ်ဆို ဒီလိုကြမ်းတမ်းတဲ့ လက်ဝှေ့ပွဲဟာ သူလို နုနုနယ်နယ်ဘဝမျိုးက ယောကျ်ားလေးတစ်ယောက်နဲ့မတန်ပါဘူး . . နောက်ပြီး ဒီလက်ဝှေ့ပြိုင်ပွဲကို သူဝင်ထိုးခဲ့တာလည်း ဘယ်သူ့ကြောင့်လို့ ရှင်ထင်သလဲ . . ."

"ကိုယ် ဘယ်သိပါ့မလဲ . . ."





"ကျွန်မအတွက် ကိုမင်းဟန် . . သူ့စိတ်ထဲမှာ ကျွန်မ သူ့အပေါ် အထင်ကြီးလာစေချင်တယ် . . သူ ယောကျ်ားပီပီသသဖြစ်နေပြီဆိုတာကို ကျွန်မကို သိစေချင်တယ် . . အဲဒါ ဘာကြောင့်လို့ထင်သလဲ . . ."

ကိုမင်းဟန် မဖြေသောအခါ ငွေစင်ဟန်က ဆက်ပြောသည်။

"အဲဒါ . . သူ ကျွန်မကို ချစ်နေလို့ပဲ . . သူတစ်ခါက ကျွန်မကို ပြောပြခဲ့ဖူးတယ် . . သူ မိန်းမလျာဘဝက ကျွတ်အောင်တွန်းအားပေးခဲ့တဲ့အကြောင်းကြီးနှစ်ခုမှာ အဓိကအကြောင်းကြီးက သူကျွန်မကို ချစ်မိသွားလို့ပဲတဲ့ . . အဲဒီ့အကြောင်းကို လက်ဝှေ့ပွဲအပြီးမှာ သူ ပြောပြမယ်လို့ ပြောခဲ့တယ် . . အခု ကျွန်မဒါတွေကို ကြိုသိရတာက . . ဒီနေ့မနက်မှာ ဇော်ဇော့်သူငယ်ချင်းနှစ်ယောက်က ဇော်ဇော်နှုတ်ပိတ်ထားတဲ့ကြားက ဘယ်လိုမှမနေနိုင်လို့ ကျွန်မကို လာပြောပြတယ် . . ."

"ဪ . . ဒီလိုကို . . ဒါဆို ငွေစင်ကရော ချာတိတ်ကို ပြန်ချစ်နေပြီလား . . ."

"ဒါက . . ကျွန်မ ကိစ္စပါ ကိုမင်းဟန် . . ရှင် သိစရာမလိုပါဘူး . . ကဲ . . ကျွန်မကို လက်ဝှေ့ပွဲကို ပို့ပေးပါ . . သူ့ကို ကျွန်မကိုယ်တိုင် အားပေးမှဖြစ်မယ် . . ."

ကိုမင်းဟန်သည် မဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။

"ကောင်းပါပြီ ငွေစင် . . ကိုယ် မှားသွားတယ် . . ငွေစင့်ဘဝမှာ ဒီချာတိတ်က ဒီလောက်အရေးကြီးနေလိမ့်မယ်လို့ ကိုယ်မထင်ခဲ့မိဘူး . . ."

ကိုမင်းဟန်သည် ကားကိုစက်ပြန်နှိုးပြီး လာရာလမ်းမဆီသို့ ပြန်ကွေ့ချသည်။ ပြီးတော့ လက်ဝှေ့ပွဲရှိရာဆီသို့ ခပ်သွက်သွက်



www.burmeseclassic.com

www.burmeseclassic.com



မောင်းလေတော့သည်။ လမ်းတစ်လျှောက်လုံး ကိုမင်းဟန်က စကားတစ်လုံးမှမပြောတော့။ ငွေစင်ဟန်ကတော့ လက်ဇော့ပွဲအတွက် စိတ်ပူရင်း ရင်တမမဖြစ်နေမိသည်။ ခဏအကြာတွင် လက်ဇော့ပွဲသို့ သူတို့ရောက်သွားကြသည်။

ငွေစင်ဟန်သည် ကားရပ်လိုက်သည်နှင့် ကားတံခါးကို ခပ်မြန်မြန်တွန်းဖွင့်ကာ ကားပေါ်မှဆင်းပြေးသည်။ သူ၏ရင်သည် တဒိတ်ဒိတ်ခုန်နေသည်။ ဝင်ပေါက်ဝမှ အစောင့်တွေကို ဂရုမစိုက်ဘဲ အတင်းဝင်ပြေးသည်။ အထဲတွင် ပရိသတ်သည် ဆူညံနေလေပြီ။ လက်ဇော့ကြိုးဝိုင်းပေါ်သို့ ငွေစင်ဟန်လှမ်းကြည့်မိသည့်အခါ ဇော်ဇော်က မှောက်လျက်လဲကျနေလေပြီ။

ဇော်ဇော့်မျက်နှာမှာ သွေးတွေရွှဲနေသည်။ ငွေစင်ဟန်သည် လုံခြုံရေးတွေတားနေသည့်ကြားမှ ကြိုးဝိုင်းရှိရာစင်မြင့်နားသို့ကပ်သွားပြီး ဇော်ဇော့်ကို အော်ခေါ်လိုက်သည်။

"ဇော်ဇော် . . မောင်လေး . . ."

"ဇော်ဇော် . . မမ လာပြီ . . ."

ဇော်ဇော်သည် မူးဝေနေရာမှ မမ၏အသံကိုကြားလိုက်သဖြင့် အတင်းခေါင်းထောင်ကြည့်သည်။ မမပါကလား။ မမသည် ချွေးတွေရွှဲပြီး သူ့လက်ဇော့ပွဲကို ရောက်လာပါပကော။ မမသည် လဲရာမှအတင်းကုန်းရုန်းထသည်။ သူ့ကိုယ်ခန္ဓာသည် ဒယီးဒယိုင်။ ဒိုင်လူကြီးက အမှတ်စဉ်ရေတွက်နေရာမှ အမှတ်စဉ်ရှစ်တွင် ပြန်ထလာနိုင်သဖြင့် ဇော်ဇော့်ကို ဆက်၍ထိုးသတ်ခွင့်ပေးသည်။

ဇော်ဇော်သည် မတ်မတ်ရပ်နိုင်သောအချိန်တွင် မမဘက်သို့ဦးလှည့်ပြဖို့ ကြိုးစားသည်။ ထိုအခိုက်မှာပင် စိန်ငမန်းက အမှတ်မထင်ပင် ထိုးလိုက်သဖြင့် သူ ယိမ်းယိုင်သွားပြန်သည်။

"ဇော်ဇော် သတိထား . . မမ မင်းအနားမှာရှိတယ် . ."





ဇော်ဇော် ပီတိဖြစ်သွားသည်။ သူ့တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည့်ကြားမှ အားယူလိုက်သည်။ ဒဏ်ရာတွေ များလွန်းနေသဖြင့် စိန်ငမန်းကို အနိုင်ထိုးဖို့ မလွယ်တော့။ သို့သော် သူ့မမ ရောက်လာပြီပဲ။ စိန်ငမန်းကို အရှောင်အတိမ်း လုံးဝမလုပ်တော့ဘဲ သူ့ကို မညှာမတာဝင်ထိုးပြန်သည်။

ဇော်ဇော်ကလည်း စိန်ငမန်း၏ မေးရိုးဆီသို့ သူ၏သဲအိတ်ကို ကွဲစေသော လက်သီးကို ထိုးသွင်းနိုင်ဖို့ အခွင့်အရေးကို စောင့်နေ၏။ ထိုအခိုက်မှာပင် သူ ထိုအခွင့်အရေးကိုရလေတော့သည်။ စိန်ငမန်း၏လက်သီးချက်များ သူ့မျက်နှာကို ပွတ်ထိပြီးလေမှ စိန်ငမန်း၏မေးရိုးက လွတ်လွတ်လပ်လပ်ကြီး ပေါ်လာသည်။ ဇော်ဇော်သည် သူ့တစ်ကိုယ်လုံးမှအားတွေကို လက်သီးပေါ်သို့ပို့လိုက်ပြီး စိန်ငမန်း၏မေးရိုးပေါ်သို့ အားရပါးရထိုးချလိုက်သည်။

လက်သီးသည် ချက်ကောင်းသည် မိမိရရထိမိသွားကာ စိန်ငမန်းသည် နောက်သို့လန်ကျသွားသည်။ ထိုလက်သီးသည် ပွဲသိမ်းလက်သီးပင်ဖြစ်သည်။ ဒိုင်လူကြီးသည် စိန်ငမန်း၏ ကိုယ်ပေါ်မှာကိုင်းပြီး အမှတ်စဉ်ရေတွက်သည်။ စိန်ငမန်းသည် ဒယိမ်းဒယိုင်နှင့်ထရပ်ဖို့ကြိုးစားသည်။ သို့သော် အမှတ်စဉ် တစ်ဆယ်ပြည့်သည်အထိ သူ မတ်တတ်မရပ်နိုင်။

ဇော်ဇော်နိုင်သွားလေပြီ။ ဦးမိုးကြိုးသည် ဇော်ဇော့်ကို အနိုင်ပေးလိုက်သည်နှင့် လက်ဇော့ကြိုးဝိုင်းထဲ ခုန်ဝင်ပြီး ဇော်ဇော့်ကို မြှောက်ချီသည်။ ပရိသတ်၏ အားပေးသံသည် ဆူညံသွား၏။ ငွေစင်ဟန်သည် သွေးအလိမ်းလိမ်းနှင့်ဖြစ်သော ဇော်ဇော့်ကိုကြည့်ရင်း မျက်လုံးအိမ်မှာ မျက်ရည်တွေ ပြည့်လာသည်။

စိန်ငမန်းသည် မတ်တတ်ရပ်နိုင်သောအခါ ဇော်ဇော့်ကို ပြေးဖက်လေသည်။ ပြီးတော့ တုန်လှုပ်လှိုက်လှဲသောအသံဖြင့် ခိုး

www.burmeseclassic.com



လေသည်။

"ဇော်ဇော် . . မင်း သိပ်တော်တယ် . . ငါ့ညီ . . ."

"အစ်ကိုလည်း အရမ်းတော်တယ်ဗျာ . . ကျွန်တော် ကံကောင်းလို့ နိုင်လိုက်တာပါ . . ."

"မဟုတ်ဘူး . . မင်း တော်လို့ နိုင်တာပါ . . ."

လက်ဝှေ့သမားနှစ်ယောက်သည် ညီရင်းအစ်ကိုသဖွယ် ဖြစ်သွားကြသည်။ ဇော်ဇော် ကြိုးဝိုင်းထဲက အောက်သို့ပြန်ရောက်သောအခါ မမက ဇော်ဇော့်မျက်နှာက ဒဏ်ရာတွေကို စစ်ဆေးကြည့်ပြီး ရင်တမမနှင့်ဖြစ်နေ၏။

"အရမ်းနာတာပဲလား ဇော်ဇော် . . ."

"ဟင့်အင်း . . မမ ရောက်လာလို့ မနာတော့ဘူး . ."

ဆူဆန်တို့နှစ်ယောက်က နှာခေါင်းရှုံ့ကြသည်။

"အံ့ရောကွယ် . . . ဒီလောက်မျက်နှာတစ်ခုလုံး စုတ်ပြတ်သပ်နေတာတောင် မနာဘူးဆိုတော့ . . ဟော့ကောင် . . အေမီ . . မင်းဆိုရင်ရော ဒီလောက် စုတ်ပြတ်နေတဲ့ ဒဏ်ရာတွေရရင် ဘယ်လိုနေမလဲ . . ."

"ဟာ . . ဘယ်နေပါ့မလဲကွာ . . အောင်မလေးတော့ . . အောင်မလေးတော့နဲ့ အော်ငိုမှာပေါ့ . . ."

"ခွေးကောင်တွေ . . ."

ဇော်ဇော်သည် မမ၏လက်ကလေးကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်ပြီး ခပ်တိုးတိုးခေါ်လိုက်သည်။

"မမ . . . ."

ဦးမိုးကြိုးကတော့ နားနေခန်းသို့ရောက်သွားပြီ ဖြစ်ပြီး ဆူဆန်နှင့်အေမီကလည်း အလိုက်သိပါသည်။

"ဟဲ ဟဲ . . တို့နှစ်ကောင် . . ညနေက ပဲဟင်းနဲ့ ထမင်းစားထားလို့ ဗိုးသွားကြလိုက်ဦးမယ် . . အဲ . . ဆောရီးနော် မမ . . ကျွန်တော်တို့ အိမ်သာသွားလိုက်ဦးမယ် . . ."

ထိုအခါ သူတို့နှစ်ယောက်သာ ကျန်ခဲ့တော့၏။ ဇော်ဇော်သည် မမကို ထပ်၍ ခေါ်မိပြန်သည်။

"မမ . . ."

"ရှင် . . ."

"ကျွန်တော် ယောကျ်ားစစ်စစ် ဖြစ်ပြီလား ဟင် . . ."

ငွေစင်ဟန်သည် ရှက်စနိုးနှင့် ခေါင်းငုံ့ကာ ဖြေသည်။

"သိဘူး . . ."

"ကျွန်တော် မိန်းမလျာဘဝက ကျွတ်စေတဲ့ အစိက အကြောင်းဟာ . . ."

"မပြောနဲ့တော့ . . မမ သိပြီးပြီ . . ."

ဇော်ဇော်သည် သူ့မမ၏ လက်ကလေးကို မြတ်နိုးစွာ ဆုပ်ကိုင်လိုက်သော်လည်း ငွေစင်ဟန်က လက်ကိုမရုန်းမိပါ။ အကြည့်နှစ်ခု ဆုံမိကြသော်လည်း အကြည့်ကို မည်သူမျှရုပ်ဖို့မကြိုးစားမိကြပါ။





www.burmeseclassic.com

www.burmeseclassic.com



## (၁၃)

"မျက်နှာ အမွေးတွေရိတ်လိုက်ဦးကွယ် . . ရုပ်ကချောရဲ့သားနဲ့ အကြည့်ရဆိုးတယ် . . ."

"မဟုတ်ဘူး မမ . . ကျွန်တော် ယောက်ျားပီသအောင်လို့ တမင်အရှည်ထားတာ . . ."

"ဟင့်အင်း . . . ယောကျ်ားဆိုတာ စိတ်ဓာတ်ကသာ ယောကျ်ားပီပီသသဖြစ်နေဖို့လိုတာ . . မျက်နှာမှာ အမွေးတွေမရှိလည်း ဇော်ဇော်က ယောကျ်ားစစ်စစ်ပဲဟာ . . ."

"မမ . . ."

"ရှင် . . ."

"ကျွန်တော် နိုင်ငံခြား မသွားတော့ဘူး . . ဖေဖေ့ကုမ္ပဏီမှာပဲ ဝင်လုပ်ရင်း . . အမ်ဘီအေဘွဲ့တို့ ဒီကနေဖြေမယ် . . အဲဒါမှ ဖေဖေ့ကုမ္ပဏီအတွက်လည်း အကျိုးရှိမှာ . . ဖေဖေရယ် . . . ကျွန်တော်ရယ် . . မမရယ် သုံးယောက်စလုံး . . ကုမ္ပဏီတစ်ခုတည်းမှာလေ . . . ."





ထိုအခိုက်မှာပင် ဇော်ဇော့်လက်ကိုင်ဖုန်းက အသံမြည်လာ၏။

"ဇော်ဇော်လား . . ငါတို့ပါကွ . . မင်း နိုင်ငံခြားမသွားတော့ဘူးဆို . . တို့နှစ်ကောင်တော့ ဒုက္ခပဲကွာ . . မင်းမပါဘဲ ကျောင်းသွားတက်ရမှာ ပျင်းစရာကြီး . . ဩော် . . ဒါနဲ့ တို့ ဘယ်တက္ကသိုလ်သွားတက်ရမှာလဲ မင်း သိပြီလား . . ဟား ဟား ရယ်ရတယ်ကွ . . အိန္ဒိယတက္ကသိုလ်တဲ့ . . အဲဒီမှာ ကုလားတွေချောသလား မချောသလားတော့ မသိဘူး . . ကုလားမလေးတွေကတော့ ချောသတဲ့ . . ဒါပဲနော် . . . ဟော့ကောင် . . တို့ဟိုကပြန်လာရင် မင်းနဲ့မမ အိမ်ထောင်ကျပြီး ကလေးတွေမွေးထားတာ တို့မြင်ချင်တယ် . . ရော့ . . ဆူဆန်နဲ့ ပြောလိုက်ဦး . . ."

"ဟော့ကောင် ဇော်ဇော် . . တို့ဟိုကိုရောက်ရင် မင်းအတွက် မိတ်ကပ်တွေ၊ အလှပြင်ပစ္စည်းတွေ ပို့လိုက်ရမလား . . ဟား ဟား . . တို့သုံးကောင် အခြောက်ပြန်လုပ်ရရင် ကောင်းမလားလို့ တစ်ခါတစ်လေ စဉ်းစားမိတယ် . . ဒါပေမယ့် မဖြစ်သေးပါဘူး . . အဲဒီလိုပြန်လုပ်ရင် မင်း မမငိုမှာပေါ့နော် . . ဒါပဲနော် ဟော့ကောင် . . တို့တွေ နောက်မှ ထပ်ဆုံမယ် . . ."

ဖုန်းချသွားသဖြင့် ဇော်ဇော်က ဖုန်းကိုပိတ်လိုက်သည်။

"မမ . . ."

"ဟင် . . ."

"ဇော်ဇော် . . အခြောက်ပြန်လုပ်ရမလားဟင် . . ."

"အောင်မာ . . လုပ်ရဲရင်လုပ်ကြည့် . . ဒီမှာတွေ့လား . . လက်သီး . . . မင်း အခြောက်ပြန်လုပ်ရင် မမကိုယ်တိုင် ခေါင်းကို လက်သီးနဲ့ ထိုးမှာ . . ."

"ကျွန်တော့်ကို မမ ဘာဖြစ်လို့ချစ်သွားတာလဲ ဟင် . ."



www.burmeseclassic.com

www.burmeseclassic.com



"အလိုတော် . . ဒါလေးတောင် မသိဘူးလား . . . မင်းယောကျ်ားစစ်စစ်ဖြစ်သွားလို့ပေါ့ . . မမကတော့ မင်းယောကျ်ားမစစ်လို့ကတော့ မချစ်ပေါင် . . ."

ဇော်ဇော်သည် မမကို အသာကလေးဖက်ထားလိုက်သည်။ လတ်ဆတ်သော လေနုအေးအေးက သူတို့နှစ်ယောက်ကို ပွတ်တိုက်ကျီစယ်သွား၏။ ဇော်ဇော်သည် မမ၏မျက်နှာလှလှလေးကို စောင်းငဲ့ကြည့်လိုက်ချိန်တွင် မမကလည်း သူ့ကို ပြန်ကြည့်လေသည်။ မမ၏မျက်လုံးလေးတွေကို ရွှန်းလဲ့ကြည့်မြနေလေ၏။

BURMESE CLASSIC .com

ကြိုးစားလျက်

www.burmeseclassic.com